
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၉၀၀၁၁၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၅၀၉၀၉

●

ထုတ်ဝေသူ
ဦးကိုကိုမြင့်(သိန်းမင်းစာပေ)
အမှတ် (၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။


●

အတွင်းနှင့်အဖုံးပုံနှိပ်
ဦးကျော်ရင်၊ ရွှေခြင်္သေ့ပုံနှိပ်တိုက်(၀၅၄၁၇)
အမှတ် ၂၂၅၊ ၃၂ လမ်း၊ ရန်ကုန်မြို့။

●

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၀ ပြည့်နှစ်၊ ဧပြီလ
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၅၀၀ ကျပ်

၈၉၅.၈၃
ဘဘဒိုးဖြူ။
ပဲခူးရိုးမတောကျောက်ဂူကြီးထဲက မပုပ်မသိုးသေးသော မင်းသမီးရုပ်အလောင်း/ဘဘဒိုးဖြူ ။
- ရန်ကုန် ။
အင်ပါယာစာပေ၊ ၂၀၀၉။
(၃၂) စာ၊ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ
(၁) ပဲခူးရိုးမတောကျောက်ဂူကြီးထဲက မပုပ်မသိုးသေးသော မင်းသမီးရုပ်အလောင်း




www.burmeseclassic.com

www.burmeseclassic.com

(၁) သူ့အဖေ ဆင်ဦးစီးကိုသတ်သွားသော ကျားကိုအခဲမကျေ
ဖြစ်ပြီး ကျားများစွာကို လိုက်လံရှာဖွေပြီး သတ်ဖြတ်ခဲ့သော
ကျားမနိုင်ဘကွန်းအမည်ရှိ မုဆိုးကြီး တွေ့ရှိခဲ့သည့် ပဲခူးရိုးမ
တောကြီးအတွင်းက ကြီးမားသော ကျောက်ဂူကြီးတစ်လုံး။

(၂) သာယာဝတီမြို့နယ် အရှေ့ဘက် ရွှေလောင်းကန်ရွာအနီး
ပက်ဝန်းကျင်များမှထွက်ပေါ်လာသော ရှေးမြန်မာဘုရင်များ
လက်ထက်က အသုံးပြုခဲ့သည့် လောင်းလှေကြီးသုံးစင်း။

(၃) ပဲခူးရိုးမတောကြီးအတွင်းက ကျောက်ဂူကြီးကိုရှာဖွေဖို့
ရောက်လာတဲ့ ဘုန်းကြီးတစ်ပါးနဲ့ ဖိုးသူတော်

(၄) ငှက်ဖျားရောဂါဖြင့် နတ်ဘုံနတ်နန်းစံမြန်းသွားသော မြစိမ်း
ရောင်မင်းသမီးရဲ့အလောင်း မပုပ်မသိုးစေရန် သစ္စာဆိုခဲ့တဲ့
ဂေါ်သဇင်မင်းသား။

(၅) ယနေ့တိုင်မပုပ်မသိုးသေးသည့် ပဲခူးရိုးမတောကြီး အတွင်း
ကျောက်ဂူကြီးထဲက မြစိမ်းရောင်မင်းသမီး၏ရုပ်အလောင်း။

(၆) အံ့သြထိတ်လန့်စရာဖြစ်ရပ်ဆန်းကြယ်မှုများ

(၇) အုတ်ဂူမြို့အရှေ့ဘက် ပဲခူးရိုးမတောကြီးအတွင်း ကျောက်ဂူ
ကြီးထဲက မြစိမ်းရောင်မင်းသမီး၏ ရုပ်အလောင်းဆီ သင်
သွားရောက်ကြည့်ရှုနေရာသိသကဲ့သို့ အသည်း တယားယား
ရင်တဖိုဖိုခံစားရမည့် ဂမ္ဘီရဇာတ်လမ်း။



## အခန်း(၁)

### မုဆိုးကြီးကျားမနိုင်ဘကွန်းနှင့် ကျောက်ဂူကြီး

တစ်နေ့သ၌ ကျွန်ုပ်သည် သာယာဝတီမြို့အရှေ့ဘက် ကိုလူဝဲ ဆင်စခန်းသို့ တောအုပ်ကြီး ဦးစိုးလွင်၏ ဖိတ်ကြားချက်အရ အလည်အပတ်သွားရောက်ခဲ့လေ၏။ ကိုလူဝဲ ဆင်စခန်းသည် သာယာဝတီမြို့နှင့် (၂၅)မိုင်ခန့်ဝေးကွာလေ၏။ ကျွန်ုပ်သည် ငယ်စဉ်ကတည်းကပင် မုဆိုးအလုပ်ကို ဝါသနာပါခဲ့လေ၏။ ကျောင်းပိတ်သောရက်များတွင် လွယ်အိတ်ထဲတွင် လောက်စာလုံး ငါးဆယ်ခန့်ကိုထည့်ကာ လေးခွဖြင့် ချောင်းရိုးတစ်လျှောက်တွင် ငှင်တွေ့သမျှငှက်များကို [illegible]၏။ လယ်ကွင်းထဲသို့သွားကာ [illegible]ရှာအောင် ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ အမေက ဘာသာရေးကို အထူးကိုင်းရှိုင်းသူ ဖြစ်၍ ကျွန်ုပ် ငှက်ပစ်သည်ကိုမကြိုက်။ ရိုက်နှက်ဆုံးမပေမယ့် ကျွန်ုပ်က ခေါင်းမာသည်။ ကိုယ်တိုင်ပစ်၍ရသော ငှက်ကို အမွေး နုတ်ပြီး ကြော်စားရသောအရသာကို ထူးကဲလှသည်ဟု ထင်မိ၏။ အသက်နှစ်ဆယ်အရွယ်တွင် အရပ်ထဲမှ မုဆိုးလိုက်ဝါသနာပါသော ကိုရာကျော်နှင့်ကိုမြလွင်တို့ထံတွင် တပည့်ခံကာ ဒူးလေး ပစ်သင်၏။ တူမီးသေနတ်ကို ယမ်းတောင့်ထိုးနည်းကအစ ချိန်ရွယ်နည်းအလယ် ပစ်နည်းအဆုံး စနစ်တကျ သင်ကြား၏။ မိဘများမသိအောင် ကိုရာကျော် ကိုမြလွင်တို့နှင့် ပဲခူးရိုးမတောထဲသို့ အမဲပစ်လိုက်၏။ ဆယ်တန်းအောင်တော့ ကျောင်းဆရာအလုပ်ဝင် လုပ်ရင်း စာပေးစာယူဖြေ၏။ မြန်မာစာအဓိကဖြင့် ဒုတိယနှစ် ဘက်နေစဉ် ခင်တွယ်ရသော အဘိုးဖြစ်သူဆုံးပါးသွားသဖြင့် ကျောင်းစာကို စိတ်မဝင်စားတော့။ ဒုတိယနှစ်ကိုစာမေးပွဲဆက် မဖြေသလို ကျောင်းဆရာအလုပ်မှလည်း ထွက်လိုက်၏။

စိတ်လေနေသော ကာလဖြစ်၍ ကိုရာကျော်၊ ကိုမြလွင် တို့နှင့် ပဲခူးရိုးမတောအတွင်းမှာပင် အမဲလိုက်နေမိသည်။ အိမ်သို့ ပြန်ချင်မှပြန်၏။ အဖေက သူသဘောမကျသောအလုပ်ကိုလုပ်





သဖြင့် ကျွန်ုပ်ကို အိမ်ပေါ်မှနှင်ချလိုက်၏။ ထိုအခါ ကျွန်ုပ်သည် အဖေပိုင်ဆိုင်သော အရှေ့သပြေကုန်းရပ်ထဲမှ တစ်ဧကခန့်ကျယ် ဝန်းသည့် ခြံဝင်းတွင် တဲကလေးထိုးကာ သွားနေ၏။ နေဟာ... နေစရာအတွက် စိတ်မပူရတော့။ ကိုရာကျော်၊ ကိုမြလွင်တို့နှင့် ပဲခူးရိုးမအတွင်း အမဲလိုက်ပြီး သားကောင် သွားရောင်းသည်။ ကျွန်ုပ် ဝါသနာပါသော မုဆိုးဘဝကို အလိုလိုရရှိသွား၏။ တော တွင်းအတွေ့အကြုံနည်းပါးသေးသဖြင့် မိမိထက်ဝါရင့်သော မုဆိုး များထံမှ မုဆိုးပညာများကိုဆက်လက်ဆည်းပူးပြီး ပညာရှာနေမိ သည်။

ကျွန်ုပ်သည် ပဲခူးရိုးမအတွင်းသွားလာရင်း မြန်မာ့သစ် ထုတ်လုပ်ရေးစခန်းမှ ဝန်ထမ်းများနှင့် ခင်မင်လာရသည်။ မြန်မာ့ သစ်ထုတ်လုပ်ရေး ဆင်စခန်းများသည် ကျွန်ုပ်ခြေ့ေတစ်ထောက် နားခိုရာနေရာများ ဖြစ်လာခဲ့၏။

ဆင်လုပ်သားများက ဆင်တို့၏သဘာဝကို ကျွန်ုပ်နား လည်အောင် ရှင်းပြကြလေ၏။ ကျွန်ုပ်သည် ကိုလှူဝဲ ဆင်စခန်း သို့ ပထမဦးဆုံးအကြိမ်လာရောက် နေထိုင်ခြင်းလည်းဖြစ်လေ၏။ ကျွန်ုပ်ရောက်ရှိပြီးနောက် တစ်နေ့တွင် ကိုလှူဝဲ ဆင်စခန်းသို့



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးတစ်ဦး ရောက်ရှိလာသဖြင့် တောအုပ်ကြီးဦးစိုးလွင်က ကျွန်ုပ်နှင့်မိတ်ဆက်ပေးလေ၏။

'ကိုဘသိန်း… ဒါ မုဆိုးကြီး ကျားမနိုင်ဘကွန်း'

'ဗျာ… ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် မုဆိုးကြီး'

'ဦးဘကွန်း သူက မုဆိုးပေါက်စပေါ့၊ အမဲလိုက်တာ သိပ်ဝါသနာပါလို့ ဆင်စခန်းကိုလာနေတာ၊ သူ့ဆရာမုဆိုးတွေက မှားနေပေမယ့် သူက အမဲပဲပစ်ချင်နေတာ'

'ဩော်… အသက်က ငယ်ပါသေးတယ်၊ မြွေကိုက်လို့သေတဲ့ အလမ္ပာယ်ဆရာ ကျားကိုက်လို့သေတဲ့မုဆိုးဆိုတဲ့စကားကို မောင်ရင် ကြားဖူးတယ်မဟုတ်လား၊ ကိုယ်က သားကောင်ရဖို့ ချည်းတွက်နေလို့မဖြစ်ဘူး၊ ကိုယ့်အသက်ကို ရန်ရှာမယ့် သားကောင်ကိုလည်း သတိထားတတ်ရမယ်'

ကျားမနိုင်ဘကွန်းသည် အသက်ငါးဆယ်ဝန်းကျင်သာရှိသေး၏။ အရပ်အမောင်းကောင်း၏။ အားအင်ပြည့်ဖြိုး၏။ သန်မာသောအမျိုးသားကြီးတစ်ဦးဖြစ်၏။ သို့သော် မျက်နှာတွင် ရုပ်ရည်ကို အကျည်းတန်စေသော အစင်းကြောင်းအမာရွတ်များကို ကျွန်ုပ် တွေ့မြင်ရလေ၏။





ကျွန်ုပ်တို့ သာယာဝတီမြို့အနောက်ဘက်တွင် မြစ်ကမ်းနား တံငါရွာတစ်ရွာ၏ နာမည်သည် အလွန်ထူးခြားလေ၏။ 'ကျားမနိုင်ရွာ' ဟု အမည်တွင်လေ၏။ ဦးဘကွန်းသည် ကျားမနိုင်ရွာဇာတိဖွားဟုသာ ကျွန်ုပ်ထင်ခဲ့သည်။ မွေးဖွားရာဇာတိကို အစွဲပြုပြီး ကျားမနိုင်ဘကွန်းဟု ခေါ်ဆိုနေကြခြင်းဖြစ်မည်ဟု ကျွန်ုပ်ယုံကြည်နေခဲ့သည်။ ဦးဘကွန်းသည် ကွမ်းယာကို အလွန်ကြိုက်နှစ်သက်ပုံရလေ၏။ ကွမ်းယာကို တမြုံ့မြုံ့ဝါးရင်း စကားပြောနေလေ၏။

'ဦးလေးက မြစ်ကမ်းနား ကျားမနိုင်ရွာဇာတိလား'

BURMESE CLASSIC

ကျွန်ုပ်၏အမေးစကားကြောင့် ကျားမနိုင်ဘကွန်းက တဟားဟားနှင့် ရယ်နေ၏။ ကျွန်ုပ်အမေးစကားသည် ရိုးရိုးစင်းစင်းကလေးသာဖြစ်ပါချေ၏။ သူ ဘာကြောင့် ကောက်ကာငင်ကာ ရယ်မောနေသည်ကို ကျွန်ုပ်မှာ စဉ်းစားမရအောင်ပင်ဖြစ်နေလေ၏။ ဆင်လုပ်သားများ၏ မျက်နှာများသည်လည်း ပြုံးစိစိနှင့်ဖြစ်နေကြလေ၏။ ကျွန်ုပ်မှာ ကြောင်အန်းအန်းကြီးဖြစ်နေရလေ၏။ မေရိုးမေးစဉ်မေးမိသော စကားတွင် အမှားပါ၍သာ ရယ်ခြင်းဖြစ်လိမ့်မည်ဟု ကျွန်ုပ် ပြန်တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့ ရယ်နေတာလဲ ဦးလေးရဲ့၊ ကျွန်တော် ရယ်စရာ မပြောမိပါဘူး'

'ငါက မင်းပြောတဲ့ မြစ်ကမ်းနား ကျားမနိုင်ရွာသားမှ မဟုတ်တာ၊ သာယာဝတီမြို့ ကျောင်းစုရပ်ထဲမှာ မွေးတယ်၊ တောထဲတောင်ထဲမှာ ကြီးပြင်းလာခဲ့ရတယ်၊ ငါ့အဖေကဆင်ဦးစီး ဦးထွန်းစိန်'

'ဦးလေးကို ဘာလို့ကျားမနိုင်ဘကွန်းလို့ ခေါ်တာလဲ'

'ကျားမနိုင်ဆိုတဲ့ဘွဲ့ကို အသက်နဲ့ရင်းပြီးယူခဲ့ရတာကိုး'

'ဟာ… ဦးလေးအကြောင်းကို ကျွန်တော် စိတ်ဝင်စားသွားပြီ၊ ကျားမနိုင်ဆိုတဲ့ ဘွဲ့ကိုဘယ်လိုရယူခဲ့ရတယ်ဆိုတာ ကျွန်တော်သိအောင် ပြောပြပါလား'

'အင်း… မင်းက သိချင်တော့လည်း ပြောပြရတာပေါ့ကွာ၊ ဒီလိုကွ…'

*





ဘကွန်း၏ အဖေ ကိုထွန်းစိန်က ပဲခူးတိုင်း၊ ပြန်တန်ဆာမြို့နယ်၊ ချောင်းအင်းရွာသား။ ဦးလေးတော်သူ တောအုပ်ဦးဉာဏ်လွင်၏ ကျေးဇူးကြောင့် ကိုထွန်းစိန်က ဝါရင့်ဆင်ဦးစီးများနှင့်တွဲဖက်တာဝန်ထမ်းဆောင်ရင်း ဆင်ဦးစီးဖြစ်လာခဲ့၏။ ကိုထွန်းစိန်က သူထိန်းရသော ဆင်ထီးကြီးအောင်ကျော်ကို သားသမီးအရင်းပမာ ချစ်ခင်သည်။ လုပ်ငန်းခွင်ဝင်သည့်အခါ အောင်ကျော်ကို ချော့မော့၍ခိုင်းစေသည်။ အောင်ကျော်ကလည်း အချော့ကြိုက်၏။

'သားကြီး အောင်ကျော်… မင်း ပင်ပန်းနေပြီလား၊ သား ခဏနားဦးနော်၊ ပြီးရင် ဟိုသစ်လုံးပုံကို ပြီးအောင်တော့သယ်ပေးဦး၊ အလုပ်မပြီးရင် အဖေ အဆူအကြိမ်းခံနေရဦးမယ်'

'ရှူး'

'အေးပါကွာ၊ ငါ့သားလိမ္မာမှန်း အဖေက သိပြီးသားပါ၊ ငါ့သားလိမ္မာတာကို ဆင်ဦးစီး စောသာခွီးတို့က မနာလိုဖြစ်နေကြတာ၊ ငါ့သားကလိမ္မာတော့ အဖေ စိတ်ချမ်းသာရတာပေါ့ကွာ'

အောင်ကျော်က သစ်ပင်ရိပ်တွင် ဝပ်ချလိုက်၏။ ကိုထွန်းစိန်က အောင်ကျော်၏ နှာမောင်းကို တယုတယသပ်ပေးရင်း ပြောနေသည်။ အောင်ကျော်က ဦးခေါင်းကို နိမ့်ချီမြင့်ချီလုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းစိန်၏စကားကို နားလည်သယောင်ပင်။ ၁၅ မိနစ်ခန့် ကြာတော့ ကိုထွန်းစိန်က အောင်ကျော်၏ ဦးကင်းကိုကိုင်ကာ

'ကဲ… သားကြီးလည်း အမောပြေရောပေါ့၊ သစ်လုံးတွေ သယ်ရအောင်၊ တော်ကြာဆိုရင် နေဝင်တော့မယ်သားကြီးရဲ့'

ဟုဆိုကာ ဦးကင်းပေါ်သို့ တက်ထိုင်၏။ အောင်ကျော်က ဖြည်းညှင်းစွာထ၏။

'ဟဲ့… ကောင်လေး ထတာနှေးကွေးလိုက်တာ၊ အဘိုးကြီးကျနေတာပဲ အဟားဟား'

'ဂူး… ဂူး'

'ဒီကောင်လေး အဖေ့ကို ပြန်ပြောနေတာလား၊ မကြိုက်ဘူးနော်'

အောင်ကျော်က သစ်လုံးပုံရှိရာသို့ ခြေလှမ်းကြဲကြီးဖြင့် သွားလေ၏။

'ဘာလဲ အဖေကြိမ်းလို့ စိတ်ဆိုးသွားသလား၊ ကောင်လေးနော်'

ကိုထွန်းစိန်က သာယာဝတီမြို့ သစ်ထုတ်လုပ်ရေးကြိုးဝိုင်းသို့ အောင်ကျော်နှင့်အတူ ပြောင်းရွှေ့လာခဲ့ရ၏။ ထိုနှစ်မှာပဲ





ကျောင်းစုရပ်ထဲမှ မတင်အေးနှင့် ကိုထွန်းစိန်အိမ်ထောင်ကျသည်။

'မတင်အေး… နင် ဆင်စခန်းကို ငါနဲ့အတူလိုက်နေရတာ စိတ်ထဲမှာ ပျော်ရဲ့လား၊ တောထဲတောင်ထဲမှာဆိုတော့ နင် ပျင်းရှိနေမလားလို့'

ကိုထွန်းစိန်က မတင်အေးကို မေး၏။

'သျှောင်နောက်ဆံထုံးပါရတာပဲ ကိုထွန်းရဲ့ယ်၊ ဒီမှာ ဆင်လုပ်သား မိသားစုတွေက ကူညီရိုင်းပင်းကြတာမို့ ပျော်စရာကောင်းပါတယ်'

မတင်အေးက 'ဘကွန်း' ဆိုသည့် ရင်သွေးလေးကို ကိုယ်ဝန်ဆောင်ထားစ ကာလကတည်းက ကျန်းမာရေးမကောင်း၊ ထို့ကြောင့် ကိုထွန်းစိန်က မတင်အေးကို သူ့မိဘထံသို့ ပို့ထားပြီး ဆေးဝါးကုသစေသည်။ ထိုအချိန်တွင် ဆင်ထီးအောင်ကျော်ကလည်း ဆင်စခန်းမှ ဆင်မ အေးကြည်စိန်နှင့် ဝါရင့်ဆွာန်တို့ သဘာဝချစ်ကြည်သွားသည်။ ယခုဆိုလျှင် ဆင်မအေးကြည်စိန်မှာလည်း ကိုယ်ဝန်ကြီးနှင့်ဖြစ်သည်။ ဆင်လုပ်သားများအလှည့်ခဏနားနေကြစဉ် ကိုထွန်းစိန်က…

'သားကြီး အောင်ကျော်ရယ် ငါ့မိန်းမ မတင်အေးက

www.burmeseclassic.com



လည်း ကိုယ်ဝန်ကြီးနဲ့၊ မင်းမိန်းမ အေးကြည်စိန်ကလည်း ကိုယ်ဝန်ကြီးနဲ့၊ ဒါပေမဲ့ ငါ့မိန်းမ မတင်အေးက မကျန်းမာဘူး' ဟု ပြောသည်။

အောင်ကျော်က အမောအပန်းဖြေနေရှာသည်။ ကိုထွန်းစိန်က အောင်ကျော်၏ နှာမောင်းကို လက်ဖြင့်တယုတယသပ်ပေးနေသည်။

'အဖေပြောတာ ကြားရဲ့လား သားကြီးရဲ့'

'ဟူး'

အောင်ကျော်က နှာမောင်းကို ဆန့်တန်းရပ်အော်သည်။

'အေး… ဟုတ်တယ် သားကြီးရဲ့၊ ယောကျ်ားဖောင်စီးမိန်းမမီးနေတဲ့၊ အန္တရာယ်များတယ်၊ ငါ့မိန်းမအတွက် ငါစိတ်ပူနေမိတယ်၊ ဒီမှာအလုပ်လုပ်နေရပေမယ့် ငါ့စိတ်က ငါ့မိန်းမဆီကို ရောက်နေတာ'

'ဟူး'

'အေးကြည်စိန်က ကျန်းမာရွှင်လန်းပါတယ်ကွာ၊ မကြာခင်မှာ ငါလည်း ဖခင်တစ်ယောက်ဖြစ်တော့မယ်၊ မင်းလည်း ဖခင်ဖြစ်တော့မယ်၊ ထ… ထ… သားကြီး လုပ်ငန်းခွင်ပြန်ဝင်ကြစို့'





ကိုထွန်းစိန်က အောင်ကျော်၏ ဦးတင်းပေါ်တွင် ထိုင်ကာ ငြိမ့်ငြိမ့်ကလေးပါသွားသည်။

'ကိုထွန်းရဲ့ သားကြီး အောင်ကျော်ကတော့ သိပ်လိမ္မာတာပဲဗျာ၊ ခင်ဗျားပြောတဲ့စကားကို သိနားလည်တဲ့အတိုင်းပဲ၊ ကျွန်တော်ခိုင်းနေရတဲ့ ဆင်ကတော့ ခေါင်းမာတယ်၊ ချွန်းအုပ်ပြီး ခိုင်းနေရတာ မစားသာဘူး'

ဆင်ဦးစီး စောလခုတ်က မျက်နှာရှုံ့မဲ့ပြီးပြော၏။

'ကျွန်တော်က အောင်ကျော်ကို ငယ်ငယ်ကတည်းက ထိန်းကျောင်းလာခဲ့တာ၊ ကျွန်တော် ပြောတဲ့စကားကို နားလည်ချင်သည်း နားလည်မှာပေါ့'

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့'

ကိုထွန်းစိန် သစ်တောကြိုးဝိုင်းထဲ၌ အလုပ်ဝင်နေစဉ်…

'ဖြန်း' သူ့ကျောပြင်ကို လက်ဝါးကြမ်းကြီးဖြင့် အရိုက်ခံရသလို ကျောပြင်တစ်ခုလုံး ပူစပ်သွားသည်။ သူ့ဘေးပတ်လည်တွင် သူ့ကိုထိရိုက်စရာ သစ်ကိုင်းခြောက်တွေလည်းမရှိ။ ကိုထွန်းစိန် မကြောက်တတ်ဘဲ ကြက်သီးများထသွား၏။ ကိုထွန်းစိန်သည် အောင်ကျော်ကို သစ်လုံးများရှိရာသို့ မောင်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



'ကိုထွန်း... အား... အောင်မလေး... ကယ်ပါဦး'

ကိုထွန်းစိန်၏ နားထဲတွင် သူ့မိန်းမ မတင်အေး၏ ခေါ်သံနှင့် ညည်းညူသံကို ကြားလိုက်မိသည်။ ကိုထွန်းစိန်သည် သွားနေသော အောင်ကျော်ကို ရပ်ခိုင်းလိုက်၏။ အောင်ကျော်က ရပ်နေပြီး နှာမောင်းကိုလှန်ကာ ကိုထွန်းစိန်ကို နမ်းနေ၏။

'ငါစိတ်ထဲ စွဲလမ်းနေလို့ဖြစ်မှာပါ'

ကိုထွန်းစိန်သည် အောင်ကျော်ကို ရှေ့သို့ဆက်သွားရန် အထာပြလိုက်၏။ အောင်ကျော်က တစ်လှမ်းချင်းသွားနေသည်။ ကိုထွန်းစိန်၏ နှာခေါင်းထဲတွင် ဆန္ဒင်းနံ့များ ထုံမွှန်းလာ၏။ ကိုထွန်းစိန်က နှာခေါင်းကို ရှုံ့ပြီး အနံ့ခံကြည့်သည်။ မိန်းမမီးနေသည့်အနံ့တွေက သူ့နှာခေါင်းထဲသို့ ဝင်လာသည်။

'အူဝဲ... အူဝဲ'

ကလေးငယ်သံကို သူ့နောက်မှ ကြားလိုက်ရ၏။ သည်တောသည်တောင်ထဲတွင် ကလေးငယ်၏ ငိုသံကိုကြားစရာ အကြောင်းမရှိ။ ကိုထွန်းစိန်၏ စိတ်တွေ လေးလံထိုင်းမှိုင်းသလို ခံစားလာရသည်။

'မ... မတင်အေး... ကျန်းမာချမ်းသာပါစေ၊ ဘာများ ဖြစ်နေကြသလဲ'





ကိုထွန်းစိန်သည် နှုတ်မှ ဂါထာတိုးရွတ်နေမိ၏။ ထိုစဉ် ာင်ကျော်က ရှေ့သို့သွားနေရာမှ ကောက်ကာငင်ကာ ခေါင်း ည့်ပြီး ဆင်စခန်းဘက်သို့ သွားသည်။ ကိုထွန်းစိန်မှာ ားမိဘဲ အလိုက်သင့်ပါလာမိသည်။

'ဟင်'

မတင်အေး၏ အစ်ကို ကိုအေးနိုင်က ဆင်စခန်းသို့ တ်နေသည်။

'ကိုအေးနိုင်... မတင်အေး မွေးဖွားလို့လာပြောတာ း'

'ဟုတ်တယ် ထွန်းစိန်၊ ငါ့ညီမ သားဦးလေးမွေးတယ်'

ကိုအေးနိုင်အသံကတစ်မျိုးဖြစ်နေမှန်း ကိုထွန်းစိန် သိ တ်၏။

'မတင်အေးရော နေကောင်းရဲ့လား'

ကိုထွန်းစိန်က အောင်ကျော်၏ ကိုယ်ပေါ်မှဆင်းရင်းမေး ည်။

'ညီမလေး မီးဖွားပြီး မကြာခင်မှာ ဆုံးသွားလို့ မင်းကို ခေါ်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

ကိုထွန်းစိန်၏ ခန္ဓာကိုယ်သည် ယိုင်လဲမလိုဖြစ်သွ
လေ၏။

'ဟော့··· ထွန်းစိန်၊ သတိထားဦးလေကွာ'

ကိုအေးနိုင်က ကိုထွန်းစိန်၏ ပခုံးကို ဖက်ထားလေ၏
ကိုထွန်းစိန်က တောခေါင်းကြီးထဲသို့ သတင်းပို့ပြီး သာယာဝ
ကျောင်းစုရပ်သို့လိုက်လာခဲ့၏။ မိတဆိုးသားလေးကို တွေးပွေ့
ကိုထွန်းစိန် ငိုနေမိသည်။ ဝမ်းနည်းကြေကွဲခဲ့ရသည်။ မတင်အေ
အသုဘရက်လည်သည့်နေ့တွင် ကိုထွန်းစိန်နှင့် မတင်အေးမိ
များသည် သားလေး၏ဘဝရှေ့ရေးအတွက် အခြေအတင် ဆွေ
နွေးခဲ့ရသည်။

'ကျုပ်တော့မှာ ခင်တွယ်စရာဆိုလို့ ဒီသားလေးပဲရှိတေ
တာ'

ကိုထွန်းစိန်၏ အသံက ဆို့နစ်နေသည်။

'ဟုတ်ပါတယ်၊ မင်းရဲ့ရင်ထဲမှာ ဘယ်လောက်ခံစား
ရမယ်ဆိုတာလည်း ငါတို့သိပါတယ်၊ ဒါပေမဲ့ ကလေးက နုန
သေးတယ်၊ တောထဲတောင်ထဲကို ခေါ်သွားလို့ ဘယ်ဖြစ်မ





ကလေးအရွယ်ရောက်လာရင်တော့ မင်းသဘော'

ကိုထွန်းစိန်ကို အားလုံးက ဝိုင်း၍ တောင်းပန်ကြ၏။ ကိုထွန်းစိန်က သူ့သားလေး၏ ဘဝရှေ့ရေးကိုတွေးပြီး သူ့ဆန္ဒကို အလျှော့ပေးခဲ့ရသည်။ ကိုထွန်းစိန်သည် ဆင်စခန်းသို့ပြန်လာခဲ့ရသော်လည်း သားလေးကိုသာ လွမ်းနေမိ၏။ သွားလည်းသားစိတ်၊ စားလည်းသားစိတ်ဖြစ်နေသည်။

ဆင်မ အေးကြည်စိန်က ဆင်ထီးလေးမွေးသဖြင့် ဆင်ခန်းမှ လူအားလုံး ဝမ်းသာနေကြသည်။ အဟိတ်တိရစ္ဆာန်ဖြစ်သည့် ဆင်ထီးအောင်ကျော်က ဘာမှမခံစားရသည့်အတိုင်းပင်။

'အောင်ကျော် မင်းက ဘယ်လိုမှမခံစားရပေမယ့် ငါ့ရင်ထဲမှာတော့ တင်းကျပ်နေအောင် ခံစားနေရတယ်ကွာ၊ ဟိုဆင်ပေါက်လေးဟာ မင်းရဲ့သားလေကွာ၊ ငါ့သားလေးကတော့ ဟိုးအဝေးဆီမှာ ငါ့သားလေးကို သတိရလိုက်တာ'

ကိုထွန်းစိန်က ဆို့နစ်သောလေသံဖြင့် ပြောသည်။ ကိုထွန်းစိန်က အလုပ်အားသည့်အခါတိုင်း သူ့သားလေးကို သွားတွေ့၏။ ဆင်စခန်းမှ ဆင်လုပ်သားမိသားစုများက ကိုထွန်းစိန်ဘဝကို စာနာသည်။ ကူညီရိုင်းပင်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ရာသီတွေအလီလီပြောင်းလဲလာခဲ့သည်။ ကိုထွန်းစိန်၏ သား ဘကွန်းသည်ပင် (၁၀)တန်းအောင်ခဲ့ပြီ။ ကိုထွန်းစိန်က သူ့သားဘကွန်း (၈)တန်းကျောင်းသားဘဝကတည်းကပင် နွေရာသီကျောင်းပိတ်သည်နှင့် ဆင်စခန်းသို့ခေါ်ထားတတ်သည်။ ကျောင်းပြန်ဖွင့်ကာနီးမှ ဘကွန်းကို သူ့အဘိုးအဘွားများနေသည့် ကျောင်းစုရပ်သို့ ပြန်ပို့သည်။ ဘကွန်းသည် ဆင်ထီးအောင်ကျော်နှင့် ရင်းနှီးနေပေပြီ။ အောင်ကျော်ကိုစီးပြီး သစ်တောကြိုးဝိုင်းအတွင်းသို့ လည်ပတ်နေတတ်ပြီ။ တောခေါင်းကြီးက ဘကွန်းကိုချစ်၍ ဆင်စခန်းရုံးခန်းတွင် စာရေးအဖြစ် ခန့်ထားသည်။ ကျောင်းသားဘဝမှ လုပ်ငန်းခွင်သို့လာသူဖြစ်၍ လုပ်ငန်းသင်အဖြစ် ဆောင်ရွက်ရင်း ဘကွန်းက ဆင်ထိန်းသည်။ ဘကွန်းက သူ့အဖေကဲ့သို့ ဆင်ဦးစီးတစ်ယောက်သာ ဖြစ်ချင်သည်။

'ငါ့သားက ပညာတတ်ကြီးတစ်ယောက်ဖြစ်အောင်သာကြိုးစားစမ်းပါကွာ၊ ဘွဲ့ရတော့ တောခေါင်းကြီးတို့လို အရာရှိဖြစ်အောင် လုပ်ပေါ့၊ အဖေတို့ဆင်ဦးစီးဘဝက ပင်ပန်းတယ်၊ အသက်အန္တရာယ်များတယ်၊ မလုပ်ချင်ပါနဲ့ ငါ့သားရယ်'

ဦးထွန်းစိန်က သားဖြစ်သူကို နားချသည်။





'အခုတလော အောင်ကျော် ဘာဖြစ်နေသလဲ မသိဘူး၊ တမျိုးကြီးပဲနော် အဖေ'

ဘကွန်းစကားကြောင့် ဦးထွန်းစိန်က တဟားဟားနှင့် ရယ်မောနေသည်။

'ဘာရယ်တာလဲ အဖေရ'

ဘကွန်းက ဝေခွဲရခက်သွားသဖြင့်မေးသည်။

'ကောင်လေး... မင်း ဘာမှမသိဘဲနဲ့ကွာ'

'ဘာမသိတာလဲ အဖေရဲ့'

'မင်းအောင်ကျော်က မုန်ယိုနေတာလေ'

'မုန်ယိုနေတာ'

'အေး... ဟုတ်တယ်၊ သူတို့မုန်ယိုနေရင် သတိထားရတယ်၊ ဆင်ဦးစီးကို ဒုက္ခပေးတတ်တယ်၊ ဆင်ဦးစီး ဆင်လုပ်သားတွေဆိုတာ သူတို့သဘာဝကိုလည်း နားလည်ထားဦးမှကွ၊ အောင်ကျော်ကြီး မုန်ယိုနေတာကို တောခေါင်းကြီးကိုတင်ပြထား ပြီးပါပြီ၊ ဒီကောင်ကြီးဆန္ဒ ပြည့်ဝသွားအောင် တောထဲမှာလွှတ်ပေးထားရဦးမယ်၊ အောင်ကျော့်သား ထောက်ကျော်လေ၊ သားထက် တစ်လနဲ့ ကိုးရက်ပဲငယ်တာ၊ သူလည်း (၁၇)နှစ်သားအရွယ်ကွ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟုတ်သလား'

'ဟုတ်တယ် သားရဲ့၊ ထောက်ကျော်ကို ဆင်မအေး ကြည်စိန်က မွေးတုန်းက ဆင်စခန်းတစ်ခုလုံးက လူတွေ ပျော်ရွှင်နေလိုက်ကြတာလေ၊ အင်အားတိုးလာတာကိုး'

ဦးထွန်းစိန်က ဆင်ထီးအောင်ကျော်ကို သူတို့သဘာဝ အရ တောထဲတွင် လွှတ်ပေးထားလိုက်သည်။ ဆင်ထီးများသည် တောတောင်အတွင်း သွားလာကျက်စားရင်း ဆင်မနှင့် အိမ်ထောင် မှုကိစ္စကို ချစ်ခင်ကြင်နာစွာ ဆောင်ရွက်ကြသည်။ (ဆင်တို့မေထုံ မှိဝပုံကိုတော့ မဖော်ပြလိုတော့ပေ) အချိန်အခါသင့်သည့်အခါ ဆင်ဦးစီးက မိမိ၏ဆင်ကို တောထဲ၌ လိုက်လံရှာဖွေပြီး ဆင် စခန်းသို့ ပြန်ခေါ်လာရသည်။

'အင်း… သားကြီးကတော့ ပျော်နေမှာပဲနော်၊ အဖေက ငါ့သားကိုတောထဲလွှတ်ပေးထားရတဲ့ ကာလမှာ သတိရပြီး မျက် ရည်ဝဲမိတယ်'

ဦးထွန်းစိန်က အောင်ကျော်၏ နှာမောင်းကိုပွတ်သပ်ပေး ရင်း ပြောသည်။ အောင်ကျော်က နားလည်သယောင်ခေါင်းညိတ် နေသည်။ ဦးထွန်းစိန်က သဘောကျပြီး တဟားဟားနှင့် ရယ်နေ သည်။





တစ်နေ့ ဦးထွန်းစိန်က အောင်ကျော်ကို စီး၍ တောထဲ သို့ လာခဲ့၏။ ဘကွန်းက ရုံးခန်းထဲတွင် စာရင်းဇယားများကို ရေးမှတ်နေသည်။ သူ့အဖေ ဦးထွန်းစိန်တောတွင်းထဲသို့ ထွက် သွားသည်ကို ဘကွန်းမသိလိုက်။

ဦးထွန်းစိန်က တောတွင်းထဲမှ တောတိရစ္ဆာန်များ၏ သဘာဝကို ကြည့်ရှုလေ့လာရင်း သစ်ပင်ပေါ်မှ သစ်ခွပန်းများကို ခိုတ်ခူးနေသည်။ တောတွင်းထဲမှ သစ်ခွပန်းများသည် အလွန်လှပ သည်။ ဦးထွန်းစိန်က သစ်ခွဥများကို ဆင်စခန်းသို့ ယူလာတတ် သည်။ ကျောင်းရပ်ထဲမှ ယောက္ခမများ၏ အိမ်သို့ ပို့ပေးပြီး စိုက်ပျိုးထားစေသည်။

ဦးထွန်းစိန်သည် တောနက်တွင်းသို့ ရောက်လာသည်။ သူလာရာလမ်းလက်ယာဘက် တောင်ကုန်းကလေးပေါ်တွင်ရှိ သော ကိုးတောင်ပြည့်ကျားကြီးက ချောင်းမြောင်းနေသည်ကို ဦးထွန်းစိန် မသိ။ တောင်ကုန်းကလေးအနားသို့ ရောက်လာသည်။ ဦးထွန်းစိန်က တစ်ဖက်သို့လှည့်နေသဖြင့် ကျောပေးထားသလို ဖြစ်နေသည်။

'ဝေါင်း'



www.burmeseclassic.com

www.burmeseclassic.com



ကျားက တောင်ကုန်းကလေးပေါ်မှ အရှိန်ပြင်းစွာ ဦးထွန်းစိန်ကို ခုန်အုပ်သည်။ ဆင်၏ဦးကင်းပေါ်တွင် ဒူးက ကို ထောက်ကာ ဟိုကြည့်သည်ကြည့်နေသော ဦးထွန်းစိန် မြေပြင်ပေါ်သို့ ဒလိမ့်ကောက်ကွေးကျသွားသည်။ ကျား ဦးထွန်းစိန်မှာ ထွေးလုံးရစ်နေသည်။ ကျားက ဦးထွန်းစိန် မျက်နှာကို လက်သည်းဖြင့် ကုတ်သည်။ မျက်နှာမှ သွေးမျ ယိုစီးကျလာသည်။ ဦးထွန်းစိန်က ကျား၏ခန္ဓာကိုယ်ကို အင်အ ရှိသမျှ ဆောင့်တွန်းသည်။ ခါးကြားမှ ဓားမြှောင်ကို ဆွဲထုတ် ကျား၏ဝမ်းဗိုက်ကို ထိုးနေပေမယ့် လှုပ်ရှားရုန်းကန်နေရသဖြ ထိချက်က မပြင်း။ ဦးထွန်းစိန် မောဟိုက်လာသည်။ သတ္တ နှင့် သူ့အင်အားကမမျှ။ အောင်ကျော်က တဂူးဂူးနှင့်သာ အော နေသည်။

'သားကြီး အဖေ့ကို ကူညီတိုက်ခိုက်ပေးဦး'

'ဂူး'

'ဝေါင်း'

အောင်ကျော်က ရှေ့သို့မရဲတရဲတိုးလာသည်။ ကျား အောင်ကျော်ကို လက်သည်းဖြင့် လှမ်းကုတ်ပြီး မာန်ဖီနေသည်





'ဂူး'

ကျား၏လက်သည်းက အောင်ကျော်၏ နှာမောင်းကို ကုတ်ခြစ်မိသွားသည်။ အောင်ကျော်က ကျားကိုနှာမောင်းဖြင့် ရိုက်သည်။

'ဝေါင်း'

ကျားကလက်သည်းဖြင့် လှမ်းကုတ်ရင်း ဦးထွန်းစိန်ကို ချက်ကောင်းကိုက်ရန်အကွက်ချောင်းနေသည်။

*

ဦးထွန်းစိန်က တစ်ကိုယ်လုံးတွင် သွေးသံရဲရဲနှင့် ဆင်စခန်းထဲသို့ ဝင်လာသည်။ ညမိုးချုပ်အချိန်မို့ မည်သူမှ သတိမထားမိကြ။ ဆင်လုပ်သားမိသားစုများက ထမင်းစားနေကြသည်။ ဦးထွန်းစိန်က သူနေထိုင်သော တဲတန်းလျားပေါ်သို့ တက်လာသည်။ တစ်ကိုယ်လုံးနီရဲနေသော ဦးထွန်းစိန်ကို တွေ့သော မသောင်းရင်က ငုတ်တုတ်ကြီးမေ့မျောနေသည်။ ဦးထွန်းစိန်က အခန်းထဲသို့ ဝင်လာသည်။ ဘကွန်းက စာရင်းရေးနေရာမှ ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



ကြားသဖြင့် နောက်ဘက်သို့လှည့်ကြည့်လိုက်မိသည်။ သွေးတွေလူးနေသော လူတစ်ယောက်။ ဟန်ပန်အမူအရာက သူ့အဖေနှင့်တူနေ၏။ သို့ပေမယ့် မျက်ဝန်းထဲမှာ မျက်လုံးနှစ်လုံးမရှိ။ ပါးစပ်ကြီးက ရွဲ့စောင်းနေသည်။ ဘကွန်းက သူ့အဖေကိုကြည့်ပြီး သွေးမျက်သွား၏။

'ဟာ… အဖေ… အဖေ'

'ဒုန်း'

ဘကွန်း ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ်ကျသည်။

'ဟော့… ဘကွန်း ဘာဖြစ်တာလဲ'

ရှုံးခန်းထဲတွင် စာဖတ်နေသော တောခေါင်းကြီးက လှမ်းကြည့်ပြီး…

'ဟင်… ဘာကွန်း၊ ကွပ်ပျစ်ပေါ်မှာ- အိပ်နေရင်းက လိမ့်ကျတယ်လို့ကွာ'

'ကျွန်… ကျွန်တော့်အဖေ'

'မင်းအဖေ အောင်ကျော်ကိုစီးပြီး တောထဲသွားတယ်'

'ဟင်… ကျွန်တော့်အဖေ ဘာဖြစ်နေပြီလဲ မသိဘူး'

'အဖေ့တစ်ကိုယ်လုံးမှာ သွေးသံရဲရဲတွေနဲ့ မျက်စိနှစ်လုံး





ကလည်းမရှိဘူး၊ ဆင်စခန်းကို ပြန်လာတယ်လို့ အိပ်မက်မက်လို့'

'မင်းက ညနေစောင်းမှ အိပ်ပျော်သွားပြီး အိပ်မက်မက်နေတာကိုး'

အောင်ကျော်က ဆင်စခန်းသို့ တဟုန်ထိုးပြေးဝင်လာသည်။

'ဟာ… ဟိုမှာအောင်ကျော်တစ်ကောင်တည်း တောထဲက ပြန်လာတယ် ဦးထွန်းစိန် ပါမလာဘူး'

ဆင်ထိန်း စောသာထူးက ထင်သန်း၏ တန်းလျားဘက်သို့ အော်ပြောသည်။ ဘကွန်းက စောသာထူး၏အသံကိုကြား၍ ရှုံးခန်းထဲမှ ပြေးထွက်လာ၏။

'အဖေ ပါမလာဘူး'

'ဟုတ်တယ် ဘကွန်း၊ မင်းအဖေတော့ တောထဲမှာ အန္တရာယ်တစ်ခုခုတစ်ရာနဲ့ တွေ့ကြုံနေရပြီထင်တယ်'

'ဟင်'

ဘကွန်းသည် ဆင်ထီးအောင်ကျော်၏ အနားသို့ ပြေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



‘ဟာ… အောင်ကျော် မျက်ဝန်းထဲမှာ မျက်ရည်တွေ ကျနေပါလား’

ဆင်ထိန်းစောသာထူးက တောခေါင်းကြီးကိုသွား၍ ပြော သည်။ တောခေါင်းကြီးက ဆင်စခန်းမှ ဆင်ဦးစီးများကို ခေါ်ပြီ

‘တောတွင်းထဲမှာ ဦးထွန်းစိန်ကို သွားရှာကြမယ်၊ အချိန် က ညနေ (၄)နာရီကျော်နေပြီ၊ လက်နှိပ်ဓာတ်မီးတွေ ယူလာခဲ့ ကြနော်’

တောခေါင်းကြီးဦးဆောင်ပြီး ဆင်ငါးကောင်တွင် ဆင်ဦး စီးငါးဦးထိန်းစေလျက် တောတွင်းထဲသို့ လာခဲ့ကြ၏။ ဘကွန်း ဆင်ဦးစီး ဦးသန်းထွေးနှင့်အတူ လိုက်ပါလာသည်။ ဘကွန်းသည် သူ့အဖေအတွက် စိုးရိမ်နေမိသည်။ သူ့ရင်ထဲမှ ရင်ခုန်သံသည် မြန်နေ၏။

‘အဖေ ဘာမှမဖြစ်ပါစေနဲ့’

နာရီပိုင်းအတွင်းတပင် ဘကွန်းအိပ်မက်ဆိုးများမက် သည်။ ယခု ဆင်စခန်းသို့ အောင်ကျော်တစ်ကောင်တည်း ပြ လာပြီး သူ့အဖေပါမလာဘူးဆိုတော့ စိတ်ထဲမှာ ဆောက်တည် မရဖြစ်နေရလေ၏။ ဘကွန်းက သူ့အဖေဘေးကင်းရန် အခါ





ဆုတောင်းနေမိသည်။ တောနက်ထဲသို့က ရောက်လျှင် မှောင်စ ပြိုးလာသည်။ ကျေးငှက်များ၏ အိပ်တန်းတက်သော အော်မြည် သံများသည် တောတွင်းထဲတွင် ဆူညံနေ၏။ သစ်ပင်ရိပ်ကြီးများ ကြောင့် တစ်ခဏအတွင်းမှာပင် မှောင်အတိဖြစ်သွားသည်။ ဆင် ပေါ်မှ လက်နှိပ်ဓာတ်မီးဖြင့် ဟိုသည်ထိုးကြည့်ကြသည်။

‘သား… ဘကွန်း… ဘကွန်း’

ဘကွန်း၏ နားထဲတွင် သူ့အဖေ၏ခေါ်သံကို ကြားလိုက် ရ၏။

‘ဟော… ကျွန်တော့်အဖေက ကျွန်တော့်ကို အော်ခေါ်နေ တယ်’

‘ဟင်… ဘယ်နားက အသံကြားတာလဲ ဘကွန်း’

‘ဟိုးရှေ့နားက၊ ဦးသန်းထွေး မကြားဘူးလား’

‘ဘာမှမကြားမိပါဘူးကွာ’

‘ဟော့ကောင်… ဘကွန်း၊ တောထဲတောင်ထဲမှာ ခေါ်သံ ကြားတာနဲ့ လျှောက်မထူးနဲ့၊ ဒုက္ခများသွားမယ်၊ ငါတို့ဘာသံမှ မကြားမိဘူး’

သစ်ပင်များပေါ်မှ ကျေးငှက်များက ဆင်တောတိုးသည့်



www.burmeseclassic.com

www.burmeseclassic.com



အသံကြောင့် လန့်ဖြန့်ပြီး အော်မြည်နေကြသည်။

'ဖြန်း'

'အောင်မလေးဗျ'

'အင့်... ဟော့... ပုညု မင်းက ဘာဖြစ်နေတာလဲ'

'ကျောကုန်းကို လက်ဝါးကြီးနဲ့ အရိုက်ခံရသလို ခံလိုက်ရတယ်ဗျ'

'သစ်ပင်က သစ်ကိုင်းရိုက်တာ မဟုတ်ဘူးလား'

'မဟုတ်ဘူး၊ လက်ဝါးနဲ့ အရိုက်ခံရတာ'

'ဟင်း... ဒီကောင် အရက်တွေဘာတွေသောက်လာပြီး စိတ်ထင်ရာတွေ ပြောနေတာလား'

တောခေါင်းကြီးက ဆင်ဦးစီးပုညကို မကျေနပ်သံဖြင့် ပြောသည်။ ဘကွန်း၏ ရင်ထဲမှာ ပူလောင်နေသည်။ တောနက်ထဲသို့ ရောက်မှန်းမသိ ရောက်လာသည်။

'အား... ဟား... ဟား... ဟား'

ရှေ့နားဆီမှ ညည်းညူသံလိုလို ရယ်မောသံလိုလို အသံကြီးကို တောခေါင်းကြီး၊ ဘကွန်းနှင့် ဆင်ဦးစီးများ ကြားလိုက်ရသည်။





'ဦးထွန်းစိန်... ဆင်ပေါ်က မှုးဝေပြီး အောက်ကိုကျတာလား၊ ညည်းညူနေသံလိုလို ကြားရတယ်'

'ဟာ... တောခေါင်းကြီးကလည်း ဦးထွန်းစိန်နဲ့ အောင်ကျော်က သားအဖလိုနေကြတာ၊ သူ့သခင် ဦးထွန်းစိန် မူးဝေပြီး အောက်ကိုကျရင် အောင်ကျော်က ထားခဲ့ပါ့မလား၊ နှာမောင်းနဲ့ ရစ်ပတ်ပြီး ခေါ်လာမှာပေါ့'

'အေး... အဲဒါလည်း ဟုတ်တာပဲ'

ရှေ့ဆုံးမှာ သွားနေသော အောင်ကျော်က တို့ခနဲ ရပ်သွား၏။

'အောင်ကျော်... သွားလေ၊ မင်းအဖေကို လိုက်ရှာနေတာလေ'

'ဂူး'

အောင်ကျော်က နှာမောင်းကို အပေါ်သို့ဆန့်တန်းကာ အော်သည်။ ဆင်ဦးစီးများက လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကြသည်။

'ဟာ... ဟိုမှာ'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးပေါ်တွင် အနီကွက်ကြီးတစ်ကွက်ကို တွေ့လိုက်ရသည်။ ဆင်ဦးစီးများက ထိုနေရာသို့သွားပြီး လက်နှိပ်ဓာတ်မီးဖြင့် အသေအချာ ထိုးကြည့်ကြ၏။ သွေးများက မြေကြီးပေါ်တွင် အိုင်ထွန်းနေသည်။

'ဟာ… ဟိုမှာ ဦးထွန်းစိန်ရဲ့ ခေါင်းမြှောင်'

'ဟင်… ဒါဆိုရင်တော့ ဦးထွန်းစိန်ကို ကျားဆွဲသွားတာ သေချာပြီ'

ဆင်ဦးစီးဦးသန်းထွေးက ဆင်ကို မြေကြီးပေါ်သို့ ဝပ်နိုင်းပြီး အောက်သို့ဆင်းသည်။ ဘကွန်းက သွေးများပေကျံနေသော သူ့အဖေ၏ ခေါင်းမြှောင်ကို ကောက်ကိုင်ထားလိုက်သည်။

'အဖေ… အဖေ… အဟင့်… ဟင့်'

ဘကွန်းက မြေကြီးပေါ်သို့ ထိုင်ချပြီး အသံကုန်ဟစ်၍ ငိုသည်။ ထိုအသံသည် တောတွင်းထဲတွင် ပဲ့တင်သံဟည်းသွား၏။ ဦးသန်းထွေးက ဘကွန်းကို ဖက်ထားသည်။

'ဦးထွန်းစိန်ကို ကျားချီသွားပြီ၊ မနက်ကျတော့မှ အလောင်းကို လာရှာမှဖြစ်မယ်၊ ညဘက်ဆိုတော့ ရှာရတာလည်း မလွယ်ဘူး၊ ငါတို့အားလုံးအတွက် အန္တရာယ်လည်း ရှိနိုင်တယ်'





တောခေါင်းကြီးက ဘကွန်းကို ချော့မော့ပြောဆိုပြီး ဆင်စခန်းသို့ ပြန်လာခဲ့ကြသည်။ ဘကွန်းက အံကြိတ်ထားရင်း ငိုနေသည်။

'ငါ့အဖေကို သတ်တဲ့ကျားကို ငါ ပြန်သတ်ရမှ ကျေနပ်နိုင်မယ်၊ တောက်'

ဘကွန်း၏ သွားကြိတ်သံက တကျိကျိနှင့် မြည်နေသည်။ ဦးထွန်းစိန် ကျားကိုက်ခံရပြီး သေဆုံးသွားရသဖြင့် ဆင်စခန်းတစ်ခုလုံးရှိ မိသားစုများ ဝမ်းနည်းမဆုံးအောင် ရှိနေကြသည်။

'ဘကွန်း… ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲကွာ၊ အိပ်စက်အနားယူလိုက်ပါဦး'

ဆင်ထိန်းစောသာထူးက ပြောသည်။

'ကျွန်တော် ခေါသဖြစ်နေတယ်၊ ကျွန်တော့်အဖေအတွက်လည်း ယူကြုံးမရဖြစ်မိတယ်၊ အရင် အဖေတောထဲသွားရင် ကျွန်တော်လိုက်သွားနေကျ၊ ဒီနေ့စာရင်းဇယားတွေလုပ်စရာရှိသေးလို့ ကျွန်တော်က နေခဲ့တယ်၊ ကျွန်တော်တို့ဘဝမှာ အဖေတစ်ခု သားတစ်ခု၊ ကျွန်တော်က အဖေ့ကို အားကိုးနေရတာ၊ အမေဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ကျွန်တော် မြင်တောင်မမြင်ဖူးလိုက်ဘူး၊ အဖေ သနားပါတယ်၊ ကျွန်တော့်ရင်ထဲမှာ မချိလိုက်တာဗျာ၊ အဖေ အသေဆိုးနဲ့ သေရတာ'

ဘကွန်း၏ အသံက ဆို့နစ်နေသည်။

'ဒီလို သေဆုံးဖို့ ကုသိုလ်ပါလာတယ်လို့ပဲ သဘောထားပါ ဘကွန်းရယ်'

'ဟင်း'

'ဘကွန်း မင်း ညနေစာ စားလိုက်ဦးလေ'

'စားချင်စိတ်လည်း မရှိပါဘူးဗျာ'

'မစားချင်ရင်လည်း အနားယူလိုက်ဦး'

ဘကွန်းက အိပ်ရာထဲတွင် လှဲလျောင်းနေလိုက်သည်။ အရင်ညတွေကဆိုရင် ညစာစားပြီးသည်နှင့် သားအဖတွေ ဖောင်ဖွဲ့နေကြ။ ဘကွန်းက သူ့အဖေကို နင်းနှိပ်ပေးသည်။ သူ့အဖေက အနှင်းအနှိပ်ခံရင်း ဆင်တို့၏ သဘာဝကို ဘကွန်းနားလည်အောင် ပြောပြနေတတ်သည်။ ဘကွန်းမှာ ဗဟုသုတတွေတိုးရသည်။ အခုတော့ သူ့အဖေသည် ကျားအစာဖြစ်သွားရလေပြီ။

'တောက်'





ဘကွန်းတစ်ကိုယ်လုံးသည် တဆတ်ဆတ်တုန်နေသည်။ သွေးတိုးနှုန်းတွေမြင့်နေသည်။ ကျားသတ္တဝါ၏ ပုံရိပ်ကို မျက်စိထဲတွင် မြင်ယောင်နေမိ၏။ ညဥ့်ကနက်သည်ထက် နက်လာသည်။ ဆင်စခန်းတစ်ခုလုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဘကွန်း၏ မျက်ဝန်းအိမ်ထဲမှ မျက်ရည်များ ယိုစီးကျနေဆဲ...။

'အဖေရယ်... အဖြစ်ဆိုးလိုက်တာ'

*

ဘကွန်းမှာ တစ်ညလုံး အိပ်မပျော်ခဲ့သဖြင့် မနက်မိုးလင်းတော့ ခေါင်းထဲတွင် မူးနောက်နေလေ၏။ သူ့အဖေကို သတိရတိုင်း ဘကွန်း ငိုနေမိသည်။ ဆင်ထီးအောင်ကျော်သည် ဂဏှာငြိမ်ဖြစ်နေပြီး မကြာခဏ အော်နေ၏။ သူ့အဖေ ကျားလက်ချက်ဖြင့် မရှုမလှသေပွဲဝင်ခဲ့ရသည်ကို ဆင်ထီးအောင်ကျော် သည် မြင်တွေ့ခဲ့ရမည်မှာ မလွဲ။ အောင်ကျော်သည် သူ့အဖေဘက်မှနေ၍ ကျားဆိုးအား ပြန်လည်ခုခံခဲ့သည်။ မခုခံခဲ့သည်ကို ဘကွန်း တွေးမရ။

မနက်မိုးလင်းသည်နှင့် သူ့အဖေကအောင်ကျော်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆင်တင်းကုပ်သို့သွားပြီး အစာကျွေး၊ ရေတိုက်နေကျဖြစ်၏။ သည်မနက်သခင်ကို မမြင်ရ၍ အောင်ကျော်က အော်နေသည်။

တောခေါင်းကြီးဦးဆောင်၍ ဦးထွန်းစိန်၏ အလောင်းကို ရှာဖွေရန် တောတွင်းသို့ လာခဲ့ကြသည်။

'မင်း… ညကကော ဒီမနက်ကော ဘာမှမစားဘူး စားလိုက်ဦး ဘကွန်း၊ မင်း အားပြတ်နေမယ်၊ စားလိုက်ဦး'

ဆင်ဦးစီး ဦးသန်းထွေးက ဘကွန်းကို မုန့်တစ်ခုထုတ်ကျွေးသည်။ ဘကွန်းက မုန့်ကိုဝါးပြီး မျိုချပေမယ့် လည်ချောင်းထဲတွင် တစ်ဆို့နေသည်။

'စားလေ ကောင်လေး၊ မင်း ဆာနေမယ်'

'လည်ချောင်းထဲကို မျိုချလို့တောင် မရပါဘူး ဦးလေးရယ်'

'ငါလည်း စိတ်မကောင်းပါဘူးကွာ၊ မင်းအဖေနဲ့ ငါတ အလုပ်အတူတူတွဲလုပ်လာကြတာကြာပြီ၊ မင်းအဖေက ဘယ်လ က ဘယ်လို တောနက်ထဲကို ရောက်သွားရတာလဲ မသိဘူး'

'မတွေးတတ်ပါဘူး ဦးလေးရယ်'

တောနက်ထဲတွင် မိုက်စိပ်တိုက်၍ ရှာဖွေကြသည်





အတန်ကြာသွားမိလျှင် 'ဟော… ဒီမှာ တွေ့ပြီဗျို့'

သွေးသံအလိမ်းလိမ်းဖြင့် သေပွဲဝင်နေသော ဦးထွန်းစိန် ၏အလောင်းကို တွေ့လိုက်ရသည်။ မြင်ကွင်းက မမြင်ရက် ကြည့်ရက်မစရာပင်။ ဘကွန်း ညနေစောင်း အိပ်ပျော်နေစဥ် မြင်မက်ခဲ့သည့် အိပ်မက်ထဲကအတိုင်း။ သူ့အဖေ ဦးထွန်းစိန်၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ဒဏ်ရာဒဏ်ချက်တွေက ဗလပွ။ ကျား လက်သည်းဖြင့်ကုပ်ထားသဖြင့် မျက်ကွင်းနှစ်ဖက်ထဲက မျက် လုံးနှစ်လုံးက မရှိတော့။ ဟောက်ပက်။ သည်အထဲက ကျားက ဦးထွန်းစိန်ခန္ဓာကိုယ်မှ အသားများကို စားထားသေးသည်။ ဆင် ကုပ်သားများက ကြွင်းကျန်သောအစိတ်အပိုင်းများကို စုစည်းကာ ဆင်စခန်းသို့ သယ်လာခဲ့သည်။ ဘကွန်း၏ ဒေါသအဟုန်သည် ပြင်းထန်နေသည်။ ဆင်စခန်းသို့ ပြန်ရောက်လျှင် ဦးထွန်းစိန်၏ အလောင်းကို မီးရှို့သဂြိုဟ်လိုက်ကြသည်။ ဘကွန်းက အော်ငို င်း သစ်ပင်ကိုလက်သီးဖြင့် အဆက်မပြတ် ထိုးနေသည်။

'ငါ့အဖေကိုသတ်တဲ့ကျား၊ မင်းနဲ့ငါ တစ်နေ့တွေ့မယ်၊ င်းတို့အမျိုးအနွယ်တွေကို ငါသတ်မယ်၊ ငါပြန်သတ်ရမှ ကျေ မယ်၊ တောက်…'



www.burmeseclassic.com

www.burmeseclassic.com



ဘကွန်းက မြေကြီးပေါ်တွင် လှဲလိုမ့်ပြီး ငိုနေသည်။ ဆင်လုပ်သားများက ဘကွန်းကို မွေ့ထူပြီးဖက်ထားကြသည်။

'ဘကွန်း… စိတ်လျှော့လိုက်၊ စိတ်လျှော့လိုက်ပါကွာ'

'ဘယ်တော့မှ စိတ်မလျှော့ဘူး၊ ကျားကိုနိုင်အောင်သတ်နိုင်တဲ့ ဘကွန်းဖြစ်စေရမယ် ဟင်း'

တောခေါင်းကြီးက ဘကွန်း၏ စားသောက်ရေးကိစ္စကို တာဝန်ယူပေးသည်။ ဘကွန်းက ဆင်စခန်းတွင် အလုပ်လုပ်ရင်း တက္ကသိုလ်စာပေးစာယူဆက်တက်ရာ ရူပဗေဒဘာသာအဓိကဖြင့် ဘွဲ့ရရှိခဲ့သည်။ ထိုကာလများအတွင်း ဘကွန်းက အားကစားလေ့ကျင့်ခန်းများကို လေ့ကျင့်ပြီး သန်မာထွားကြိုင်းအောင် ကြိုးစားသည်။ မုဆိုးများထံတွင် မုဆိုးပညာကို သင်ယူသည်။ အဓိကအားဖြင့် ကျားတို့၏ ဘဝကို လေ့လာစူးစမ်းသည်။ ဘကွန်းက ကျားကိုနိုင်ချင်သည့်သူမဟုတ်လား။

'ကျားမတွေက မိတ်လိုက်ပြီး လေးလကျော်ရင် ကျားကလေးတွေ မွေးဖွားကြတယ်၊ ကျားမ တစ်ကောင်ဟာ ကျားလေးနှစ်ကောင်သုံးကောင်ကနေ ငါးကောင်အထိ မွေးတတ်တယ် သုံးကောင်မွေးတာပဲ မြင်ဖူးတယ်၊ ကျားမတွေဟာ ကျားကလေးတွေနို့စို့တာကို မခံနိုင်ဘူး၊ ကျားကလေးတွေရဲ့လျှာက ကြမ်းတာကိုး၊ ကျားမက သစ်ရွက်တို့ ကျောက်ပြားတို့အပေါ်ကို နို့ညှစ်ပြီး ချပေးတယ်၊ ကျားကလေးတွေက သစ်ရွက်[illegible]ကို လျှာနဲ့လျက်ကြတယ်၊ အသားစားနိုင်တဲ့အရွယ်ရောက်လာတဲ့အခါ ကျားမက သူ့သားသမီးတွေကို သားကောင်ကိုဖမ်းဆီးရှာဖွေကျွေးမွေးတယ်၊ ဒီအချိန်ဆို ကျားမတွေသားပေါက်တဲ့အချိန်ကွ'

မုဆိုးကြော် ဖိုးလုံးက ဘကွန်းကို ပြောပြသည်။ ဘကွန်းက တစ်စုံတစ်ရာကိုတွေးမိပြီးမျက်နှာဝင်းလက်သွားသည်။ ဘကွန်းသည် လက်နက်များ စားနပ်ရိက္ခာများကို ယူကာ တောတွင်းထဲသို့လာခဲ့သည်။ တောခေါင်းကြီးကို ကျောင်းစုရပ်မှ အဘိုးအတွားအိမ်သို့ ခဏသွားရောက်လည်ပတ်မည်ဟု ခွင့်တိုင်ပြီး တောတွင်းထဲသို့ လာခဲ့ခြင်းဖြစ်၏။ ဘကွန်း၏ အဓိကရည်ရွယ်ချက်မှာ သူ့အဖေကိုသတ်ခဲ့သော ကျားကိုရှာဖွေရန်ဖြစ်သည်။

'ငါ့ကိုယ်ငါ သေလူလို့ သဘောထားလိုက်ပြီ၊ ငါ့အဖေကို သတ်ခဲ့တဲ့ ကျားနဲ့ငါရင်ဆိုင်မယ်၊ ကျားကိုသတ်နိုင်တဲ့ ဘကွန်းဖြစ်စေရမယ်'

တောတွင်းထဲသို့ ဘကွန်းရောက်ရှိနေသည်မှာ သုံးရက်

www.burmeseclassic.com



ရှိခဲ့ပြီ။ တောတွင်းထဲတွင် ကျားဧ၏အရိပ်အယောင်ကိုမဆိုထားဘိ ကျားဟိန်းသံကိုပင် မကြားရသေး။ ဘကွန်း စိတ်ခတ်မကျ။ ပါလာသည့်ရိက္ခာကို ချွေတာပြီးစားသောက်သည်။ တောထဲတွင် သမင်၊ ဒရယ်၊ ဂျီ၊ ဆိုင်၊ ဆတ်စသော သားကောင်တွေကို တွေ့ပေမယ့် မပစ်ခတ်။

'အခြားသားကောင်တွေရဲ့ အသားကို ငါမစားဘူး၊ ကျားသားပဲ စားမယ်'

ဘကွန်း၏ နှုတ်မှ ကြိမ်းဝါးရင်း တောနက်ထဲသို့ တိုးဝင်လာခဲ့သည်။ တောတွင်းထဲတွင် ငါးရက်မြောက်သောနေ့တွင် ကျောက်ဆောင်ငယ်၏ ဘေးတွင် ဆော့ကစားနေသော ကျားသားပေါက်ကလေးသုံးကောင်ကို မြင်တွေ့လိုက်ရသဖြင့် ဘကွန်း ဝမ်းသာသွားသည်။ ကျားလေးသုံးကောင်က အစာစားနိုင်သည့် အရွယ်သို့ဝင် ရောက်နေချေပြီ။ ကျားမကြီးက သူ့သားသမီးများ စားရန် အစာရှာထွက်သွားတာထင်ပါ့ဟု ဘကွန်းတွေးလိုက်မိသည်။ ကျားမကြီးက သူ့သားသမီးများထံသို့ ပြန်လာကို ဘကွန်းက သစ်ပင်အကွယ်မှ စောင့်နေမိသည်။

ဘကွန်းသည် ကျားကလေးများကိုကြည့်ပြီး သနားသွား





မိသည်။ တစ်ချိန်တည်းမှာပင် ကျားကိုက်ခံရပြီး ကျားစားခံထား ရ၍ မရှုမလှသေဆုံးခဲ့ရသော သူ့အဖေ ဦးထွန်းစိန်၏ ရုပ်အလောင်းကိုလည်း ပြန်လည်မြင်ယောင်လာမိသည်။

'ငါတို့သားအဖကို သေကွဲကွဲစေခဲ့တဲ့ ကျား၊ ဒင်းတို့မိသားစုကိုလည်း သနားနေစရာဘာအကြောင်းမှမရှိဘူး၊ တောက်'

ဘကွန်းက သတိကြီးစွာဖြင့် နားစွင့်နေ၏။ သစ်ရွက်ခြောက်များကိုနင်းလာသည့်အသံကို ကြားမိသည်။ အသံလာရာသို့ အာရုံစိုက်ကြည့်သည်။ ဘကွန်းမြင်လိုက်ရပါပြီ။ ကျားမကြီးက သမင်ငယ်ကို ကိုက်ချီလာသည်။ ဘကွန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးလိုက်မိသည်။ ကျားမကြီးက သားကောင်ကို ကျားကလေးများ၏ ရှေ့သို့ ချပေးသည်။ ကျားကလေးများက သားကောင်၏ အသားကို လုယက်စားသောက်နေကြသည်။ ကျားမကြီးက မြေပြင်တွင် ဝပ်ကာ သူ့သားသမီးများအစာစားသောက်နေသည်ကို ကြည့်ရှုနေ၏။

သဘာဝမြင်ကွင်းကို မြင်တွေ့ရသူ သာမန်လူအဖို့တော့ ပီတိဖြစ်စရာပေါ့။ ဘကွန်းတို့ သားအဖ၏ ပျော်ရွှင်စရာ ဘဝကလေးကို ဖျက်ဆီးခဲ့သော ကျားဆိုးတွေကို ဘကွန်းမြင်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ဒေါသဖြစ်နေမိသည်။ သူတို့ဘဝကိုကြည့်ပြီး ဝီတိဖြစ်စရာဘာမှမရှိ။

ဘကွန်းက ဓားမြှောင်ကို ခါးကြားတွင်ထိုးထားသည်။ တစ်ချောင်းတည်းမဟုတ်။ ခါးကြားဘယ်ညာတွင်ထိုးထားခြင်းဖြစ်၏။ ဓားအိမ်နှင့်ဓားရှည်ကို စလွယ်သိုင်းထားလိုက်သည်။ တစ်လုံးထိုးမှိန်းကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိ၏။ ထို့နောက် ကျောက်ခဲသုံးလေးလုံးကိုစုသည်။ ကျောက်ခဲဖြင့် ကျားကလေးများရှိရာသို့ လှမ်းပေါက်သည်။ ရုတ်တရက်မို့ ကျားကလေးများ လန့်သွားသည်။ ကျားကလေးတစ်ကောင်ကို ကျောက်ခဲထိမှန်သွားသည်။ ကျားမကြီးက သားစိတ်ဖြင့်ထလာ၏။ သစ်ပင်အကွယ်မှ ဘကွန်းကို မြင်သွားသည်။ ဘကွန်းက သတိဝီရိယဖြင့် ကျားမကြီး၏အနားသို့ တိုးကပ်လာသည်။

'ဝေါင်း'

ကျားမကြီးက ဒေါသဖြစ်နေပြီ။ ဘကွန်းက တစ်လုံးထိုးမှိန်းကိုကျားမကြီးထံသို့ လှမ်းထိုးရင်း ခြောက်လှန့်သည်။ ကျားမကြီးက မှိန်းကို လက်ဖြင့်ပုတ်သည်။ ပါးစပ်ကြီးကို ဖြဲပြီး မာန်ဖီနေသည်မှာလည်း တကယ့်ကြောက်စရာလန့်စရာမင်





ဘကွန်းက ရှေ့သို့ဝိုး၍ တိုးကပ်သွားသည်။ ကျားမကြီးက ဘကွန်းကို ခုန်အုပ်ရန်ဟန်ပြင်နေ၏။ ရန်သူနှင့်ပထမဦးဆုံး အကြိမ်ရင်ဆိုင်ရခြင်းဖြစ်၍ ဘကွန်း ရင်ခုန်နေမိသည်ကတော့အမှန်။

'ဒီကောင်ကို ငါဘာလို့ ကြောက်ရမှာလဲ၊ ငါ့မှာ သန်မာတဲ့အင်အားတွေရှိတာပဲ၊ သူ့ကိုသတ်ဖို့ လက်နက်တွေရှိတာပဲ၊ သူသေကိုယ်သေတိုက်ခိုက်မယ်၊ ငါ့အဖေကိုသူတို့မျိုးနွယ်ထဲက တစ်ကောင်က ကိုက်သတ်ခဲ့တာ၊ ဒီကောင်တွေကို ငါ့အဖေအတွက် ပြန်သတ်နိုင်မှ ငါတာဝန်ကျေမယ်'

ဟု ဘကွန်းကတွေးပြီး စိတ်ကိုတင်းထားသည်။

'လာလေကွာ၊ ရှေ့ကို တိုးလာခဲ့စမ်းပါ'

ဘကွန်းက ကျားမကြီး ဒေါသဖြစ်လာစေရန် ရှေ့တိုးနောက်ဆုတ်ဖြင့် ချောက်လှန့်ပေးနေသည်။ ကျားမကြီးက ပို၍ဒေါသဖြစ်လာဟန်ရှိသည်။ ဘကွန်းနှင့်ကျားမကြီးက ဘာမှမဝေးတော့။ ကျားမကြီးက ဘကွန်းထံသို့ ခုန်အုပ်သည်။ ဘကွန်းက ရှောင်တိမ်းပြီး တစ်လုံးထိုးမှိန်းဖြင့် ကျားမကြီး၏ ညာဘက်လက်ဖြင်ဆီသို့ တအား ဆောင့်ထိုးလိုက်သည်။ မှန်းချက်လွဲသွားသဖြင့် ကျားမကြီး၏တင်ပါးကို ထိုးမိသွားသည်။ ကျားမကြီးက ပြန်လှည့်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဘကွန်းထံသို့ ခုန်အုပ်ပြန်၏။ ဘကွန်းက ရင်ဝဆီသို့ ဆောင့်ထိုးလိုက်သည်။ ကျားမကြီး၏ လက်သည်းများ ကုတ်ခြစ်ခံလိုက်ရသဖြင့် ဘကွန်း၏ ဝဲဘက်ပခုံးသားများ စုတ်ပြဲသွားသည်။ သွေးများယိုစီးကျလာသည်။ ဘကွန်းသည် နာကျင်မှုဝေဒနာကို ခံစားရသဖြင့် အံကြိတ်ထားမိ၏။

ကျားမကြီး၏ လှုပ်ရှားမှုက တစ်စထက်တစ်စလျင်မြန်လာသည်။ ဘကွန်းက မှိန်းဖြင့် ကျားမကြီးထံသို့ လှမ်းထိုးသည်။ ကျားမကြီး၏လက်သည်းများက တစ်ချက်အကုတ်ခံရလျှင် ငါးမန်းသွားဖြင့်အခုတ်ခံရသည့်နှယ်ပင်။ ကျားမကြီးက မှိန်းကို သူ့လက်ဖြင့် တအားပုတ်သည်။ အရှိန်ပြင်းသဖြင့် ဘကွန်း၏လက်ထဲမှ မှိန်းသည် အဝေးသို့လွင့်စင်သွားလေ၏။ ဘကွန်း စိုးရိမ်စိတ်များဖြစ်ပေါ်သွားသည်။ စလွယ်သိုင်းထားသော ဓားအိမ်ထဲမှ ဓားရှည်ကိုဆွဲထုတ်လိုက်သည်။ ကျားမကြီးက ဘကွန်းရှိရာသို့ ခုန်အုပ်ပြန်သည်။ ဘကွန်းက ရှောင်တိမ်းပြီး ဓားရှည်ဖြင့် ခုတ်သည်။ ကျားမကြီး၏ ဝဲဘက်လက်ကို ရှပ်ထိသွား၏။ ကျားနာမကအခဲမကြေ ရှူးရှူးရှားရှားဖြစ်လာသည်။

ကျားတွေက အကောင်သာကြီးတာ၊ ကြာလာရင်အမောမလုံဘူး





မုဆိုးကျော်ဖိုးလုံး၏ စကားကို ဘကွန်းသတိရသွားသည်။ ကျားမကြီးအေါသဖြစ်အောင် လှည့်ပတ်ကာရန်စသည်။ ကျားမကြီးက ဘကွန်းထံသို့ တဟုန်ထိုးပြေးလာသည်။ ခုန်အုပ်သည်။ ဘကွန်းက ဓားရှည်ဖြင့် တစ်ချက်တည်း ပိုင်းချလိုက်သည်။ သို့သော် ဘကွန်း၏ ဓားချက်က ကျားမကြီးကိုမထိ။ ဘကွန်းနှင့် ကျားမကြီးတို့ လုံးထွေးရစ်သွားသည်။ ကျားမကြီးက ဘကွန်း၏ ရင်ဘတ်ကို ကုတ်ဖြဲသည်။ အသားစများ လွင့်စင်သွားသည်။ လည်ပုတ်ကို ခဲရန်ဟန်ပြင်သည်။ ဘကွန်းက ဦးခေါင်းကို ဘယ်ညာ ခါယမ်းနေသည်။ သူ၏ခါးကြားမှာ အရိုးအသွား (၁၀)လက်မခန့် ရှိသော ဓားမြှောင်ဖြင့် ကျားမကြီး၏ ဝဲဘက်လက်ပြင်နေရာကို အဆက်မပြတ် ထိုးသည်။ အင်အားရှိသမျှဖြင့် ကျားမကြီးကို တွန်းကန်ပစ်သည်။

ကျားမကြီးက နောက်သို့ပြန်ဆုတ်သွားသည်။ ဘကွန်းက မြေကြီးပေါ်မှ တစ်လုံးထိုးမှိန်းကို ကောက်ကိုင်ထားလိုက်သည်။ ကျားမကြီးမောဟိုက်လာပုံရ၏။ သို့သော် ဘကွန်းကို တိုက်သတ်ရန် ဟန်ပြင်နေသည်။ ဘကွန်း၏ ရင်ဘတ်ဒဏ်ရာမှထွက်နေသော သွေးများက ခန္ဓာကိုယ်အောက်ပိုင်းသို့ စီးကျလာ၏။ ဘကွန်းဂရုမစိုက်နိုင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကျားမကြီးက ဘကွန်းထံသို့ ခုန်အုပ်သည်။ ဘကွန်းက မှိန်းကို ကျားမကြီး၏ ရင်ဝဆီသို့ ထိုးသွင်းလိုက်သည်။

'ဝေါင်း'

ကျားမကြီးသည် တစ်ဖက်သို့ ယိုင်လဲကျသွားလေ၏။ ဘကွန်းလည်း နောက်ပြန်လဲကျသွားပြီး မြေကြီးနှင့် ခေါင်းဆောင့်မိပြီး မူးဝေသွား၏။ ကျားမကြီး၏ ညာဘက်လက်ပြင်အားတွင် တစ်လုံးထိုးမှိန်းက စူးဝင်နေသည်။ ကျားမကြီးကလည်း နေရာမှ ဝုန်းခနဲထသည်။ မှိန်းလက်ကိုင်ရိုးတပ်ထားသော သစ်သားချောင်းသည် ထက်ပိုင်းကျိုးသွား၏။

ဘကွန်းက ကျားမကြီးကို အားရှည်ဖြင့် ပိုင်းရန် ရှေ့သို့ ပြေးလာသည်။ သို့ပေမယ့် ကျားမကြီးက သူ့ကို ရန်ပြုရန် အသင့်အနေအထားရှိနေ၍ ခြေလှမ်းကို နောက်သို့ပြန်ဆုတ်လိုက်၏။ ကျားမကြီးက ဘကွန်းထံသို့ ပြေးလာပြီး ခုန်အုပ်သည်။ ဘကွန်းက ရှောင်တိမ်းလိုက်သဖြင့် လွဲသွားသည်။ ကျားမကြီးက ဘကွန်းကို တိုက်ခိုက်ရန် ဟန်မြင်ပြီးမှ တောထဲသို့ ပြေးဝင်သွားသည်။

'ဟာ... တောက်... ကျားနာမ... နင် ဝေးဝေးမပြေးနိုင်ပါဘူး'





ဘကွန်းက အနီးပတ်ဝန်းကျင်တွင် ကျားကလေးများကို ရှာဖွေပေမယ့်မတွေ့။ ကျားမကြီးပြေးသည့် လမ်းကြောင်းအတိုင်း နောက်မှပြေးလိုက်လာခဲ့၏။ တောင်စောင်းတစ်ခုသို့ရောက်တော့ နေချုပ်သွားသည်။ ဘကွန်းရေဆာနေပြီ။ တောင်စောင်းအောက်သို့ ဆင်းလာခဲ့သည်။ တောင်စောင်းအောက်မှ စမ်းချောင်းရေစီးသံကို ကြားမိသဖြင့် နားစွင့်ပြီး ရှာဖွေသည်။ တောင်ပေါ်မှစီးဆင်းနေသော စမ်းချောင်းရေကို သောက်ပြီး အမောအပန်းဖြေနေမိသည်။ သည်ညအဖို့ ဘကွန်းမှာ စားစရာလည်း ဘာမှမရှိ။

'ညဘက်ဆိုရင် ဟင်းကောင် (ကျားသတ္တဝါ)ကြီးက စမ်းချောင်းထဲကို ရေဆင်းသောက်တတ်တယ်'

မုဆိုးကျော်ဖိုးလုံးပြောသည့်စကားကို သတိရသဖြင့် အမှောင်ထုထဲတွင် တောင်စောင်းထိပ်ပေါ်သို့ ခဲရာခဲဆစ်တက်လာခဲ့သည်။ ကျောက်သားများပေါ်တွင် လှဲအိပ်နေမိသည်။ ကျားမကြီးကို နေရာတွင်ပင် တစ်ခါတည်းသေအောင် မသတ်နိုင်ခဲ့သဖြင့် သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ ရင်ဘတ်မှ ဒဏ်ရာ၊ ပခုံးနှင့် လက်မှာမှ ဒဏ်ရာများမှ သွေးများထွက်နေဆဲပင်။ နာကျင်မှု ဝေဒနာကို ခံစားနေရသည်။ ဘကွန်းသည် မျက်လုံးကို စုံမှိတ်ထားရင်း အနားယူနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ နားထဲတွင် သစ်ရွက်ခြောက်များကို နင်းကာသွား
နေသော အသံကို ကြားမိသဖြင့် ထထိုင်လိုက်မိ၏။ အသံကြား
သည့်နေရာကို တောင်စောင်းထိပ်မှ လှမ်းကြည့်သော်လည်း ဘာမှ
မမြင်ရ။ သစ်ရွက်ခြောက်များကို နင်းနေသည့်အသံနှင့်အတူ
ဒရွတ်ဆွဲနေသံကိုလည်း ကြားနေရ၏။

ထိုအသံရှင်သည် ကျားတစ်ကောင်ဖြစ်ကြောင်း ဘကွန်း
သိလိုက်၏။ ညအမှောင်ထဲတွင် ရန်သူကို တိုက်ခိုက်လျှင် မိမိက
တပန်းရှုံးမည်ဟု တွက်ဆမိ၍ နားစွင့်နေမိ၏။ သစ်ရွက်ခြောက်
များပေါ်သို့ လှဲချလိုက်သည့်အသံက ဝီဝီသသ။ သို့ဆိုလျှင် သူနှင့်
မလှမ်းမကမ်းတွင် ကျားတစ်ကောင်ရှိနေသည်မှာ သေချာပြီ
ထိုကျားက တောင်စောင်းထိပ်သို့ တက်လာပြီး သူ့ကိုရန်ပြုနိုင်
မည်မဟုတ်။ ထို့ကြောင့် စိတ်ကိုလျှော့ချကာ အိပ်စက်လိုက်၏

မနက်အလင်းရောင်လာသည်နှင့် ဘကွန်းက ညကအသံ
ကြားသည့်နေရာသို့ တောင်စောင်းထိပ်မှ ဝပ်ပြီးကြည့်သည်
ပါးစပ်မှ အသံထွက်မသွားအောင် မနည်းမျိုသိပ်ထားလိုက်ရ
သည်။ သစ်ရွက်ခြောက်များပေါ်တွင် မနေ့က သူနှင့်တိုက်ခိုက်ခဲ့
သည့် ကျားမကြီးက လဲလျောင်းနေသည်။ ဘကွန်းနှင့်တိုက်ခိုက်





ခဲ့ သူ၏ သားသမီးများက အဘယ်သို့ထွက်ပြေးသွားမှန်းမသိ၍
ကျားမကြီးက ဝေးရာသို့ ပြေးမသွား။ သားသမီးများကို ရှာဖွေဦး
မည့်အနေအထားရှိနေသည်။ သူ့ခန္ဓာကိုယ်တွင်လည်း ဒဏ်ရာများ
ရရှိထားသည်မို့ အားအင်လျော့ပါးနေသည်လား ဘကွန်းတွေး
ကြည့်သည်။

ဘကွန်းနှင့် သည်ကျားမကြီး၏ တိုက်ခိုက်မှုက အဆုံး
မသတ်သေး။ ဘကွန်းက ကျားမကြီးမျက်ကွယ်ပြုနေသည့်
တောင်စောင်းဘက်မှ အောက်သို့ ဆင်းလာခဲ့သည်။ ကျားမကြီး
က ခြေသံသဲ့သဲ့ကြားသဖြင့် ဘေးဝဲယာသို့ ငုံ့စောင်း၍ကြည့်နေ
သည်။ ဘကွန်းက သစ်ပင်အကွယ်တွင် ငြိမ်၍ နေလိုက်၏။
ကျားမကြီးသည် သူ့အနီးအနားတွင် အန္တရာယ်တစ်စုံတစ်ရာရှိနေ
သည်ဟု သံသယဖြစ်နေပုံရလေ၏။ မြေကြီးပေါ်တွင် ဝပ်နေရာ
မှ ရုတ်ခြည်းရပ်လိုက်၏။ ကျားမကြီး၏ ညာဘက်လက်ပြင်ဘေး
တွင် တစ်လုံးထိုးမှိန်းတိုက တန်းလန်းနှင့်။

ဘကွန်းက ကျားမကြီးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။
ကျားနာမက ဘကွန်းထံသို့ ပြေးလာသည်။ လျှင်မြန်သောလှုပ်ရှား
မှုဖြင့် ဘကွန်းထံသို့ ခုန်အုပ်သည်။ ဘကွန်းက လက်ထဲတွင်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ဓားရှည်ဖြင့် လည်ပင်းနေရာသို့ ခုတ်ပိုင်းချလိုက်၏။ ကျားနာမသည် ပြင်းထန်စွာအော်ဟစ်ရင်း ပြေးလေ၏။ သည်တစ်ခါထိချက်က အမိအရမို့ ဘကွန်းက ကျားနာမနောက်သို့ ပြေးလိုက်သွားသည်။ သွေးများက ကျားနာမသွားရာ လမ်းတစ်လျှောက် သစ်ရွက်ခြောက်များပေါ်တွင် ကျကျန်ခဲ့၏။ ဘကွန်းက ကျားနာမနောက်သို့ ထပ်ချပ်မကွာလိုက်လာသည်။ ကျားနာမသည် သွားလာရင်းမှ နှေးကွေးလာသည်။ ဘကွန်းက ကျားနာမ၏ရှေ့သို့ ပြေးသွားပြီး ရှေ့မှတားစီးရပ်နေလိုက်၏။ ကျားနာမက ခြေလှမ်းကို တုံ့ခနဲ ရပ်ပြီး မာန်ဖီနေ၏။

'ဝေါင်း'

ဘကွန်းက ကျားနာမ၏ မျက်နှာကို ဓားရှည်ဖြင့် ခုတ်ပိုင်းချလိုက်၏။

'ဒါက ငါ့အဖေအတွက်'

'ဒုတ်'

'ဒါက ငါ့အတွက်'

'ဒုတ်'

အထိနာနေသော ကျားမကြီးသည် မာန်သာရှိတော့၏





အားအင်များ ယုတ်လျော့နေရှာပြီ။ ဘကွန်း၏ ဓားချက်များကို ရှောင်တိမ်းမရတော့။ နောက်ဆုံးတော့ ကျားမကြီးသည် ဘကွန်း၏ ဓားချက်များအောက်တွင် ယိုင်လဲကျသွားကာ သေဆုံးသွားလေ၏။

'ဟား… ဟား… ဟား… ကျားကို ငါသေအောင် သတ်နိုင်ပြီ၊ ကျားက ငါ့ကိုမနိုင်လို့ အရှုံးပေးပြီး သေပွဲဝင်သွားရပြီ'

ဘကွန်းသည် လက်သီးဆုပ်ထားသော ညာလက်ကို အပေါ်သို့ဆန့်တန်းရင်း တဟားဟားနှင့် ရယ်မောနေလေ၏။ သူ့အဖေကို ကိုက်သတ်ခဲ့သော ကျားသတ္တဝါကို အနိုင်ရလိုစိတ်ဖြင့် အသက်ကိုမငဲ့ကွက်ဘဲ တိုက်ခိုက်ခဲ့ရသော်လည်း သူ့တစ်ကိုယ်လုံးမှာ ဒဏ်ရာတွေနှင့်။ သည်ဒဏ်ရာတွေက သွေးများသည် သိုစီးကျနေကြ၏။ ကျားမကြီး၏နောက်သို့ မခံချင်စိတ်ဖြင့် လိုက်လာပြီး ရှာဖွေခဲ့ရသောခရီးအကွာအဝေးကို သူ မမှန်းဆတတ်။ သူသည် သူနေထိုင်သော ဆင်စခန်း၏ မည်သည့်အရပ်သို့ရောက်နေသည်ကို သူမသိ။ သည်ကျားသေကို သူတစ်ယောက်တည်းနှင့် ဘယ်လိုသယ်ယူမလဲ။



www.burmeseclassic.com

www.burmeseclassic.com



သည့်နေရာမှ ဆင်စခန်းသို့ရောက်အောင် သူ ဘယ်နှရက်ပြန်ရမလဲ။ ဆင်ဦးစီးများကိုခေါ်ပြီး ကျားသေရှိရာသို့ ပြန်လာလျှင်လည်း ဘယ်နှရက်ကြာမည်လဲ။ သို့ဆိုလျှင် ကျားသေက ပုပ်ပွနေလောက်ပြီ။

ဘကွန်းသည် ကျားသားရေကိုသာ ဖျက်ယူသည်။ သွေးသံအလိမ်းလိမ်းရှိနေသော ကျားသားရေကိုထမ်းကာ လာလမ်းကိုမှန်းဆ၍ ပြန်လာခဲ့သည်။ လမ်းတွင် စမ်းချောင်းငယ်တစ်ခုကိုတွေ့၏။ ကျားသားရေကို ရေဆေးပြီး သူကိုယ်တိုင်ရေချိုးသည်။ ဘကွန်း၏ ဝမ်းဗိုက်ထဲတွင် ဆာလောင်နေသည်။ ဘကွန်းသည် ကျားသရေကိုထမ်းပြီး ခရီးဆက်ခဲ့ရာ တောတွင်းတစ်နေရာသို့အရောက်တွင် ချုံနွယ်များပိတ်ဖုံးနေသော ကျောက်ဂူကြီးတစ်လုံးကို တွေ့ရလေ၏။

ဘကွန်းက တစ်ညတာညအိပ်ရပ်နားရန် ကျောက်ဂူအပေါက်ကို ရှာဖွေပေမယ့် မတွေ့။ ခြုံနွယ်များက သိပ်သည်းစွာပေါက်ရောက်နေကြသည်။ သည်တော့ ဘကွန်း ညအိပ်ဖို့နေရာရှာရသည်။ ကျောက်ဂူကြီးနှင့် မလှမ်းမကမ်းမှ သစ်ပင်ကြီးအောက်တွင် ညအိပ်ရန်ဆုံးဖြတ်လိုက်၏။ ကျားမကြီးက ကုတ်ခြင်





ထား၍ သူ၏ခန္ဓာကိုယ်တစ်ခုလုံးတွင် ရရှိထားသော ဒဏ်ရာများက နာကျင်ကိုက်ခဲနေ၏။ ဆာလောင်မှုဒဏ်၊ နာကျင်မှုဒဏ်များက ဘကွန်းကို ဖိစီးထားသည်။ အနာရှိနဲ့ကြောင့် ဘကွန်းအဖျားတက်နေသည်။ တဟင်းဟင်းနှင့် တုန်ရီနေသည်။ ဘကွန်းသည် သစ်ပင်ကြီး၏အောက်တွင် လဲလျောင်းနေလိုက်၏။ ခန္ဓာကိုယ်သည် လေးလံထိုင်းမှိုင်းနေသည်။ ဘကွန်းသည် စိတ်ကိုလျော့ချလိုက်၏။ ဘကွန်းမေ့ခနဲ အိပ်ပျော်သွားလေ၏။

*

ဘကွန်းသည် တစ်ကိုယ်လုံး တုပ်ချည်ခံထားရသည့်နှယ် ခံစားရသောအသိကြောင့် အိပ်ပျော်နေရာမှ လန့်နိုးသွားလေ၏။ ဘကွန်းမျက်လုံးဖွင့်ကြည့်လိုက်တော့ မြန်မာဘုရင်ခေတ်က အဝတ်အစားများနှင့် ရဲမက်များကို တွေ့ရလေ၏။

'ဟဲ့... မောင်မင်း... ထစမ်း၊ မင်း ဒီနေရာကို ဘာလာလုပ်တာလဲ'

ဘကွန်းက အားယူ၍ထပေမယ့်မရ။ သူ၏လက်နှစ်ဖက်ကို နောက်ပြန်ကြိုးတုပ်နှောင်ထားသောကြောင့်ဖြစ်၏။ ဘကွန်း



www.burmeseclassic.com

www.burmeseclassic.com



၏ သေးပတ်လည်တွင်ရှိသော ရဲမက်များက ဓား၊ လှံ၊ လက်နက်ကိုယ်စီနှင့်…။

'ဟဲ့… မောင်မင်း မေးနေတာ ဖြေဦးလေ၊ ဒါ ငါတို့ သခင်မလေးပိုင်ဆိုင်တဲ့ နယ်မြေပဲကွယ့်'

ဘကွန်း ငုတ်တုတ်ထထိုင်သည်။

'ကျွန်တော့်အဖေကိုသတ်တဲ့ ကျားသတ္တဝါကို သေအောင်လိုက်သတ်ရင်း ဒီဘက်ကိုရောက်လာတာ'

'ဒါနဲ့ မောင်မင်းက ဘယ်မှာနေတာလဲ'

'ဆင်စခန်းမှာ နေပါတယ်'

'အမည်နာမကကောကွဲ့'

'ကျွန်တော့်နာမည် ဘကွန်းပါ'

'မောင်မင်း… ငါတို့နယ်မြေထဲကို ငါတို့အသိမပေးဘဲ ဝင်လာတာကြောင့် မောင်မင်းမှာ အပြစ်ရှိတယ်'

'ဗျာ'

'မဗျာနဲ့ မောင်မင်း၊ မင်းရောက်နေတဲ့နေရာဟာ သခင်မလေးရဲ့ ကြင်ယာတော် ဂေါ်သခင်မင်းသားက သစ္စာပြုပြီး စည်းချထားတဲ့ နယ်မြေပဲ၊ အဲဒါကြောင့် မင်းကို ဒဏ်ခတ်ရမယ်'





'ခင်ဗျာ'

ရဲမက်နှစ်ဦးက ဘကွန်းကို ချိုင်းကြားမှ မပေးသဖြင့် ဘကွန်း မတ်တတ်ရပ်၍ ရသွားသည်။ ဘကွန်းကိုမေးမြန်းနေသူက ရဲမက်များ၏ ခေါင်းဆောင်ဖြစ်ပုံရလေ၏။ ရဲမက်ကြီး၏ မျက်နှာက တင်းမာနေသည်။

ရဲမက်ကြီးပြောသလို သည်နေရာသည် သစ္စာနယ်မြေ ဟုတ်သည် မဟုတ်သည်ကို ဘကွန်းမသိ။ ကျားကိုသတ်ပြီး ဆင်စခန်းသို့ ပြန်လာစဉ် ညအိပ်ရပ်နားနေသော နေရာသာဖြစ်သည်။

'ရဲမက်တို့ သူ့ကို ခေါ်လာခဲ့ကြ'

ရဲမက်များက နောက်ပြန်ကြိုးအတုပ်ခံထားရသော ဘကွန်းကို ကျောက်ဂူကြီးတစ်ဂူထဲသို့ ဆွဲခေါ်လာကြ၏။ ဘကွန်းက သူ့ကိုယ်သူ သန်မာထွားကြိုင်းသူဟု ထင်ထားသည်။ ရဲမက်များက သူ့ထက်အရပ်အမြင့်သာလွန်သလို သန်မာထွားကြိုင်းပုံကလည်း ပြောစရာမရှိ။ ဘကွန်းသည် လမ်းတွင် ခလုတ်တိုက်မိ၍ ခြေမတွင် ကွဲအက်သွား၏။ ဒဏ်ရာမှ သွေးများထွက်လာသည်။ ဘုမသိ ဘမသိနှင့် သစ္စာနယ်မြေထဲသို့ဝင်ရောက်လာမိသည့်အဖြစ်က ရှိနေသည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူကြီးထဲတွင် လင်းထိန်နေသည်။ အပြင်ဘက်မှ ကြည့်လျှင် ကျောက်ဂူအတွင်းပိုင်းသည် သိပ်မကျယ်ဝန်းလှဟု ထင်ရသော်လည်း ကျောက်ဂူအတွင်းသို့ ရောက်သည့်အခါ ကျယ်ဝန်းနေသည်ကို ဘကွန်းမြင်တွေ့ရလေ၏။ ကျောက်ဂူအတွင်းထဲတွင် ကတ္တီပါလိုက်ကာကြီးဖြင့် ကာထားလေ၏။ ရင်ဖုံးအင်္ကျီ၊ ထိုင်မသိမ်းလုံချည် ဝတ်ဆင်ထားသော မိန်းကလေးများကို မြင်ရသည်။ ထိုမိန်းကလေးများက ဘကွန်းကို အထူးအဆန်းသဖွယ် ကြည့်သွားကြလေ၏။

'သခင်မလေး… ကျွန်တော်မျိုးတို့နယ်မြေထဲကို ကျူးကျော်ဝင်ရောက်လာသူ တစ်ဦးကို ဖမ်းဆီးလာပါတယ်'

ရဲမက်ကြီးက ကျောက်ဂူ၏ အတွင်းခန်းထဲသို့ လှမ်းပြောသည်။

'အဟင့်'

ကျောက်ဂူအတွင်းခန်းထဲမှ မိန်းကလေးတစ်ဦး၏ လည်ချောင်းရှင်းသံကို ဘကွန်း ကြားလိုက်ရလေ၏။ ကတ္တီပါလိုက်ကာကို မိန်းကလေးနှစ်ဦးက အသာအယာ မ,တင်၍ ပေးနေသည်။ အတွင်းခန်းထဲမှ မိန်းကလေးတစ်ဦးထွက်လာသည်။





'ဟင်'

ဘကွန်းသည် မင်းသမီးအဝတ်အစားနှင့် မိန်းကလေးကို မြင်မြင်ချင်း မှင်သက်မိသလိုဖြစ်သွားလေ၏။ မင်းသမီးလေးက ခြေကို ဖွဖွနင်း၍ ဘကွန်းနှင့် မလှမ်းမကမ်းနေရာသို့ လျှောက်လာသည်။ မင်းသမီးလေးသည် ဇာရင်ဖုံးအင်္ကျီ၊ ဇာထိုင်မသိမ်းလုံချည်ကို ဝတ်ဆင်ကာ ဇာပဝါလေးကို ခြုံထားလေ၏။ အသားအရေက ဝါဝင်းနေသည်။ သွေးကြောစိမ်းစိမ်းကလေးများပင် မြင်ရ၏။

မင်းသမီး၏ ချောမောလှပပုံမှာ စာဖွဲ့၍ မှီမည်မထင်။ ပြင်ပလောကတွင် ဘကွန်းတွေ့မြင်ဖူးသော မိန်းမချော၊ မိန်းမလှလေးများထက် မင်းသမီးလေး၏ အလှက အဆပေါင်းများစွာ သာမည်ထင်မိ၏။ မင်းသမီးလေးက ဘကွန်း၏ မျက်နှာကို သေချာစွာ ကြည့်နေသည်။

'သူက ဘယ်မှာနေတာလဲ ရဲမက်ကြီး'

'ဆံဝင်စခန်းမှာနေတယ်လို့ ပြောပါတယ်'

'ဩော်… ဟိုအဝေးအရပ်မှာနေတာကိုး၊ သူက သစ္စာ ယ်မြေထဲကို ဘာလာလုပ်တယ်လို့ ပြောသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူ့အဖေကိုသတ်သွားတဲ့ ကျားသစ္စာဝါကိုသတ်ပြီး ဆင်စခန်းကိုပြန်လာတာလို့ ပြောပါတယ်'

'မောင်မင်းစကားတွေက အမှန်ပဲလား'

'အမှန်ပါပဲ မိန်းကလေး'

'ဟာ… ဟဲ့… မောင်မင်း… သခင်မလေးကို ရိုရိုသေသေဆက်ဆံလေကွယ်'

'ဘယ်လိုပြောရမှာလဲ'

'သခင်မလေးလို့ ပြောရမယ်ကွဲ့'

'ကျွန်တော်မျိုးစကားတွေဟာ အမှန်ပါပဲ သခင်မလေး'

'ဒီနယ်မြေဟာ သစ္စာနယ်မြေဆိုတာ သူမသိလို့ ဝင်ရောက်လာမိတာဖြစ်လိမ့်မယ်၊ အဲဒါကြောင့် ကြိမ်ဒဏ် (၅)ချက်သာ အပြစ်ပေးလိုက်ပါ'

'ဗျာ'

ဘကွန်း မျက်လုံးပြူးသွားလေ၏။

'ကြားတယ်နော် မောင်မင်း'

'ဟုတ်… ဟုတ်ကဲ့'

'ကြားရင်လာ၊ ရဲမက်တို့ သူ့ကိုခေါ်လာခဲ့ကြကွဲ့'





ရဲမက်နှစ်ဦးက ဘကွန်းကို ကျောက်ဂူအပြင်သို့ ဆွဲခေါ်သွားသည်။ မင်းသမီးလေးက ကျောက်ဂူအတွင်းပိုင်းသို့ ပြန်ဝင်သွားလေ၏။ ရဲမက်ကြီးက လက်မလုံးခန့် ရှိသော ကြိမ်လုံးကြီးကို လက်ထဲတွင်ဆုပ်ကိုင်ထားလေ၏။ ဘကွန်းက သူနှင့် ဘေးဘစောင်း ရပ်နေရသည်။

'ကဲ… မောင်မင်း ကြိမ်ဒဏ်ပေးမယ်ခံပေတော့'

'ဖြန်း… ဖြန်း… ဖြန်း… ဖြန်း… ဖြန်း'

'အား… အား… အား… အား… အား'

*

'အား… ကျွတ်'

ဘကွန်းသည် အိပ်ပျော်နေရာမှ လန့်နိုးသွားလေ၏။ မျက်လုံးကိုဖွင့်ကြည့်တော့ ပိန်းပိတ်အောင် မှောင်နေသည်။ သူ့တစ်ကိုယ်လုံးသည် လှုပ်ရှားမရအောင် နာကျင်ကိုက်ခဲနေသည်။ ဂူထဲတွင်းမှ အအေးဓာတ်ကြောင့် သူ့တစ်ကိုယ်လုံးသည် အေးစက်နေသည်။ ခန္ဓာကိုယ်မှ ဒဏ်ရာများကို လက်ဖြင့်အသာအယာ စမ်းကြည့်သည်။ အနာများက အထိမခံနိုင်အောင် နာကျင်နေသလို သွေးများက ယိုစီးထွက်နေဆဲ…။



www.burmeseclassic.com

www.burmeseclassic.com



ဘကွန်းသည် သူမြင်မက်ခဲ့သော အိပ်မက်အကြောင်းကို ပြန်တွေးပြီး ရင်ထဲတွင် တဆတ်ဆတ်ခုန်နေသည်။ အိပ်မက်ထဲမှ မင်းသမီးလေး၏ မျက်နှာကိုအတွေးထဲတွင် မြင်ယောင်နေမိ၏။ သူမြင်မက်ခဲ့သည့်အိပ်မက်က ရုပ်ရှင်ဇာတ်ကားကြည့်ရသည့်နှယ် ထင်ထင်ရှားရှား။ သူက မင်းသမီးလေး၏ ပိုင်နက်သစ္စာနယ်မြေ ထဲသို့ ကျူးကျော်ဝင်ရောက်မိသည့် ရာဇဝတ်သားဖြစ်နေသည်။ ကြိမ်ဒဏ်အရိုက်ခံရသည်မှာ ကျောကော့သွားမတတ်။ အော အည်းမနေနိုင်၍ အသံကုန်ဟစ်၍ အော်နေမိ၏။

ဘကွန်းသည် ကျောက်ဂူကြီးရှိရာသို့ လှမ်းကြည့်လိုက်မိ၏။ ကျောက်ဂူကြီးဘက်မှ တိတ်ဆိတ်ငြိမ်သက်နေသည်။

'ဟင်'

ကျောက်ဂူအတွင်းပိုင်းမှ အလင်းရောင်သည် အပေါ်သို့ ထွက်နေသယောင် မြင်နေရ၏။ ညအမှောင်ထဲတွင် အလင်းရောင် ပေါ်ထွက်နေခြင်းသည် အံ့သြစရာကောင်းနေ၏။ ဘကွန်းသည် အိပ်ပျော်သွားအောင် ကြိုးစားပေမယ့်မရ။ ဟိုသည်တွေးရင်း မိုးစင်စင်လင်းသွားသည်။ ကျောက်ဂူအပေါ်ပိုင်း ခြုံနွယ်ပိတ်ပေါင်း များကြားမှ တောကြက်များ အုပ်စုလိုက် အိမ်တန်းဆင်းလာ သည်ကိုဘကွန်းက လှမ်းမြင်သည်။





ဘကွန်းသည် လှဲနေရင်းမှ အားယူ၍ထသည်။ သူ့ဘေး နားတွင် ချထားသော ကျားသားရေက အညှီနံ့များထွက်နေသည်။ သူ ဆင်စခန်းသို့ အမြန်ဆုံးရောက်အောင် သွားနိုင်ဖို့ ကြိုးစားရ သည်။ ရက်တွေသိပ်ကြာနေလျှင် ကျားသားရေ အစိုအစွဲအသားစ များကြောင့် ပုပ်စော်နံတော့မည်ကို ဘကွန်းက သိနေသည်။ ဘကွန်းသည် အားတင်းပြီး လမ်းလျှောက်ကြည့်၏ လမ်းလျှောက် ၍ရသဖြင့် ဘကွန်း ဝမ်းသာသွားသည်။ ကျားသားရေကို ထမ်း ကာ နေထွက်သောအရပ်၏ အနောက်အရပ်ဆီသို့ လာခဲ့သည်။ တောတွင်းတွင် တွေ့သော သစ်သီးများကို နှုးစားသည်။ ဗိုက် ထဲ ဝင်းတော့ အားပြည့်လာသလို ခံစားရသည်။

'ဟော… ဟိုမှာ ဘကွန်း'

ဆင်ဦးစီး ငါးဦးက ဆင်ငါးကောင်ကို စီးလျက် ဘကွန်း ရှိရာသို့ ရောက်လာသည်။ ဘကွန်းအားတက်သွားသည်။ ရပ်နေ သည့်နေရာတွင် ထိုင်ချလိုက်၏။

'ဘကွန်း ဆင်စခန်းကို မင်းပြန်မလာလို့ ကျောင်းစုရပ် ထဲက မင်းအဘိုးအဘွားတွေအိမ်ကို သွားမေးကြတယ်၊ မင်းမလာ ဘူးဆိုတာသိရတော့ ငါတို့စဉ်းစားရခက်သွားတယ်၊ တောခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးက မင်းဟာ သူ့အဖေကိုသတ်သွားတဲ့ကျားကို အခဲမကြေ ဖြစ်နေတယ်၊ မုဆိုးဖိုးလုံးဆီမှာ တပည့်ခံပြီး မုဆိုးပညာသင်နေ တာကိုလည်းသိနေတော့ ဘကွန်းဟာ ကျားကိုတောထဲမှာ သွားရှာ နေတာဖြစ်မယ်၊ ဒီကောင်လေး တောတွင်းအတွေ့အကြုံမရှိဘဲနဲ့ သွားတာ အန္တရာယ်ဖြစ်တော့မှာပဲ စိုးရိမ်ပြီး ငါတို့ကို တောနင်းရှာ နိုင်းတာ သုံးရက်ရှိပြီ ဘကွန်းရဲ့'

ဆင်ဦးစီးဦးသန်းထွေးက ဆင်ကို မြေကြီးပေါ်သို့ ဝပ် နိုင်းပြီး အောက်သို့ဆင်းလာသည်။ ဘကွန်းက အားယူ၍ဖြုံးဖြ သည်။ ဆင်ဦးစီး ဦးသန်းထွေးက ဘကွန်းအနီးချထားသော ကျား သားရေပုံကိုကြည့်ပြီး အံ့အားသင့်သွား၏။

'ဘကွန်း… မင်း… မင်း…'

စကားကထစ်ငေါ့နေသည်။ ဆင်ဦးစီးဦးသန်းထွေးက အခြားဆင်ဦးစီးများအား ကျားသားရေပုံကို လက်ညှိုးထိုးပြသည်

'ဟုတ်တယ် ဦးသန်းထွေး၊ ကျွန်တော် ကျားမကြီးကို သတ်ပြီး ကျားသားရေကို ဖြတ်ယူလာတာ'

'ကျားသေက ဘယ်မှာလဲ'

'ဟိုးအဝေးကြီးမှာ ထားခဲ့ရတယ်၊ တစ်ညအိပ်မက ခရီး သွားရမယ်'





'ဟင်… အသားတွေပုပ်ပွနေလောက်ရောပေါ့'

ဆင်ဦးစီး ဦးသန်းထွေးက ကျားသားရေကို ဆင်ဦးစီးတစ် ဦး၏ ဆင်ပေါ်သို့ တင်ပေးသည်။ ဘကွန်းကိုပွေ့ချီပြီး ဆင်းဦး ကင်းပေါ်သို့တင်သည်။ ဘကွန်းကို ဖက်ထားပြီး ဆင်ကိုထစေ ၏။

ဆင်ဦးစီးများသည် ဆင်စခန်းသို့ ဦးဘည်ပြီး ပြန်လာခဲ့ ကြသည်။

'ဘကွန်း မင်း မသေကောင်းမပျောက်ကောင်းကွာ၊ အင်း ဒါပေမဲ့ မင်းသတ္တိကိုတော့ ချီးကျူးတယ်ကွာ၊ ကျားတစ်ကောင်ကို သတ်နိုင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ မင်းတစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်တွေက မနည်းပါလား'

ဘကွန်းက တောတွင်းအတွေ့အကြုံများကို ဆင်ဦးစီးများ အား ပြောပြနေ၏။ ဆင်ဦးစီးများက ဟာခနဲ ဟင်ခနဲ အသံများ ဖြင့် အံ့သြနေကြသည်။

'ဟင်… ကျားသားပေါက်ကလေးတွေက ဘယ်ပြေး နေကြသလဲ မသိဘူးနော်'

'ကျွန်တော်က ကျားမကြီးကိုပဲ သတ်ချင်နေတာကိုး၊



www.burmeseclassic.com

www.burmeseclassic.com



ကျားကလေးတွေကိုတော့ သနားပြီး သတ်မိမှာမဟုတ်ပါဘူး။ ကြီးနိုင်ငယ်ညှင်း မလုပ်ပါဘူး'

ဘကွန်းတို့ ဆင်စခန်းသို့ပြန်ရောက်လာကြသည်။ တော ခေါင်းကြီးက ဘကွန်းကို ပွေ့ဖက်ထားသည်။

'ငါက မင်းကို ငါ့သားသမီးလိုသဘောထားပြီး ချစ်ေ တာကွ၊ မင်းက မခံချင်စိတ်နဲ့ သွားလုပ်တာတော့ ဟုတ်ပါရဲ့ မင်းသာ ကျားစာဖြစ်သွားရင် စိတ်ထဲမှာ ဖြေသိမ့်လို့ရမှာမဟုတ် တော့ဘူး'

တောခေါင်းကြီးက မြို့မှ ကျန်းမာရေးမှူးတစ်ယောက်ကိ သစ်ထုတ်လုပ်ရေးကားဖြင့် သွားခေါ်ခိုင်းသည်။ ဘကွန်းခန္ဓ ကိုယ်မှ ဒဏ်ရာများကို ဆေးထည့်ခိုင်းသည်။ ဆေးထိုးဆေ သောက်စေသည်။ ဘကွန်း၏ တောတွင်းအိပ်မက်ကိုနားထောင်ပြီ ပင့်သက်မိနေကြလေ၏။

'မင်းပြောသလိုဆိုရင် မင်း ညအိပ်ရပ်နားခဲ့တဲ့နေရာဟာ သာယာဝတီ သစ်တောကြိုးဝိုင်းအပိုင်မဟုတ်သလို၊ မင်းလှုသ တောကြိုးဝိုင်းအပိုင်လည်း မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတေ ငါက မင်းလှုသစ်တောကြိုးဝိုင်းထဲမှာ (၇)နှစ်ကျော်ကြာအေ





ဝန်ထမ်းခဲ့ဖူးတယ်ကွ၊ အဲဒီကျောက်ဂူရှိတဲ့နေရာဟာ အုတ်ဖို တောကြိုးဝိုင်းရဲ့ အရှေ့ဘက်မှာရှိတာ သေချာတယ်၊ မင်းပြော တဲ့ အိပ်မက်က ဂမ္ဘီရဆန်လိုက်တာ ဘကွန်းရယ်'

'မင်းသမီးလေး ချောမောလှပတာကတော့ ပြောစရာ ရာ မရှိဘူး'

'မင်းဒဏ်ရာအရှိန်ကြောင့် အပြင်းဖျားပြီး ဂယောင် ာမ်း မြင်မက်တာထင်တယ်'

'ဘာပဲဖြစ်ဖြစ် ဘကွန်းဟာ ကျားကတောင် အရှုံးပေး ဲ့ ကောင်ဖြစ်သွားပြီမို့ ကျားမနိုင်ဘကွန်းလို့ အမည်ပေးရတော့ ဲ'

'ဟုတ်တယ်၊ ကျားမနိုင်ဘကွန်း၊ ကျားမနိုင်ဘကွန်း'

ဆင်လုပ်သားမိသားစုများ၏ အော်ဟစ်အားပေးသံက ည်သွားသည်။ ထိုအချိန်မှစ၍ ဘကွန်းသည် 'ကျားမနိုင် ကွန်း' ဘွဲ့ကို ရရှိသွားလေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ဦးဘကွန်းက သူ့စကားဆုံးသည်နှင့် ပလပ်စတစ်အိတ် ထဲမှ ကွမ်းယာပစ္စည်းများကိုထုတ်ကာ ကွမ်းတစ်ယာ ယာစား ၏။ ကျွန်ုပ်က ဦးဘကွန်း၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေ သည်။

ဦးဘကွန်းက အမဲလိုက်ရင်း ရရှိထားသော သူ့တစ်ကိုယ် လုံးမှ ဒဏ်ရာအမာရွတ်များကို ကျွန်ုပ်အား ပြသလေ၏။

'မင်းက အသက်ငယ်သေးတယ်၊ မုဆိုးအတွေ့အကြုံ လည်း နည်းသေးတယ်၊ တောတွင်းထဲကို အမဲလိုက်သွား မျက်စိလျင် နားလျင်ရမယ်၊ သတိအမြဲရှိရမယ်၊ ငါက အသက် အရွယ်ရလာပေမယ့် အမဲလိုက်တုန်းပဲ'

'ကျွန်တော်က ဦးဘကွန်းပြောတဲ့ ပဲခူးရိုးမတောအတွင်း ကျောက်ဂူကြီးကို စိတ်ဝင်စားနေတယ်၊ လွန်ခဲ့တဲ့တစ်နှစ်လောက် က ကျွန်တော်တို့မုဆိုးသုံးယောက် ပဲခူးရိုးမတောင်ကို အမဲ ထွက်ခဲ့ဖူးတယ်၊ တောတွင်းတစ်နေရာမှာ သားကောင်ရှာဖွေ တောခြောက်ခံရလို့ ကြောက်လန့်ပြီး ပြေးခဲ့ရတာ'

'တောတောင်တို့ဟာ မာယာများတယ်၊ သတိ ဝီရိ ရှိရတယ်၊ မင်းအသက်က ငယ်ပါသေးတယ်၊ မုဆိုးအတွေ့





အကြုံတွေ အများကြီးလိုသေးတယ်၊ ငါ အမဲပစ်ထွက်တဲ့အခါ နောက်လိုက်မုဆိုးလိုက်လုပ်ပေါ့'

'ဟုတ်ကဲ့ပါ အဘ'

ကျွန်ုပ်သည် မုဆိုးကြီး ကျားမနိုင်ဘကွန်းနှင့်အတူ တောထဲတွင် အကြိမ်ပေါင်းများစွာ အမဲလိုက်ရင်း အတွေ့အကြုံများ ရှာဖွေခဲ့လေ၏။

♠

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

## ရွှေဟောင်း လှေသုံးစီး

၁၉၉၄ ခုနှစ်၊ နွေဝင်ကာလကဖြစ်လေ၏။

သာယာဝတီမြို့နယ်၊ လှည်းလမ်းကူးကျေးရွာအုပ်စု၊ ရွှေလောင်းကန်ကျေးရွာအနီး သုံးဆယ်ချောင်းထဲတွင် သစ်တုံးအရှည်ကြီးတစ်ခု မျောပါလာသဖြင့်...

'ဟာ... ဟေ့... ဟို... ချောင်းထဲမှာ သစ်တုံးအရှည်ကြီးမျောပါလာတယ်'

ရွာသားတစ်ဦးက ရွာသားများကို အော်ပြောသည်။ ရွာသားများက ချောင်းကမ်းပါးသို့ ပြေးလာပြီး ကြည့်နေကြလေ၏။

'အေး... ဟုတ်သားပဲကွ'





'ကျွန်းတုံးကြီးထင်တယ်၊ တောထဲမှာ ခုတ်လှဲထားတာ တောင်ကျရေဆင်းတာနဲ့ မျောပါလာတာဖြစ်မယ်၊ ကျွန်းတုံးကြီးကို သွားဆယ်ထားမိလို့ ဥပဒေအရ အရေးယူခံနေရပါဦးမယ်'

ကျွန်းတုံးကြီးက ချောင်းရေထဲတွင် ဘယ်ညာလူးလွန့်ပြီး မျောပါနေရာ သစ်သားလုံးချောမဟုတ်ဘဲ သစ်လုံးထက်ခြမ်း အရှည်ကြီးဖြစ်နေကြောင်း သိရသဖြင့် ရွာသားများက ချောင်းထဲသို့ ခုန်ဆင်းပြီး ရေကူးကာ ကျွန်းတုံးကြီးအား ဆယ်ယူလိုက်သည်။ သစ်လုံးကို ကြိုးဖြင့်ချည်ကာ ချောင်းကမ်းပါးအနီးမှ သစ်ပင်တွင် ချည်ထားလိုက်၏။

'သစ်လုံးခွင်းလှေကြီးကွ၊ တောတွင်းထဲက မျောပါလာသလား မသိဘူး'

ရွာသားတစ်ဦးက ပြောသည်။

'ငါတို့ အဘိုးအဘွားတွေ ပြောဖူးတာကတော့ ပဲခူးရိုးမတောင်ခြေနေရာတွေဟာ ဟိုးရှေးယခင်က ရေတွေတစ်ခွင်တစ်ပြင်လုံး ဖုံးလွှမ်းနေတယ်တဲ့၊ အဲဒီနေရာတွေမှာ လှေနဲ့သွားရတယ်လို့ဆိုတယ်'

'ဟာ... ဒါဆိုရင် ဒီသစ်လုံးခွင်းလှေတွေရဲ့ သက်



www.burmeseclassic.com

www.burmeseclassic.com



တမ်းက မနည်းတော့ဘူးထင်တယ်၊ ဒီလောက်နှစ်ပေါင်းများစွာ ကြာတာတောင် မပျက်စီးသေးဘူးနော်’

ချောင်းရေကျသွားလျှင် ရွာသားများက ချောင်းထဲမှ သစ်လုံးထွင်းလှေကို ကမ်းပါးပေါ်သို့ရောက်အောင် ခဲရာခဲဆစ် သယ်ယူကြလေ၏။ ရွှေလောင်းတန်ရွာတွင် ချောင်းထဲမှ သစ်လုံးထွင်းလှေတစ်စင်းကို ဆယ်ယူထားသည်ဆိုသည့် သတင်းက ပတ်ဝန်းကျင်ကျေးရွာများသို့ ပျံ့နှံ့သွားသည်။

ထို့အတူ တစ်ခုသောနေ့တစ်နေ့တွင် ရွှေလောင်းကန်ရွာသား ဦးကိုလေးနှင့် ဦးလှကြည်တို့သည် ရွှေလောင်းကန်ရွာ၏ အရှေ့မြောက်ဘက်နန်းမပေါက်ရွာအနီးသို့ လာခဲ့ကြရာ သုံးဆယ်ချောင်းကမ်းစပ်တွင် . . .

‘ကိုလှကြည်’

‘ဘာလဲကွ’

‘ချောင်းကမ်းစပ်မှ သစ်တုံးကြီးတစ်တုံးပါလား’

‘ဟုတ်တယ်ကွ၊ မြေသားထဲမှာ နစ်မြုပ်နေတဲ့ သစ်သားတုံးကြီး၊ အခုချောင်းရေတိုက်စားပြီး မြေသားတွေပြိုတော့ မြေကြီးထဲက ပေါ်လာတာ’





‘ဟုတ်တယ်၊ ကျုပ်တို့ သွားကြည့်ရအောင်’

ဦးကိုလေးနှင့် ဦးလှကြည်က ချောင်းကမ်းစပ်နားသို့ ...င်းပြီး မြေကြီးထဲမှ ထိုးထွက်နေသော သစ်လုံးကြီးကို ကြည့် ...သည်။

‘အတော်ကြီးတဲ့ သစ်လုံးကြီးဗျ၊ မြေကြီးထဲမှာ နစ်မြုပ် ...တာ ဘယ်လောက်ကြာပြီလဲ မသိဘူး’

‘ဘယ်သိနိုင်ပါ့မလဲ ကိုလှကြည်ရယ်’

ဦးကိုလေးနှင့် ဦးလှကြည်တို့က ရွာမှ ရွာသားများကို ...ခေါ်ပြီး သစ်လုံးကြီးကို မြေကြီးထဲမှ ဖော်ထုတ်သည်။ ...ခါမှ မြေကြီးထဲမှ ဖော်ထုတ်ရရှိသော သစ်လုံးသည် လုံး...သစ်လုံးတစ်လုံးမဟုတ်ဘဲ သစ်ခေါင်းထွင်းလှေကြီးဖြစ်နေ ...သိရတော့၏။ ဦးလှကြည်နှင့် ရွာသားများက သစ်ခေါင်းထွင်း ...ကြီးအား တိုင်းတာကြည့်ရာ အရှည်(၁၈)တောင်၊ လုံးပတ် ...ပေ၊ ဝမ်းဗိုက်အကျယ် တစ်ထောင့်ထွာခန့်၊ လှေဝမ်းဗိုက် ...က် တစ်ထောင့်ထွာခန့်ရှိကြောင်း သိရသည်။ ဦးကိုလေး၊ ...ကြည်နှင့် ရွာသားများက သစ်လုံးထွင်းလှေကြီးကို ချောင်း ...ပါးပေါ်သို့ရောက်အောင် ခဲရာခဲဆစ် သယ်ယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမှ လှည်းလမ်းကူးရွာ ဘုန်းကြီးကျောင်းအောက်သို့ သယ်ယူပြ
ပို့ထားခဲ့သည်။ ရှေးဟောင်းလှေကြီးနှစ်စင်းတွေ့သည့် သတ
ကြောင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများ
လာရောက်ကြည့်ရှုနေကြသည်မှာ နေ့စဉ်နှင့်အမျှ။

ဘာမှမကြာ။ ရွှေလောင်းကန်ရွာသား ဦးချစ်ပေါင်းသ
နန်းမပေါက်ရွာကို ဖြတ်ပြီး တောထဲသို့ ထင်းခုတ်ရန်လာခဲ့
၏။ သုံးဆယ်ချောင်းကမ်းပါးပြိုကျနေသည့်နေရာသို့ အရော
တွင် သစ်လုံးကြီးတစ်လုံး မြေကြီးထဲမှ ထိုးထွက်နေသည်
မြင်၍ ရွာသို့ပြန်သွားပြီး ရွာသားများကို ပြောပြသည်။ ရွာ
များက အဆိုပါသစ်လုံးကြီးကို လူအင်အားဖြင့် တူးဖော်ခဲ့သ

'ဟင်... သစ်လုံးထွင်းလှေကြီးတစ်စင်းတွေ့ပြန်ပြ

ထိုသစ်လုံးကိုလည်း လှည်းလမ်းကူးရွာဘုန်းကြီးကျေ
အောက်သို့ သယ်လာခဲ့ကြသည်။ ရှေးဟောင်းလောင်းလှေ
စင်းကို အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်ကြစေရန် ပြ
ထားခြင်းဖြစ်လေ၏။ တတိယမြောက်တွေ့ရှိသော လောင်း
ကြီးသည် ဒုတိယမြောက်တွေ့ရှိသော လောင်းလှေကြီးနှင့် အ
ပုံသဏ္ဍာန်၊ အရွယ်အစား အားလုံးတူညီသည်။





ထိုသတင်းကြောင့် ကျွန်ုပ်သည် လှည်းလမ်းကူးရွာ ဘုန်းကြီးကျောင်းအောက်တွင်ထားရှိသော လောင်းလှေကြီးသုံးစင်းကို ကြည့်ရှုလေ့လာပြီး တွေ့ရှိသောနေရာ၊ တွေ့ရှိသောသူများနှင့် လောင်းလှေကြီးသုံးစင်းကို မှတ်တမ်းဓာတ်ပုံများ ရိုးကူးထားခဲ့သည်။ ကျွန်ုပ် သိလိုသမျှကိုလည်း ရွာသားများအား မေးမြန်းပြီး ရေးမှတ်ထားခဲ့လေ၏။

ကျွန်ုပ်သည် လှည်းလမ်းကူးကျေးရွာ ဝန်းကျင်အနှံ့သို့ စိတ်တိုင်းကျလေ့လာပြီးသည်နှင့် မြို့သို့ပြန်ရန် ပြင်ဆင်လေ၏။ ထိုအခါ လှည်းလမ်းကူးရွာမှ သူငယ်ချင်းက သူ၏အိမ်တွင် သီးတင်းတစ်ပတ်ခန့် နေထိုင်ပါဦးဟု တားသဖြင့် ကျွန်ုပ်မှာ အားတုံ့အားနာဖြင့် နေရလေ၏။ လှည်းလမ်းကူးရွာမှ ရွာသူရွာသားများသည် ရိုးသားပွင့်လင်းသူများပီပီ စကားပြောဆိုကြရင်းမှ ခင်မင်သွားကြလေ၏။ ကျွန်ုပ်အား နံနက်စာ၊ နေ့လည်စာ၊ ညစာစသဖြင့် ထမင်းဖိတ်ကျွေးကြ၏။ ကျွန်ုပ်မှာ ရွာထဲမှ အိမ်များတွင် ထမင်းအလှည့်ကျစားနေရလေ၏။ ညဘက်တွင် ကျွန်ုပ်သည် ရွာမှလူကြီးလူငယ်များနှင့် လက်ဖက်ရည်ကြမ်းသောက် ပဲလှော်စားရင်း ဝိုင်းဖွဲ့နေသည်မှာ ညစဉ်ညတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့လယ်ခင်းတွင် လှည်းလမ်းကူးရွာမှ သူငယ်ချင်းက ကျွန်ုပ်ကို ရွှေလောင်းကန်ရွာအနီး ကမ်းနီးရွာမှာ ဦးဖိုးဆိတ်အိမ်သို့ အလည်အပတ်ခေါ်သွားလေ၏။ အဘဦးဖိုးဆိတ်သည် အသက် ၇၄ နှစ်ရှိပြီဖြစ်ကြောင်း သိရလေ၏။ တောသားကြီးဖြစ်ပေမယ့် စကားပြောကောင်း၏။ ယခုတွေ့ရှိထားသော လှေဟောင်းသုံးစင်းနှင့် ပတ်သက်၍ ခိုင်မာသောသမိုင်းဇာတ်လမ်းတစ်ခုကို စိတ်ဝင်စားစရာဖြစ်အောင် ပြောဆိုပြခဲ့လေ၏။ (ထိုသမိုင်းဇာတ်လမ်းကို စာရေးသူက ဂမ္ဘီရဇာတ်လမ်းအနေဖြင့် သီးခြားရေးသားဖော်ပြရန် စိတ်ကူးထားသဖြင့် သည်နေရာတွင် မတင်ပြလိုတော့ပါ)

အဆိုပါ သစ်လုံးတွင်း လောင်းလှေကြီးများကို ဥက္ကံမြို့တဘူလှမြို့ကို တည်ထောင်ခဲ့သော သမိန်ဗရမ်းကား (ခေါ်) မရမ်းကားနှင့် သူ့ချစ်သူမင်းသမီးလေး၊ ရဲမက်ဗိုလ်ပါတို့ ပဲခူးရိုးမတောင်ခြေ ရေပြင်ဖုံးလွှမ်းနေသောနေရာများတွင် သွားလာရန် အသုံးပြုခဲ့ကြကြောင်း သက်သေအထောက်အထားခိုင်လုံစွာဖြင့် ပြောဆိုခဲ့သည်။ ကျွန်ုပ်အတွက် သက်သေအထောက်အထားများ ရရှိခဲ့သည်။ မြို့သို့မပြန်သေးဘဲ သူ့အိမ်တွင် နေပါဦးဟု တား





ားသော သူငယ်ချင်းကို များစွာကျေးဇူးတင်နေမိလေ၏။

ကျွန်ုပ်သည် နေ့လယ်စာ ထမင်းစားပြီးသည်နှင့် အိမ်အောက်ထပ်ကွပ်ပျစ်ပေါ်တွင် လှဲလျောင်း၍ စာဖတ်ရင်း အိပ်ပျော်သွားလေ၏။ ကျွန်ုပ်၏ ခန္ဓာကိုယ်သည် တစ်စုံတစ်ဦး၏ သယ်ဆောင်ရာသို့ ပေါ့ပါးစွာပါသွားသည့်နှယ် ခံစားနေရလေ၏။

ကျွန်ုပ်သည် လူးလဲထကာ ကြည့်လိုက်မိတော့…

'ဟင်'

ကျွန်ုပ်မှာ အံ့ဩသွားရလေ၏။ ကျွန်ုပ်သည် သစ်သား င်းလှေကြီးတစ်စင်းပေါ်သို့ မည်သို့မည်ပုံရောက်နေသည်ကို ုးစားမရ။ ကျွန်ုပ်ကြည့်လေရာ မြင်ကွင်းများသည် ရေပြင်များ ဖုံးလွှမ်းနေလေ၏။ လှေသည် ရေစီးအတိုင်းမျောပါနေလေ လှေပေါ်တွင် လှော်ခတ်စရာဟူ၍ ဘာမှမတွေ့ရ။ ပတ်ဝန်း င်တွင်လည်း မည်သူ့ကိုမှ မတွေ့ရ။ အရှေ့ဘက်အရပ်တွင် းစိုသော သစ်ပင်များနှင့် တောင်တန်းကြီးတစ်ခုကိုမြင်ရသည်။

ကျွန်ုပ်ရောက်ရှိနေသော အရပ်သည် မည်သည့်နေရာ

အဘယ်ကြောင့် ဤနေရာသို့ ကျွန်ုပ်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေရသလဲ။ လေမတိုက်၊ လှိုင်းမထန်ဘဲ လောင်းလှေက ရေထဲတွင် လူးနေသည်။ ကျွန်ုပ်သည် လှေနံနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ ထိုင်နေမိလေ၏။ လောင်းလှေ၏ လှုပ်ရှားမှုက ပို၍ ကြမ်းတမ်းလာသည်။ မလျှော်ခတ်ပါဘဲ လောင်းလှေက ရှေ့သို့သွားနေသည်။ ကျွန်ုပ်အား ကူညီမည့်သူမရှိ။

ရေပြင်ထဲမှတစ်နေရာတွင် သစ်လုံးများပေါ်လောပေါ်နေသည်ကို မြင်ရ၏။ အိမ်ကြီးတစ်လုံးစာ ဆောက်လုပ်၍ရသော သစ်လုံးအရွယ်မျိုးစုံဖြစ်၏။ လောင်းလှေသည် ရေယာဉ်ကြောတွင် မျောနေရင်းက ဦးပိုင်းက တဖြည်းဖြည်းမော့လာသည်။ လောင်းလှေ၏ဦးပိုင်းကို ရေထဲမှတစ်စုံတစ်ဦးက မြှောက်ပင့်ထားသည့်နှယ်ဖြစ်လာသည်။ ကျွန်ုပ်သည် လောင်းလှေ၏အလယ်မှ နောက်ပိုင်းသို့ လျှောကျလာပြီး လောင်းလှေနှင့်အတူ ရေထဲသို့ နစ်မြုပ်သွားလေ၏။

'အား... အောင်မလေး'

'ဝုန်း'

လောင်းလှေကြီးသည် ရေပြင်ပေါ်သို့ အရှိန်ပြင်းစွာဖြင့် ပြန်ကျလာပြီး ရေထဲသို့ စုံးစုံးနစ်သွားလေ၏။ ကျွန်ုပ်မှာ ရေထဲ





တွင် ကူးခတ်နေမိ၏။ အရှေ့ဘက်သစ်တောအုပ်သို့ ကူးခတ်ရသည့် ခရီးအကွာအဝေးက မဝေးလှ။ ကျွန်ုပ်သည် ရေထဲတွင် ကူးခတ်ရင်း ခြေကုန်လက်ပန်းကျလာသည်။

'ငါ... ငါ... ရေနစ်သေရတော့မယ်'

ဆိုသည့်အတွေးက ဝင်လာသည်။ ထို့ပြင် ရေအောက်မှ ကျွန်ုပ်ခြေထောက်နှစ်ဖက်ကို ဆွဲကာ ရေထဲသို့ခေါ်နေသဖြင့် ကျွန်ုပ် နစ်မြုပ်သွားသည်။ ကျွန်ုပ်သည် အင်အားရှိသမျှ ရုန်းကန်ပေမယ့် မရ။ အသက်ရှူတွေကျပ်လာသည်။ ရေတွေက နှာခေါင်းထဲသို့ ဝင်လာသည်။ မွန်းကျပ်လာ၏။ ကျွန်ုပ်သည် ဘာဆိုဘာမှမသိ တော့...။

'အဟီး... အဟင့်...'

'ဟာ... ဘသိန်း၊ မင်း အသားတွေ ပူခြစ်နေပါလား၊ အစမ်း... မင်းအဖျားတွေတက်နေတယ်၊ ဆေးသောက်ရအောင်'

သူငယ်ချင်းဖြစ်သူ အောင်ကျော်က လှုပ်နှိုးသဖြင့် လန့်နိုးသွားသည်။ လှည်းလမ်းကူးရွာထဲမှ ဆူညံနေသောအသံများကို ကြားသဖြင့်...

'ရွာထဲမှာ ဘာတွေဖြစ်နေတာလဲ အောင်ကျော်'



www.burmeseclassic.com

www.burmeseclassic.com



'လောင်းလှေတွေ မြေကြီးထဲနစ်နေပြီး ပေါ်နေတာကို ထင်းတုံးတင်ပြီး ငါးမန်းနဲ့ဖြတ်ခဲ့တဲ့ အောင်ဒွေးနဲ့ အုန်းမြင့်တို့ ဘာဖြစ်မှန်းမသိပါဘူး။ သူတို့လည်ပင်းကို ဖျစ်ညှစ်ခံရတယ်ဆို ပြီး လန့်အော်နေလို့ ကြိုးနဲ့တုပ်ထားရတယ်၊ လောင်းလှေတွေကို ငါးမန်းနဲ့ဖြတ်ပြီး ထင်းခွဲခြမ်းလုပ်ရောင်းမယ်ဆိုတဲ့ အရက်သမား တွေလည်း သွေးတွေအန်နေလို့ ဆေးရုံကို ချက်ချင်းသွားပို့နေ တယ်၊ ဘာတွေဖြစ်နေကြမှန်း မသိပါဘူး'

'ဟာ… ငါလည်း ထမင်းစားပြီး စာဖတ်နေရင်း အိပ် ပျော်သွားတော့…'

ကျွန်ုပ်က ကျွန်ုပ်မြင်မက်သော အိပ်မက်ဆိုးအကြောင်း ကို အောင်ကျော်အား ပြောပြလိုက်၏။

'အဘဦးဖိုးဆိတ်ပြောသလို ရေပြင်ဖုံးလွှမ်းနေတဲ့ ဒီနေရာမှာ နေသွားခဲ့ကြတဲ့သူတွေ သေဆုံးသွားပြီး မကျွတ်မလွတ် သေးဘဲ ပရလောကသားအနေနဲ့သွားလာနေကြတယ် ထင်တယ် လောင်းလှေတွေကို ဖျက်ဆီးဖို့ကြံစည်တဲ့သူတွေတော့ ဒုက္ခတွေ ကြုံတာမျက်မြင်ပဲ၊ မင်းက လောင်းလှေတွေအပေါ်မှာ ဘာ မရိုး သားတဲ့စိတ် မွေးခဲ့မိသလဲ ဘသိန်း၊ ငါ့ကို အမှန်အတိုင်းပြောစမ်း'





'ဒီရှေးဟောင်းလောင်းလှေသုံးစီးကို အများသူငါလေ့လာ ရအောင် သက်ဆိုင်ရာလူကြီးတွေထံ ဆက်သွယ်ပြီး ပို့ရရင် ကောင်းမယ်လို့ ငါ စိတ်ကူးမိလိုက်တာပဲ ရှိပါတယ်'

'ဒီလောင်းလှေတွေမှာ အစောင့်အရှောက်တွေရှိမှာတော့ သေချာတယ်၊ အဲဒါကြောင့် မင်းတို့ကို သတိပေးတာဖြစ်မယ်'

'ငါက ကောင်းတဲ့ဘက်က စဉ်းစားကြည့်တာပါ'

'မစဉ်းစားနဲ့တော့ ဘသိန်း'

'အေးပါကွာ'

ကျွန်ုပ်က အိပ်မက်ကို ပြန်မစဉ်းစားတော့။ မြို့သို့ ပြန် ချင်ပေမယ့် မပြန်ရသေး။ တစ်နေ့နေ့လည်ရွာလယ်မှ ကိုသောင်း ကြည်၏ အိမ်တွင် ဝိုင်းဖွဲ့စကားပြောနေကြစဉ် လုံချည်ကို ခပ်တို တိုဝတ်ဆင်ထားသော အသက် (၆၅)နှစ်အရွယ် လူကြီးတစ်ဦးက ခြံထဲသို့ဝင်လာသည်။ ထိုလူကြီးလမ်းလျှောက်သည်က ထော့နင်း ထော့နင်းနှင့်။ ညာဘက်ခြေသလုံးကြွက်သားနေရာတွင် လက် လေးလုံးခန့် ချိုင့်ဝင်နေသည်ကို မြင်လိုက်ရသဖြင့် ကျွန်ုပ် စိတ် ဝင်စားသွားမိသည်။ ခြေထောက်တွင် မည်သည့် အနာရွတ်မှ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



'ဦးစံမောင်… ခင်ဗျားတူ ကျော်ဌေး သွေးတွေအန်လို့ ဆေးရုံတင်ထားတာ ဘယ်နှယ်နေသေးသလဲ'

ကိုသောင်းကြည်က လှမ်းမေးသည်။ ဦးစံမောင်က အိမ်အောက်ထပ်မှ ကွပ်ပျစ်တွင် ဝင်ထိုင်ရင်း…

'သက်သာတယ်လို့ ပြောတာပဲ၊ အရက်မူးမူးနဲ့ ဘာမှန်းညာမှန်းမသိ စိတ်ထင်ရာတွေ လျှောက်ပြောတော့ ခံရတာပေါ့၊ ငါကိုယ်တိုင် ခံစားခဲ့ရဘူးတော့ မမြင်ရဖူးတာတွေကိုတော့ ကြောက်တယ်ဟေ့'

'ဦးစံမောင်… လောင်းလှေသုံးစီးကိုလာပြီး လှေလာတဲ့ မြို့က အောင်ကျော်သူငယ်ချင်းက ဒီလောင်းလှေတွေကို ရန်ကုန်ပို့ကရင် စိတ်ဝင်စားသူတွေမြင်ရတာပေါ့လို့ တွေးမိတဲ့သူတောင် အိပ်မက်ဆိုးတွေမက်ပြီး အသိပေးတယ်'

'အဲဒါတွေနဲ့ပတ်သက်ပြီး မကောင်းတာလည်းမတွေးနဲ့၊ ကောင်းတာလည်းမတွေးနဲ့၊ အတော်ကြောက်စရာကောင်းတာပေါ့'

'ဘယ်လို ကြောက်စရာကောင်းတာလဲ အဘရဲ့၊ ကျွန်တော် နားလည်အောင် ရှင်းပြပေးပါဦး'





'အဘ ညာဘက်ခြေသလုံးအောက်က အသားတွေ သိမ်ပြီး ထော့နင်းထော့နင်းနဲ့ လျှောက်နေရတာတွေ့တယ်မဟုတ်လား'

'ဟုတ်ကဲ့ တွေ့ပါတယ်'

'အဲဒါအနာတရကြောင့် ဖြစ်တာမဟုတ်ဘူး၊ မရိုးသားတဲ့ စိတ်မွေးပြီး လောဘတက်မိလို့ ဒဏ်ခတ်ခံခဲ့ရတာ'

'အဘစကားကို ပိုပြီးနားမလည်သလိုဖြစ်လာပြီ'

ဦးစံမောင်၏ မျက်နှာက ပြုံးနေသည်။

'ဦးစံမောင်ရယ်… သူနားလည်အောင် ခင်ဗျားကြုံတွေ့ခဲ့ရတာကို ပြောပြလိုက်ပါ'

ကိုသောင်းကြည်က တိုက်တွန်းသည်။ ဦးစံမောင်က ခေါင်းညိတ်သည်။

'မင်းတို့လူငယ်တွေအတွက် သင်ခန်းစာယူစရာဖြစ်တာမို့ အဘပြောပြမယ်၊ ဟိုးလွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်ကပေါ့'

ဦးစံမောင်က သူ့လက်ထဲမှ ဆေးပေါ့လိပ်ကို သောက်နေရင်းမှ…

♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

## ပဲခူးရိုးမထဲက ကျောက်ဂူကြီးဆီသို့ ဆရာတော်နှင့် ဖိုးသူတော်

နွေရာသီကာလ၏ နေ့တစ်နေ့တွင် လှည်းလမ်းကူးရွ
အနီး နန်းစပေါက်ရွာသို့ ဆရာတော်တစ်ပါးနှင့်ဖိုးသူတော်တစ်ဦ
တို့ ရောက်ရှိလာကြလေ၏။ ရွာသူရွာသားများက အာဂန္တုဆရ
တော်အား အိမ်သို့ပင့်ဖိတ်ပြီး ဆွမ်းကပ်လှူကြလေ၏။ ဆရာတေ
၏ ဘွဲ့အမည်မှာ ဦးတေဇောဘာသဖြစ်ပြီး ဖိုးသူတော်မှာ ဦးစိန္
ဖြစ်ကြောင်း ရွာသူရွာသားများသိရလေ၏။ ဆရာတော်မှ တော
ထွက်ရဟန်းဖြစ်ပြီး သက်တော် ၆၃ နှစ်၊ ဝါတော် ၈ဝါသာ
သေး၏။ သချိုင်း၊ တော၊ တောင်များစွာသို့ ကြွရောက်ပြီး တရ





အားထုတ်နေသော ဆရာတော်ဖြစ်လေသည်။ ဆရာတော်က ရွာသူ ရွာသားများအား ငါးပါးသီလခံယူစေ၏။ အန္တရာယ်ပရိတ်တော်များ ရွတ်ဖတ်ပေးသည်။

'ဆရာတော်က ဘယ်ခရီးအထိ ကြွတော်မူမှာလဲဘုရား'

ရွာသားတစ်ဦးက မေးမြန်းလျှောက်တင်၏။

'ပဲခူးရိုးမတောကြီးအတွင်းက ကျောက်ဂူကြီးရှိရာကို သွားမှာကွဲ့၊ အဲဒီကျောက်ဂူကြီးထဲမှာ တရားထိုင် အဓိဋ္ဌာန်ဝင်ဖို့ သွားမှာ ဒကာရဲ့'

'အရင်တုန်းကလည်း ဆရာတော်က တောတွင်းထဲက ကျောက်ဂူထဲမှာ တရားသွားထိုင်ဖူးလို့လား ဘုရား'

အရာရာကိုသိတတ်ချင်သော ရွာသားလူထွန်းက မေးလျှောက်၏။

'ပဲခူးရိုးမတောထဲကို ပထမဦးဆုံးအကြိမ်သွားမှာကွဲ့'

'ဟင်... ပဲခူးရိုးမတောထဲမှာ ကျောက်ဂူကြီးတစ်လုံး ရှိတယ်ဆိုတာ ဆရာတော်က ဘယ်လိုသိတာလဲ ဘုရား၊ တောတွင်းထဲမှာ အရှင်ဘုရားထင်သလို ကျောက်ဂူကြီးမရှိရင်ကော ဘုရား၊ တောထဲတောင်ထဲမှာ သားရဲတိရစ္ဆာန်တွေနဲ့ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



များလွန်းလှပါတယ် ဘုရား'

ဒကာတစ်ဦး၏ လျှောက်တင်စကားကြောင့် ဆရာတော်ဦးဓေဓောဘာသမျက်နှာက သဲ့သဲ့ကလေး ပြုံးလာသည်။ ဆရာတော်မိန့်ကြားသော စကားကို ရှာသူရှာသားများက နားစွင့်နေကြလေ၏။

'ဆရာတော်က လူဝတ်ကြောင်ဘဝကတည်းက တရားအားထုတ်လာခဲ့တာ၊ သာသနာ့ဘောင်ကို ဝင်ပြီး အချိန်ပြည့်တရားနေတာလည်း (၈)နှစ်ကျော်လာခဲ့ပြီ။ သချိုင်းပေါင်းများစွာ ဘုရားပေါင်းများစွာ တောတောင်ပေါင်းများစွာထဲမှာ တရားအားထုတ်လာခဲ့တာကွ၊ တစ်ည ဆရာတော်ရန်ကင်းတောင်ပေါ်မှာ တရားအားထုတ်နေတုန်း မနောအာရုံထဲမှာ ရုပ်ပုံကားချပ်တွေထဲမှာ မြင်တွေ့ဖူးတဲ့ နတ်သားလိုလို ပုဂ္ဂိုလ်က 'အရှင်ဘုရား··· ပဲခူးရိုးမတောကြီးအတွင်းက ကျောက်ဂူကြီးထဲမှာ တရားအားထုတ်ပါဘုရား' လို့ လျှောက်တင်တယ်၊ အပြင်ဘက်မှာလာရောက်လျှောက်တင်သလိုပဲကွဲ့'

ဆရာတော်၏ မိန့်စကားကို ရှာသူရှာသားအားလုံးက စိတ်ဝင်စားသွားကြသည်။ ရှာသားလှထွန်းက···





'ပဲခူးရိုးမတောတွင်းထဲကို တပည့်တော်နဲ့ ရှာသားတွေနှစ်စဉ်နှစ်တိုင်း သစ်ခုတ်ဝါးခုတ်သွားနေတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ ဘုရား၊ တောထဲမှာ ဘယ်လိုကျောက်ဂူမျိုးမှ မတွေ့ဖူးပါဘူး ဘုရား'

'မနောအာရုံထဲမှာ နတ်ကောင်းနတ်မြတ်တွေက လာရောက်လျှောက်ထားတာဆိုတော့ ပဲခူးရိုးမတောကြီးအတွင်းမှာ ကျောက်ဂူကြီးရှိနေမယ်ဆိုတာ ဆရာတော်ကတော့ အကြွင်းမဲ့ယုံကြည်ထားတယ်၊ တောတွင်းထဲမှာ ကျောက်ဂူကိုမတွေ့တွေ့အောင် ရှာဖွေပြီး တရားအားထုတ်ဖို့ အဓိဋ္ဌာန်ပြုပြီး ဒီခရီးကို ထွက်လာခဲ့တာပဲ'

'အရှင်ဘုရားက သက်တော်ကြီးရင့်နေပါပြီ ဘုရား၊ တောတွင်းခရီးက အလွန်ကြမ်းတမ်းတာမို့ တပည့်တော်အနေနဲ့ ကြွစေချင်ဘူးဘုရား'

စောဒက လှထွန်းက လျှောက်တင်သည်။ ရှာသားများက လှထွန်းလျှာရှည်နေသဖြင့် မျက်နှာများ ရှုံ့မဲ့ကာ သဘောမကျဖြစ်နေကြ၏။

'ဘာမှစိတ်မပူပါနဲ့ ဒကာရယ်၊ ဆရာတော် အဓိဋ္ဌာန်ပြု



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသားမို့ ဒီခရီးကို မဖြစ်မနေ ကြွမှာပဲ၊ တောတွင်းထဲမှာ ကျောက်ဂူကြီးကို ရှာဖွေရင်း တောထဲတိရစ္ဆာန်တွေက အန္တရာယ်ပေးလို့ပဲဖြစ်ဖြစ် ရောဂါဘယကြောင့်ပဲဖြစ်ဖြစ် ပျံလွန်တော်မူသွားခဲ့ရင်တောင် တရားအားထုတ်ဖို့ ကြိုးစားနေတဲ့စိတ်တွေရှိနေလို့ မြင့်မြတ်ပါတယ်'

'ဆရာတော် ကြွချီတော်မူမယ့် ခရီးမှာ လိုအပ်မယ့် ဆွမ်းကွမ်းကိစ္စမှန်သမျှကို တပည့်တော်တို့ လှူဒါန်းပါ့မယ်ဘုရား'

'ကောင်းလေစွ၊ ကောင်းလေစွ၊ သာဓု... သာဓု... သာဓု'

ဆရာတော် ဦးတေဇောဘာသက ရှာသား ဦးချက်ဖောင်း၏ အိမ်တွင် ညဘက်ကျိန်းစက်ရန် စီစဉ်ပေးကြသည်။ ဆရာတော်က ရှာသူရွာသားများအား တရားအားထုတ်ခဲ့သော ကာလတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို မိန့်ကြားသည်။

'ဆရာတော် မဲခူးရိုးမတောတွင်း ခရီးကြွမယ့်ကိစ္စမှာ ဒကာဦးချက်ဖောင်းတို့ ရွာသားတစ်ဦးကို လမ်းပြအဖြစ်ခေါ်သွားချင်တယ်'





ဦးချက်ဖောင်းက တွေဝေကာ စဉ်းစားနေသည်။ ရွာသားများနှင့် ခွေးနွေးတိုင်ပင်နေကြ၏။

'ဆရာတော်က သတ္တဝါတွေအပေါ် မေတ္တာပို့သနေသူဆိုတော့ တောတွင်းတိရစ္ဆာန်တွေက ဆရာတော်တို့ကို ဘယ်လိုမှ ...မပြုဘူးဆိုတာတော့ ယုံကြည်ကြပါ၊ ဆရာတော်အနောက်ရိုးမ ...တောနက်ထဲက တောင်ကုန်းကြီးတွေပေါ်မှာ ရက်ပေါင်းများစွာ တရားအားထုတ်ခဲ့ဖူးတယ်၊ အဲသည်တုန်းက...'

*

ဆရာတော် ဦးတေဇောဘာသသည် အနောက်ရိုးမတောထဲသို့ တရားအားထုတ်ရန် ကြွလာခဲ့လေ၏။ အနောက်ရိုးမသည် တောတောင်ထူထပ်သော ဒေသဖြစ်၏။ ကျောက်တောင်များပေါ်တွင် ပေါက်ရောက်နေသော သစ်မာပင်ကြီးများက အလွန်မြင့်မားကြသည်။ ချောက်ကမ်းပါးများက မတ်စောက်သည်။

ဆရာတော်ဦးတေဇောဘာသသည် တောင်ပေါ်သို့ တက်လိုက်သည်။ ချောက်ကမ်းပါးဆင်းလိုက်နှင့် ခရီးနှင်လာရာ တော



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးအတွင်းသို့ ရောက်လာ၏။ တောနက်ကြီးထဲတွင် သွားလာကျက်စားနေကြသော တောကောင်များသည် လူရိပ်မြင်သည်နှင့် ဝေးရာသို့ပြေးသွားကြလေ၏။ သစ်ပင်ပေါ်ရှိ မျောက်များက အလန့်တကြား အော်မြည်ရင်း တစ်ပင်မှတစ်ပင်သို့ ကူးသွားသည်။ သစ်ကိုင်းပေါ်တွင်ထိုင်နေရင်း လိုက်ကြည့်နေသည်။

'မင်းတို့ကို အန္တရာယ်ပြုမယ့်သူ မဟုတ်ပါဘူး၊ မင်းတို့ သဘာဝအတိုင်း နေထိုင်ကျက်စားနေကြပါကွာ'

ဆရာတော်က တောင်ကုန်းပေါ်သို့တက်လာခဲ့၏။ တောင်ကုန်းတစ်ဖက်အဆင်းတွင် အရှေ့ဘက်တောင်ပေါ်မှ ကျလာသော စမ်းချောင်းတစ်ခုကို တွေ့ရ၏။ ဆရာတော်သည် တောင်ကုန်းပေါ်တွင် သီတင်းသုံးနေပြီး တရားအားထုတ်ရန် စိတ်ကူးလိုက်၏။ တောင်ကုန်းတစ်ဖက်သို့ ဆင်းသွားပြီး စမ်းချောင်းရေကို ဘုန်းပေး၏။ ကိုယ်လက်တို့ကို ရေသုံးသပ်သည်။ ညနေစောင်းလျှင် နေမင်းကြီးက အနောက်တောင်စောင်းများအကြားသို့ ငုပ်လျှိုးပျောက်ကွယ်သွားသည်။ အမှောင်ထုက ကြီးစိုးလာချိန်တွင် အအေးဓာတ်က ဝင်လာသည်။ ညအိပ်တန်းတက်ကြသော ကျေးငှက်များ၏ အော်မြည်သံက ဆူညံနေသည်။





ဆရာတော်သည် တောင်ကုန်းပေါ်တွင် ထိုင်ပြီး ဘုရားရှိခိုးသည်။ သတ္တဝါအပေါင်းတို့အား မေတ္တာပို့၏။ အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်သည်။ ပြီးနောက် တရားထိုင်နေတော်မူ၏။ တောတွင်းထဲမှ ကျေးငှက်များ၏ အော်မြည်သံများကို ကြားမိ၏။ ဆရာတော်၏ မနောအာရုံက စုစည်းသွားသည်။

'ဝေါင်း'

ကျယ်လောင်သော အသံကြီးနှင့်အတူ ကြီးမားသော ကျားကြီးတစ်ကောင်က တောင်စောင်းပေါ်သို့ တဖြည်းဖြည်းချင်း တက်လာ၏။ ဆရာတော်၏ မနောအာရုံထဲတွင် အဝါအနက်အစင်းများသတ္တဝါကြီးက သူ့နောက်ကျောနားသို့ လျှောက်လာသည်ကို မြင်နေရ၏။ တိုက်ခတ်နေသော လေနှင့်အတူ အညှီနံ့များကို ခံစားရသည်။ သတ္တဝါကြီးက ဆရာတော်နှင့် ဝါးတစ်ပြိုက်အကွာသို့ အရောက်တွင် ခြေလက်တို့ကို စုံရပ်ကာ နေလေ၏။ အသားစားသတ္တဝါကြီးသည် ဆရာတော်အား ခုန်အုပ်ပြီး ကိုက်ခဲရန် ဟန်ပြင်နေ၏။ ဆရာတော်က စိတ်ကိုလျှော့ချပြီး

'အို... သတ္တဝါကြီး သင် ငါ့ကိုအန္တရာယ် ပြုမလို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ငါသည် ကောင်းသောအလုပ်ကို လုပ်ကိုင်နေသော ရဟန်းတစ်ပါး ဖြစ်မေတယ်၊ သတ္တဝါများအပေါ်တွင် စာနာစိတ်ဖြင့် မေတ္တာထားသူဖြစ်တယ်၊ သင့်ကို ငါ ရန်မပြုသလို ငါ့အား သင်ရန်မပြုပါလင့်'

ဟု မနောအာရုံထဲမှ ပြောဆိုနေမိ၏။ ကျားကြီးသည် ရပ်နေရာမှ ကျောက်သားပေါ်သို့ ဝပ်ချပြီး ငြိမ်နေလေ၏။ ဆရာတော်သည် ဆက်လက်၍ တရားအားထုတ်နေခဲ့၏။ အသားစားကျားကြီးသည် ဝပ်နေရာမှ ဖြည်းညှင်းစွာ ထကာ တောင်အောက်သို့ ဆင်းသွားသည်ကို ဆရာတော် မသိရှာ။ အမိဋ္ဌာန်ပြီးမြောက်၍ ဆရာတော်က တရားထိုင်နေရာမှ ထလိုက်၏။

ကောင်းကင်ပေါ်တွင် လခြမ်းကလေးကသာနေသည်။ လရောင်သည် တောအုပ်ပေါ်သို့ ဖြာကျနေသည်။ ဆရာတော်သည် သူ၏နောက်ကျောဘက်သို့ လှည့်ကြည့်လိုက်၏။ ကျောက်သားပြင်အဖွေးသားကိုသာ မြင်ရသည်။ မည်သည့်သတ္တဝါကိုမျှ မတွေ့ရ။

'သတ္တဝါကြီး သင် ဘေးအန္တရာယ်ကင်းရှင်းပါစေ'

ဆရာတော်သည် လမင်းကြီးကိုမော့ကြည့်ပြီး ဘုရားကို အာရုံပြုနေသည်။





'ဝေါင်း'

မလှမ်းမကမ်းနေရာဆီမှ ကျားဟိန်းသံကို ကြားရသည်။ ...ျူးမနှောင်းပင် သတ္တဝါငယ်တစ်ကောင်၏ မချိမဆန့် ညည်း...ား အော်မြည်သံကိုလည်း ကြားလိုက်ရသည်။ သတ္တဝါငယ်...စ်ကောင်ကို ကျားကြီးက ကိုက်ခဲသွားပြီဟု သိလိုက်၏။

'ဟင်း... ကြီးနိုင်ငယ်ညှင်းဆဲပဲ၊ အားငယ်သူက အား...ီးသူရဲ့ အစာဖြစ်သွားပါလား၊ သတ္တဝါအချင်းချင်း ညှင်းပန်း...က်ခြင်းမှကင်းဝေးကြပါစေ၊ သတ္တဝါအချင်းချင်း ချစ်ခင်...င်နာကြပါစေ'

ဆရာတော်သည် ဆုတောင်းနေမိ၏။ ထို့နောက် ဆရာ...ာ်သည် တောင်ကုန်းထိပ်မှ ကျောက်သားပြင်ပေါ်တွင် လှဲ...ျောင်းကိန်းစက်လေ၏။

'ဝါး... ဟား... ဟား... ဟား'

တောတွင်းထဲမှ ကျယ်လောင်သော ရယ်မောသံများ...ကြောင့် ဆရာတော်သည် ကိန်းစက်နေရာမှ လန့်နိုးသွားလေ၏။ ...်စိကိုစုံမှိတ်ထားရင်း နားစွင့်၏။

'အား... အူး... ဝူး... ဝါး... ဟား'



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် စိတ်အာရုံကို စုစည်းထားလိုက်၏
ဆရာတော်၏ မနောအာရုံထဲတွင် လူသားနှင့်သတ္တဝါတို့ သတ်
ပုတ်နေကြသည့် မြင်ကွင်း။ လူသားအား သတ္တဝါက လက်
သည်းများဖြင့် ကုပ်ခြစ်နေသော မြင်ကွင်း၊ လူသားက သတ္တဝ
အား ဓားမြှောင်ဖြင့် ပြန်လည်ထိုးသတ်နေသော မြင်ကွင်း
သတ္တဝါ၏ မာန်ဖီသံ၊ လူသား၏ ကြိမ်းဝါးသံများက ဆူညံနေ
သလိုလို။

နောက်ဆုံးတွင် သတ္တဝါနှင့် လူသားတို့မှာ ဒဏ်ရ
အသီးသီးရရှိပြီး မြေကြီးပေါ်သို့ လဲကျသေဆုံးသွားသော မြ
ကွင်းက အထင်းသားပေါ်နေ၏။ ထို့နောက် လူသားနှင့်သတ္တ
တို့၏ အသေကောင်ရုပ်များသည် ရုတ်ခြည်းပျောက်ကွယ်သွ
၏။

ညည်းတွားသံ၊ ရယ်မောသံများကိုသာ ကြားနေရပြ
သည်။

'အင်း... ဒီတောင်ကုန်းခြေရင်းမှာ မုဆိုးနဲ့ဝက်ကြ
တစ်ကောင်တို့ သတ်ပုတ်တိုက်ခိုက်ကြပြီး သေဆုံးသွားကြတယ
နှစ်ဦးစလုံးဟာ ဒေါသစိတ်နဲ့ သေဆုံးသွားကြတာဖြစ်လို့





နေရာမှာပဲ ပရလောကသားအနေနဲ့ ရှိနေကြတယ်၊ မကျွတ်မလွတ်
ကြသေးဘူး၊ ပရလောကသားဘဝမှာလည်း အချင်းချင်းတိုက်
ခိုက်နေကြတဲ့အသံတွေကို ငါ ကြားနေရတာပဲ'

ဆရာတော်က တရားစာများရွတ်ဖတ်ပြီး အမျှအတန်းပေး
သေ၏။ တောတွင်းတစ်နေရာမှ နီရဲသော အလင်းတန်းတစ်ခုသည်
တောင်းကင်ပေါ်သို့ ပြန်တက်သွားပြီး အရပ်တစ်ခုသို့ ဆက်လက်
သွားလေ၏။ ဆရာတော်၏ မနောအာရုံထဲတွင် ဝက်ဝံတစ်ကောင်
ကိုသာ မြင်တွေ့နေမိ၏။

'အော်... မုဆိုးက သူတစ်ပါးအသက်ကို သတ်ဖြတ်ပြီး
အသက်မွေးဝမ်းကြောင်းပြုနေသူဖြစ်ပေမယ့် သူပြုခဲ့ဖူးတဲ့ ကောင်း
မှုသိုလ်ကြောင့် ငါ အမျှအတန်းပေးဝေသံကို ကြားပြီး သာဓု
ခေါ်မိတာနဲ့ ပရလောကသားဘဝက ကျွတ်သွားပြီထင်တယ်၊
အဟိတ် တိရစ္ဆာန်ဖြစ်တဲ့ ဝက်ဝံပရလောကသားကတော့ တရား
သံကြားရတာတောင် ဘာမှန်းမသိလို့ သာဓုမခေါ်နိုင်တာကြောင့်
တောင်းတဲ့ဘဝမှာ သံသရာလည်နေဦးတော့မှာပဲ'

ဆရာတော်သည် ကျောက်သားပြင်ပေါ်တွင် ပြန်လည်
ထိုင်နေ်းစက်လေ၏။ တောင်စောင်းပေါ်သို့တက်လာသည့် ခြေသံ



www.burmeseclassic.com

www.burmeseclassic.com



များကို သတိပြုမိသည်။ အပုပ်နံ့များက နှာခေါင်းထဲသို့ တိုး ဝင်လာသည်။ ဆရာတော်က တရားစာများ ရွတ်ဖတ်နေမိသည် တောင်အောက်သို့ ဆင်းသွားသော ခြေသံများကို ကြားမိ ဆရာတော်သည် တရားမှတ်ရှုရင်း အိပ်ပျော်သွားလေ၏။

*

'အဲသလို တောတောင်များစွာထဲမှာ တရားအားထုတ်လာ တာ ကြာပြီ၊ ဘယ်သားရဲတိရစ္ဆာန်ကမှ ဆရာတော်ကို အန္တရာယ် မပြုခဲ့ပါဘူး၊ အဲဒါကြောင့် ဒကာတို့ရွာသားတစ်ဦးကို လမ်းပြ အဖြစ်လိုက်ပါသောင်ရွက်ပေးဖို့ ဆရာတော်က အကူအညီတောင်း တာပါ'

ရွာသားများက တစ်ဦးမျက်နှာ တစ်ယောက်ကြည့်က ငြိမ်နေကြလေ၏။

'ဆရာတော်က တောတွင်းထဲက ကျောက်ဂူကြီးက မတွေ့တွေ့အောင်ရှာနေတာက ဘယ်နရက်ကြာမည်မှန်း မ ကျောက်ဂူကြီးကို ရှာတွေ့သည့်ဆိုပါစို့ ကျောက်ဂူထဲမှာ ဘ နရက် အဓိဋ္ဌာန်ဝင်ပြီး တရားအားထုတ်မှာလဲ ဘုရား'





'တောတွင်းထဲမှာ ဘယ်လောက်ကြာမယ်ဆိုတာတော့ သိနိုင်ဘူးကွဲ့'

'တပည့်တော်တို့က လယ်သမား၊ ယာသမားတွေဆို တော့ တောထဲတောင်ထဲမှာ အကြာကြီးနေလို့မရဘူး ဘုရား၊ မိသားစုစားဝတ်နေရေးက ရှိသေးတော့…'

နောက်နားတွင်ထိုင်နေသော ဒကာတစ်ဦးက ဆရာတော် ၏ အနီးတွင် လာ၍ထိုင်သည်။

'တပည့်တော်နာမည်က စံမောင်းပါ ဘုရား၊ ဆရာတော် ကြွချီမယ့် ခရီးမှာ လမ်းပြအဖြစ် တပည့်တော်လိုက်ပါသောင် ရွက်ပေးပါ့မယ် ဘုရား'

ဆရာတော်ဦးတေဇောဘာသက ကိုစံမောင်း၏ မျက်နှာ ကို သေချာစွာကြည့်ရှုပြီး ခေါင်းညိတ်နေသည်။

'ဟေ့ကောင် စံမောင်း၊ မင်းပြောတာ သေချာရဲ့လား၊ ရူးရူးရှူးရှူးနဲ့ ပြောမနေနဲ့နော်၊ ဆရာတော်က တောတွင်းထဲမှာ ကျောက်ဂူကြီးကို ရှာဖွေဦးမှာ'

'ကျွန်တော် တကယ်ပြောတာ၊ ဆရာတော်ကို ကူညီချင် လွန်းလို့ပါ၊ ဒီတောထဲကို ကျုပ် ထင်းခုတ်၊ ဝါးခုတ်သွားနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူပါဗျ၊ ပဲခူးရိုးမတောင်ခြေက လေယာဉ်ပျက်ကြီးကို ကျုပ် ပထမဦးဆုံးတွေ့တာပါဗျ၊ ကျုပ်ပြောလို့ ခင်ဗျားတို့ရွာသားတွေ လူစုပြီး သွားကြည့်ကြတယ်၊ လေယာဉ်ပျံကပစ္စည်းတွေကို ဖြုတ် ယူလာကြတယ် မဟုတ်လား၊ ခင်ဗျားတို့ ပစ္စည်းတွေ ပြန်ရောင်း တာ ပိုက်ဆံအများကြီးရသွားတယ်လေ၊ လမ်းပြတဲ့ကျုပ်ကိုတပြား တစ်ချပ်တောင် ပေးဖော်ရကြတာမဟုတ်ဘူး၊ ကျုပ်မှာ အဖေ အမေလည်း မရှိတော့ဘူး၊ မိန်းမနဲ့သားသမီးလည်း မရှိတဲ့တ ကိုယ်တည်းသမား၊ ဆရာတော်က ကျောက်ဂူကြီးထဲမှာ ဝင် တရားအားထုတ်မယ်လို့ မိန့်ထားလို့ တွေ့အောင်ရှာပေးချင်တယ်

ကိုစံမောင်းက ရဲဝံ့စွာပြောနေ၏။

'ဒကာစံမောင်း… မင်းက သေရည်သေရက်သော တယ်၊ ဟုတ်သလား'

'အားလပ်နေတဲ့အခါမျိုးမှာ သုံးဆောင်တတ်တာ ဘုရား'

'ဆရာတော်နဲ့လိုက်ပြီး လမ်းပြအဖြစ် ဆောင်ရွက်မ ဆိုရင်တော့ သေရည်သေရက်ကို သုံးဆောင်လို့မရဘူး'

'မှန်ပါ့၊ တပည့်တော် မမှီဝဲပါဘူး ဘုရား၊ ဆရာတော် ဆန္ဒကို ပါရမီဖြည့်ချင်လို့ပါ ဘုရား'





'ကောင်းလေစွ၊ ကောင်းလေစွ၊ သာဓု… သာဓု… သာဓု'

ရွာသူရွာသားများက ရိက္ခာများ စုဆောင်းပြီး ထုပ်ပိုးပေး ကြ၏။ ဆရာတော် ဦးတေဇောဘာသက နောက်တစ်နေ့နံနက် အာရုဏ်ဆွမ်းဘုန်းပေးပြီးသည်နှင့် ဖိုးသူတော် ဦးစိန္တာနှင့် စံမောင်း တို့ကို နံနက်စာစားစေ၏။ ထို့နောက် အလင်းရောင်လာသည်နှင့် ပဲခူးရိုးမတောထဲသို့ သွားရန် ရွာမှထွက်လာခဲ့ကြလေ၏။ တော တွင်း တစ်နေရာသို့ရောက်လျှင် ကိုစံမောင်းက ရွာမှ လှူဒါန်း လိုက်သော ဆွမ်းဟင်းကို ဆရာတော်အားဆက်ကပ်၏။ ဆရာ တော်က ဆွမ်းစားပြီးသည်နှင့် သစ်ပင်ရိပ်တွင်ထိုင်ကာ တရားရှု မှတ်နေ၏။ ဖိုးသူတော်ဦးစိန္တာနှင့် ကိုစံမောင်တို့က နေ့လယ်စာ စားသုံးကြ၏။

'အင်း… ဒီရာသီဟာ နွေကာလဖြစ်လို့ တော်သေးတာ ပေါ့၊ သွားလိုက်နားလိုက်လုပ်ရင်း ခရီးဆက်ခဲ့တာပေါ့၊ မနော အရုံထဲမှာ မြင်တွေ့ရတဲ့ ကျောက်ဂူကြီးကို မနည်းရှာဖွေရမယ် ထင်တယ်'

'မှန်ပါ့ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့်ခရီးဆက်ခဲ့ကြရာ ညနေစောင်းလျှင် ချောင်းကမ်းနားဘေးမှ သဲသောင်ပြင်ပေါ်တွင် ညအိပ်ရန် ဆုံးဖြတ်ကြ၏။ ဖိုးသူတော် ဦးစိန္တာနှင့် ကိုစံမောင်းတို့က ချောင်းထဲတွင် ရေချိုးကြ၏။ ချောင်းရေသည် ခြေကျင်းဝတ်သာသာနက်၏။ စီးဆင်းနေသော ချောင်းရေသည် ကြည်လင်နေ၏။ ကိုစံမောင်းက ညစာများချက်ပြုတ်စားသည်။ ဆရာတော်နှင့် ဖိုးသူတော်ဦးစိန္တာတို့က စကားပြောနေကြ၏။ ညမိုးချုပ်လျှင် ဆရာတော်က ဘုရားရှိခိုးခြင်း၊ အမျှအတန်းပေးဝေခြင်း၊ တရားထိုင်ခြင်းတို့ကို ဆောင်ရွက်၏။ ဖိုးသူတော်ဦးစိန္တာက အိပ်ယာပေါ်တွင် လဲလျောင်းရင်း ပုတီးစိပ်နေသည်။ ကိုစံမောင်းက သောင်ပြင်ပေါ်တွင် စောင်တစ်ထည်ကိုခင်းကာ အိပ်ရန်ပြင်နေစဉ် ပုတီးစိပ်နေသော ဖိုးသူတော်ဦးစိန္တာက အိပ်နေရာမှ ထထိုင်ရင်း…

'ဟဲ့… ဒကာစံမောင်း အိပ်တော့မလို့လား၊ အိပ်မယ်ဆိုရင် ဘုရားရှိခိုးပြီးမှ အိပ်လေ၊ ဆရာတော်နဲ့ ငါတို့က တောထဲတောင်ထဲမှာ ခရီးသွားနေတာ၊ ငါတို့မှာ အန္တရာယ်တစ်စုံတစ်ရာ မရှိဘူးလို့ မပြောနိုင်ဘူး၊ ဝဋ်မှာအမြဲ ငရဲမှာအပတဲ့၊ မင်း မအိပ်ချင်သေးဘူးဆိုရင် ငါပြောပြမယ်' ဟု ဆိုလေ၏။





'ကျွန်တော် မအိပ်ချင်သေးပါဘူး ဦးသူတော်၊ တစ်နေကုန်သွားလာထားရတာဆိုတော့ ကိုယ်လက်တွေ ညောင်းညာနေလို့ ခဏလှဲနေတာပါ'

'မိမိရှေ့ကို ဘာဖြစ်မယ်ဆိုတဲ့ ကံကြမ္မာဆိုတာကို ဘုရား၊ ရဟန္တာကလွဲရင် ဘယ်သူမှမသိမြင်နိုင်ဘူး၊ သတ္တဝါဆိုတဲ့ လူ၊ တိရစ္ဆာန်၊ သက်ရှိတွေကို မိမိက ရိုက်နှက်မိလို့ အဲဒီလူ သို့မဟုတ် တိရစ္ဆာန်ဟာ မျက်လုံးကန်းသွားတယ်၊ ခြေလက်ကျိုးသွားတယ်ဆိုပါစို့၊ အဲဒါဆိုရင် မိမိမှာလည်း ဒီဘဝ သို့မဟုတ် နောင်ဘဝမှာ ကိုယ်ပြုမိခဲ့တဲ့အတိုင်း မျက်လုံးကန်း၊ ခြေကျိုး၊ လက်ကျိုးခြင်းတွေ ပြန်ပြီးခံရမယ်၊ အဲဒါကို ဝဋ်လိုက်တယ်လို့ခေါ်တယ်၊ ငါတို့ဟာ ဟိုးအဝေးက ဘယ်လို မကောင်းမှုကံတွေကို ပြစ်မှားကျူးလွန်ထားမှန်း မသိနိုင်ဘူး။ မကောင်းမှုကံကို ကျူးလွန်ထားရင် ရှောင်လွှဲသွားလို့မရဘူး၊ ပြုလုပ်မိတဲ့ကံအတိုင်း တစ်ဖန်ပြန်ပြီး မလွဲမသွေ ခံရမှာပဲ'

'ဟုတ်ကဲ့ ဦးသူတော်'

'အင်း… ခင်ပွန်းကြီးဆယ်ပါးကို ကာယကံ (ကိုယ်ဖြင့်ပြုလုပ်ခြင်း)၊ ဝစီကံ(နှုတ်ဖြင့်ပြစ်မှားပြောဆိုခြင်း)၊ မနောကံ



www.burmeseclassic.com

www.burmeseclassic.com



(စိတ်ဖြင့်ပြစ်မှားခြင်း) ပြုလုပ်သူတွေကတော့ ငရဲသက်တမ်းစေ့တာနဲ့ ငရဲလွတ်မြောက်သွားတယ်၊ ဝဋ်မှာအမြဲလို့ အဆိုရှိတာပဲ၊ ဝဋ်ကြွေးဆိုတာ ပြုလုပ်မိရင် လူသားတွေမဆိုထားနဲ့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးပင် ပြန်လည်ပေးဆပ်ရတာပဲ၊ ခံရတာပဲ'

ကိုစံမောင်းက ခေါင်းညိတ်သည်။

'ဒကာစံမောင်း... မင်းကို မြတ်စွာဘုရားလက်ထက်တော်အခါက လာဘ်လာဘအရာမှာ သူမတူအောင် လာဘ်ကောင်း လာဘ်မြတ် ဧတဒဂ်ဘွဲ့ရတော်မူတဲ့ ရှင်သီဝလိရဟန္တာကိုယ်တော်မြတ်ကြီးရဲ့ ရှေးဘဝကပြုခဲ့တဲ့ မကောင်းမှုကံကြောင့် ခံရတဲ့ ဝဋ်ကြွေးအကြောင်းကို ပြောပြမယ်'

ဟိုးလွန်လေပြီးသောဘဝများစွာက ရှင်သီဝလိရဟန္တာလောင်းလျာမှာ ဗာရာဏသီပြည့်ရှင် ဘုရင် ဗြဟ္မဒတ်မင်းကြီးရဲ့ သားတော် ဖြစ်ရန်အတွက် မိဖုရားကြီးရဲ့ ဝမ်းကြာတိုက်မှာ နှစ် ၇ လကြာအောင် ပဋိသန္ဓေအဖြစ်နေတော်မူရတယ်။ မွေးဖွားခါနီးတော့လည်း မယ်တော်မိဖုရားကြီးခမျာ နာကျင်ခြင်းဝေဒနာကို ပြင်းထန်စွာ ခံစားရလေတယ်။ အဲဒီဝဋ်ကြွေးမျိုး





ရှင်သီဝလိရဟန္တာလောင်းလျာမှာ ဘာလို့ခံစားရသလဲဆိုတော့...

ကိုစံမောင်းက စိတ်ဝင်စားစွာဖြင့် ဖိုးသူတော် ဦးစိန္တာ၏အနားသို့ ပို၍တိုးကပ်ပြီး နားထောင်လေ၏။

'အဲဒီ ရှင်သီဝလိရဟန္တာ မဖြစ်မီဘဝတစ်ခုမှာ အရှင်မြတ်ဟာ ဗာရာဏသီပြည်မှာပဲ ခတ္တိယနွယ်ဝင် ဘုရင်မင်းမျိုး၌ သားတော်ဖြစ်ခဲ့ရတယ်၊ သူ့ခမည်းတော်နတ်ရွာစံသွားတဲ့အခါ ရှင်သီဝလိလျောင်းလျာဖြစ်တဲ့ မင်းသားက ထီးနန်းအုပ်ချုပ် မင်းလုပ်ရတာပေါ့၊ ဘုရင်အဖြစ်ကိုရောက်တဲ့အခါ လောဘစိတ်တွေဖြစ်ပြီး အခြားနိုင်ငံတွေကို တိုက်ခိုက်သိမ်းပိုက်ချင်စိတ်ပေါက်လာတယ်'

တိုင်းပြည်ငိုက ဘုရင်တစ်ပါးထံကို အမိန့်တော်စာချွန်လွှာပေးပို့လိုက်တယ်။ အမိန့်တော်စာချွန်လွှာထဲမှာ ဘယ်လိုရေးသားထားသလဲဆိုတော့ 'လက်အောက်ခံနိုင်ငံအဖြစ် နေရန်၊ နိုင်ငံကို အသာတကြည်အပ်မလား၊ တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ရမလားတဲ့'။

အဲသလို ရာဇမာန်နဲ့ ရာဇသံပေးတဲ့အခါ တိုင်းပြည်ငယ်က ဘုရင်လည်း တိုင်းပြည်ကိုလည်း မအပ်နိုင်ဘူး၊ တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းလည်း မပြုဘူးလို့ အကြောင်းပြန်တယ်။ အဲဒီအခါမှာ ဗာရာဏသီမင်းက တိုင်းပြည်ငယ်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ ရဲမက်ဗိုလ်ပါအလုံးအရင်းနဲ့ ချီတက်သွားတာပေါ့။ တိုင်းပြည်ငယ်ရဲ့ တံခါးလေးမျက်နှာကို အင်အားနဲ့ ပိတ်ဆို့ဝိုင်းရံထားတယ်။ တိုင်းပြည်ထဲကို ဘာရိက္ခာမှမရောက်အောင် တားဆီးထားတယ်။ တိုင်းပြည်ငယ် အတွင်းက ဘုရင်၊ မိဖုရား၊ မှူးမတ်ဗိုလ်ပါအပေါင်းနဲ့ ပြည်သူပြည်သားတွေ အစာငတ်ပြီးသေအောင် ၇ နှစ်နဲ့ ၇ လကြာအောင် ဝိုင်းရံထားတယ်။ တိုင်းပြည်ငယ်က ဘုရင်နှင့်တကွ အားလုံးသောလူတို့မှာ စိတ်ဆင်းရဲလူဆင်းရဲ ဘဝရောက်ရရှာတယ်။

တံခါးငယ်မလွယ်ပေါက်က လူစာ၊ မြင်းစာ၊ နွားစာ၊ ဆင်စာတွေကိုတော့ တင်သွင်းခွင့်ပေးထားတယ်။ ဒီတော့ နန်းတော်ထဲမှာ ရှိတဲ့ ဘုရင်နှင့်တကွ အားလုံးသောသူတို့မှာ မသေရုံတမယ် စားသောက်နေကြရတာပေါ့။

ရှင်သီဝလိလျောင်းလျာ ဗာရာဏသီမင်းရဲ့မယ်တော်က 'ငါ့သားတော် အခြားတိုင်းပြည်ငယ်ကို တိုက်ခိုက်သိမ်းပိုက်ဖို့ သွားတာ ခုနှစ်နှစ်၊ ခုနှစ်လလောက်ကြာနေပြီ။ ဘာဖြစ်နေတာမို့





လဲလို့ နန်းတော်မှာ ကျန်ခဲ့တဲ့ မင်းမှုထမ်းတွေကို စေလွှတ်လို့မေးတယ်။

မင်းမှုထမ်းက အခြားတိုင်းပြည်ငယ်ရဲ့ တံခါးပေါက်ကြီး ၄ ပေါက်မှာ ပိတ်ဆို့ဝန်းရံထားတယ်။ မလွယ်ပေါက်ကတော့ အစာရေစာအနည်းငယ်ကို သွင်းခွင့်ပေးထားတယ်လို့ မယ်တော်ကို လျှောက်တင်တယ်။

မယ်တော်က 'မလွယ်ပေါက်က အစာသွင်းခွင့်ပေးထားမှတော့ ဘယ်ရနိုင်ပါ့မလဲ၊ မလွယ်ပေါက်က အစာတင်သွင်းခွင့်ကို ပိတ်နိုင်းဖို့ သားတော်ဆီကို စေလွှတ်လျှောက်တင်နိုင်းတယ်။

ဗာရာဏသီမင်းက မယ်တော်ပြောတဲ့အတိုင်း ဆောင်ရွက်တဲ့အခါ ဘုရင်ငယ်နှင့်တကွ အားလုံးသောသူတို့မှာ အစာငတ်ရေငတ်ပြီး သေရတော့မှာမို့ တိုင်းပြည်ငယ်ကို ဗာရာဏသီမင်းထံ အပ်ရတယ်။

ဗာရာဏသီမင်းဟာ မယ်တော်အကြံပေးတဲ့အတိုင်း တိုင်းပြည်က ဘုရင်နှင့်တကွ အားလုံးသောသူတို့ကို ဒုက္ခရောက်အောင်ပြုခဲ့တဲ့ မကောင်းမှုကံကြောင့် နတ်ရွာစံတဲ့အခါ အဝီစိငရဲမှာ ခံစားရတယ်။ ငရဲကတော့ မိခင်ဝမ်းမှာ ၇ နှစ် ၇ လကြာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြင်းထန်သောဝေဒနာကို ခံစားရရှာတယ်။ မီးမဖွားနိုင်တဲ့ အတွက် လက်သည်တော် (မီးဖွားပေးသည့်မိန်းမများ)များက အမျိုးမျိုးအဖုံဖုံ ကြိုးစားအားထုတ်ကြပါသော်လည်း 'ဝဋ္ဋမှာအမြဲ' ဆိုသလို ဝဋ္ဋကြွေးကို ခံစားရရှာတယ်။

မိဖုရားကြီးဟာ ဝမ်းတွင်းက ပြင်းထန်တဲ့ ဝေဒနာကို ခံစားနေရရှာတာကြောင့် မြတ်စွာဘုရားသခင်ကို အာရုံပြုပြီး ဒုက္ခအပေါင်းမှ ကယ်တင်စောင့်ရှောက်ဖို့ ညည်းတွားလျှောက် ထားတယ်။ အဲဒီအခါကျတော့မှ ရှင်သီဝလီလောင်းလျာမင်းသား ကို ဖွားမြင်တော်မူတယ်။

'ကဲ... ဝဋ္ဋဆိုတာ ဘယ်လောက်ကြောက်စရာကောင်း သလဲဆိုတာ စဉ်းစားကြည့်စမ်း၊ လာဘ်လာဘပေါများခြင်းအရာ မှာ မြတ်စွာဘုရားရှင် ဧတဒဂ်ဘွဲ့ထူးချီးမြှင့်တော်ခံရတဲ့ ရှင် သီဝလိရဟန္တာအရှင်မြတ်ကြီးသော်မှ မိမိပြုခဲ့တဲ့ မကောင်းမှုကံကို ဝဋ္ဋကြွေးခံစားရရင် ငါတို့လို ပုထုဇဉ်တွေဆိုရင် ပြောစရာမရှိ တော့ဘူး၊ ဘုရားကို သတိရပြီး အမြဲတမ်း ကိုးကွယ်ဆည်းကပ် နေရင် ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေနိုင်တာမို့ ဒကာ စံမောင်း မအိပ်ခင် ဘုရားရှိခိုးဖို့ သတိပေးရတာ၊ ဒကာစံမောင်း





ညအိပ်ဘုရားရှိခိုးပြီးမှ အိပ်တဲ့အလေ့အကျင့် မထားဘူးလား'

'သတိရမှ ရှိခိုးပါတယ် ဘုရား'

'မင်း... ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီး မိုက်တွင်း နက်လိုက်တာ၊ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါး မိဘနဲ့ ဆရာသမားပေါင်းတော့ အနန္တော အနန္တငါးပါးကို အမြဲ သတိရရှိခိုးနေသူဟာ မိမိထံကို ဘေးအန္တရာယ်တွေလာနေရင် တောင် အဝေးလွင့်သွားတတ်တယ်'

'တပည့်တော် ဦးသူတော်ရဲ့စကားကို နားထောင်ပါ့တော့ မယ်'

'မင်းဟာ အသက်ငယ်ငယ်တုန်းက အတော်ဆိုးမိုက်ခဲ့ မယ့်သူပဲ'

'မှန်ပါတယ် ဦးသူတော်'

ဖိုးသူတော် ဦးစိန္တာက ကိုစံမောင်းအား ဆုံးမစကားများ ပြောနေလေ၏။ ဆရာတော်က တရားထိုင်၍ ပြီးဆုံးလျှင် ကိုစံ မောင်းတို့ဘက်သို့ လှည့်လာ၏။

'တပည့်တော်တို့ စကားပြောနေမိလို့ ဆရာတော်ရဲ့ သမာဓိကို ထိခိုက်သွားလေသလား ဘုရား'



www.burmeseclassic.com

www.burmeseclassic.com



ကိုစံမောင်းက လျှောက်တင်သည်။ ဆရာတော်က ခေါင်းခါ၍ပြ၏။

'ဆရာတော်ရဲ့မနောအာရုံက တစ်ခုတည်းကိုပဲ တရှိုက်မတ်မတ် အာရုံပြုထားတာဆိုတော့ ဒကာစံမောင်းတို့ စကားပြောနေတာလည်း မသိဘူး၊ မနောအာရုံက စုစည်းနေတော့ ဘေးကို မပျံ့လွင့်ဘူး၊ ဒီအရပ် ဒီဒေသမှာ သွားလာကျက်စားနေတဲ့ ပရလောကသားတွေက ဆရာတော်တရားအားထုတ်နေတုန်း လာရောက်နှောင့်ယှက်ကြသေးတယ်'

'ဟင်'

'ချောင်းတစ်ဖက်ကမ်းလက်ပံပင်ကြီးပေါ်မှာနေတဲ့ တစ္ဆေကြီးက အရုပ်ဆိုးပေလောက်မြင့်တယ်၊ ဆရာတော်တရားထိုင်နေတာကို ခဲနဲ့လှမ်းပေါက်တယ်၊ ဆရာတော်က ပဋ္ဌာန်းရွတ်ဖတ်လိုက်တော့မှ သစ်ပင်ပေါ်ကိုတက်ပြေးသွားတယ်၊ ဆရာတော်က မေတ္တာပို့၊ အမျှဝေပေးတယ်၊ ဆရာတော်ရဲ့ မနောအာရုံမှာတော့ လက်ပံပင်ကြီးပေါ်ကို လူတစ်ယောက်တက်ပြီး သစ်ကိုင်းတက်ခုတ်တယ်၊ အပင်ရဲ့ အမြင့်ဆုံးနေရာက ခြေချော်ပြီး မြေကြီးပေါ်ကို ခြေကားယား လက်ကားယားနဲ့ ကျလာတယ်၊ မြေကြီး





ပေါ်မှာ သေနေတဲ့ လူတစ်ယောက်ကို မြင်ရတယ်၊ နောက် လက်ပံပင်သစ်ကိုင်းခွဆုံမှာ ထိုင်နေတဲ့ တစ္ဆေကြီးတစ်ကောင်၊ သတ်စပ်ပြီးတွေးကြည့်လိုက်တော့ လက်ပံပင်ပေါ်ကကျပြီးသေသွားသူဟာ တစ္ဆေဖြစ်သွားတာပဲ'

'အင်'

ကိုစံမောင် အံ့သြသွားမိလေ၏။

'တပည့်တော်က ဒကာစံမောင်းကို အိပ်ယာဝင်ခါနီး ဘုရားရှိခိုးအိပ်ဖို့ ဆုံးမနေတာ ဘုရား'

'ကောင်းတယ် ဖိုးသူတော်၊ ဒကာစံမောင်းကလည်း ဆုံးမစကားကို နားထောင်ပြီး မလွဲမသွေ ဆောင်ရွက်ကွယ့်၊ ကဲ... ကြတော့၊ မနက်ကျရင် ခရီးနှင်ရဦးမယ် မဟုတ်လား'

'တင်ပါ့ဘုရား'

ဆရာတော် ဖိုးသူတော်နှင့် ဦးစံမောင်းတို့ကသည် သဲသောင်ပြင်ပေါ်တွင် အိပ်စက်ကြလေ၏။ ကိုစံမောင်းသည် ဘုရားရှိခိုးပြီးအိပ်ရန် မေ့လျော့သွားလေ၏။ နှစ်ခြိုက်စွာအိပ်ပျော်နေခိုက် ညသန်းခေါင်းယံအချိန်တွင် လက်ပံပင်ပေါ်မှ တစ္ဆေကြီးသည် သဲသောင်ပြင်ပေါ်သို့ ဆင်းလာလေ၏။ ဆရာတော်ဦးတေဇော



www.burmeseclassic.com

www.burmeseclassic.com



ဘာသအနီးသို့ရောက်လျှင် မီးနားသို့မကပ်ရဲသူပမာ နောက်သို့ဆုပ်သွားလေ၏။

'ဘုရား... ဘုရား'

ဖိုးသူတော် ဦးစိန္တာသည် အိပ်နေရင်းက ခန္ဓာကိုယ်ကို ဘယ်ညာစောင်းသည့်အခါ ဘုရားကိုတလေ၏။ တစ္ဆေကြီးသည် နောက်သို့ဆုတ်သွားပြန်လေ၏။ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကိုစံမောင်းအနီးသို့ရောက်လျှင် ရပ်နေလေ၏။ ကိုစံမောင်း ခြေထောက်နှစ်ချောင်းကိုဆွဲကာ ချောင်းရေအစပ်သို့ သယ်သွားလေ၏။ တောထဲတောင်ထဲတွင် တစ်နေကုန်သွားလာထားရသဖြင့် ပင်ပန်းပြီးအိပ်ပျော်နေသော ကိုစံမောင်းက မသိရှာပေ။ ကိုစံမောင်း၏ခန္ဓာကိုယ်သည် ချောင်းရေထဲတွင် စိမ်ထားသကဲ့သို့ နေရာ အချိန်ကြာလာလျှင် အေးစက်စောင့်တင်းလာလေ၏။ တစ္ဆေကြီးက ချောင်းရေထဲတွင် သွားလာနေ၏။ အေးစက်မှုဒဏ် ကြောင့် ကိုစံမောင်းသည် လန့်နိုးသွားလေ၏။

'ဟင်'

ကိုစံမောင်းမျက်စိဖွင့်ကြည့်မိလျှင် သူသည် ချောင်းရေထဲ သို့ရောက်နေကြောင်း သိသွားလေ၏။ သဲသောင်ပြင်ပေါ်တွင်





အိပ်နေသော သူသည် အဘယ်ကြောင့် ချောင်းရေထဲသို့ရောက် နေရသနည်း။ ချောင်းရေထဲတွင် လမ်းလျှောက်နေသော ခြေသံကို ကြားမိသဖြင့် ကိုစံမောင်က ရေထဲမှထကာ နောက်သို့ကြည့် လိုက်မိ၏။ သူ၏နောက်ဘက်မလှမ်းမကမ်းတွင် မည်းမည်း ကောင်ကြီးရပ်နေသည်ကို တွေ့လိုက်ရသဖြင့် လန့်သွားလေ၏။ မည်းမည်းကောင်ကြီးက သူ့နားသို့ လျှောက်လာနေ၏။ ကိုစံမောင်းသည် ကြောက်လန့်ပြီး ဆရာတော်နှင့် ဖိုးသူတော်အနီး သို့ ပြေးလာလေ၏။

'အောင်မလေး ကယ်ပါဦးဘုရား'

ကိုစံမောင်းက ဆရာတော်အား နှိုးလေ၏။

'ဟဲ့... ဒကာစံမောင်း ဘာဖြစ်တာလဲ'

'တပည့်တော် အိပ်နေရင်း ချောင်းရေထဲ ရောက်နေလို့ပါ ဘုရား'

'ဟင်... ဘယ်လိုဖြစ်တာလဲ'

'မသိပါဘူး ဘုရား၊ ချောင်းရေထဲမှာလည်း မည်းမည်း ကောင်ကြီးရပ်နေတာ တွေ့ရတယ်'

'ဟာ... ဟို လက်ပံပင်ပေါ်က ကောင်ကြီးထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က လက်အုပ်ချီကာ တရားစာများကို ရွတ်ဖတ်လိုက်၏။ ထိုအခါ ရေထဲ၌ တစ်စုံတစ်ဦးပြေးသွားသည့်နှယ် ရေလှုပ်ရှားသံများကို ကြားရပြီး လက်ပံပင်နားသို့ရောက်သည်နှင့် အသံကပျောက်သွားလေ၏။

'အတော်နှောင့်ယှက်တဲ့ကောင်ပါလား၊ အမျှပေးဝေတာတောင် ကျွတ်တန်းမရနိုင်သေးပါလား'

ဆရာတော်ကပြန်လည်ကျိန်းစက်နေလေ၏။ ကိုစံမောင်က အဝတ်အစားများကို လဲလှယ်ပြီးမှ ပြန်အိပ်၏။ ချောင်းတစ်ဖက်ကမ်းပါးပေါ်တွင် ပေါက်ရောက်နေသော လက်ပံပင်ကြီးကို အတွေးထဲတွင် မြင်ယောင်နေမိ၏။ ချောင်းရေထဲတွင်မြင်တွေ့ခဲ့ရသော မည်းမည်းကောင်ကြီးကို သတိရပြီး ကြက်သီးထနေမိ၏။

နောက်တစ်နေ့နံနက်တွင် ဖိုးသူတော်က ဆရာတော်အား အာရုဏ်ဆွမ်းဆက်ကပ်ပြီး သူနှင့်ကိုစံမောင်တို့က နံနက်စာစားကြ၏။ ထို့နောက်ခရီးဆက်ခဲ့ကြလေ၏။ ညနေစောင်းလျှင် ချောင်း၊ စမ်းချောင်းနှင့်နီးသောနေရာတွင် ညအိပ်ရပ်နားကြလေ၏။ ဆရာတော်က ဆောင်ရွက်နေကျ ဘုရား၊ တရား၊ သံဃာ





အလုပ်များကို ပြုလုပ်ပြီးမှ ကျိန်းစက်လေ၏။ ကိုစံမောင်းက ိုးသူတော် ဦးစိန္တာ၏အနီးတွင် အိပ်လေ၏။

သို့နှင့်ခရီးဆက်ခဲ့ရာ (၅)ရက်မြောက်သောနေ့တွင် ပါသာသော အစားအစာများ ကုန်သွားလေ၏။ ဖိုးသူတော်နှင့် ကိုစံမောင်းတို့က တောတွင်းမှ သစ်သီး သစ်ဥများကို ရှာဖွေပြီး ဆရာတော်အား ဆက်ကပ်၏။ ထို့နောက် ကျန်ရှိသော သစ်သီးသစ်ဥများကို ဖိုးသူတော် ဦးစိန္တာနှင့် ကိုစံမောင်းတို့က စားသုံး၏။

'ဘယ်လိုလဲ ဒကာစံမောင်း၊ သစ်သီး သစ်ဥတွေစားရတာ အဟာရအဖြစ် တင်းတိမ်ရဲ့လား'

ဆရာတော်ဦးတေဇောဘာသက မေး၏။

'တပည့်တော်က ဆရာတော်ရဲ့ ဝါရမီကို ဖြည့်ဆွမ်းပေးချင်လို့ လိုက်လာတဲ့သူပဲ ဘုရား၊ သစ်သီးသစ်ဥတွေ စားရတာ ဆောင်ပြေပါတယ်'

'ဆရာတော်က တောတောင်တွေထဲမှာ တရားအားထုတ်လာရင်း သစ်သီးသစ်ဥတွေပဲ မျှတစွာ ဘုန်းပေးသုံးဆောင်တယ်၊ အရင်ကတော့ တစ်ပါးတည်းပေါ့၊ နောက်တော့ ဖိုးသူတော်



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန္တာက ဆရာတော်ထံမှာ တရားအားထုတ်နည်းတွေ သင်ကြား ချင်လို့က ရောက်လာတယ်၊ ဆရာတော်နဲ့ အတူ တရားအား ထုတ်တယ်'

'မှန်ပါ့ဘုရား'

'နေအနေအထားကို ရောက်ရှိနေတဲ့ ရာသီ၊ လအ ဆရာတော်တို့ ကြွချီနေတဲ့ ခရီးဟာ အရှေ့မြောက်အရပ်စူးစူ ဘက်ကို ဆိုတာ တွက်ဆလို့ရနေတယ်၊ သာယာဝတီမြို့ရဲ့ အရှေ့ မြောက်ဘက်အရပ်ကိုသွားနေတာဆိုတော့ အခုအချိန်မှာ မင်းလှမြ အရှေ့ဘက်တောတောင်ထဲကို ရောက်နေတာအမှန်ပဲ၊ ဆရာတော် က မနောအာရုံထဲမှာ ကျောက်ဂူကြီးကို အထင်အရှားမြင်တွေ တာကွ၊ ဆရာတော်ရဲ့သမာဓိအား ကောင်းမှုကို ဆရာတော်ယ ကြည်တယ်၊ မကြာမီ တောတွင်းထဲမှာ ကျောက်ဂူကြီးကို မလွဲ သွေ တွေ့ရတော့မယ်'

ဆရာတော်ဦးတေဇောဘာသ၏ မျက်နှာတော်မှာ ... လန်းနေလေ၏။

'ကဲ… သိပ်အနားယူလို့မဖြစ်သေးဘူး၊ ဆက်လက်ခ နှင်ကြဦးစို့'





ညနေစောင်းလျှင် ဆရာတော်က တောင်ထပ်တစ်နေရာ တွင် ညအိပ်ရပ်နားမည်ဟု မိန့်လေ၏။ ဦးစံမောင်က တောင်ခြေ တွင် ထင်းခြောက်များဖြင့် ရေနွေးတည်နေ၏။

'ဟဲ့… ဒကာစံမောင်း၊ တောင်ထိပ်မှာ ဆရာတော် တစ်ပါးတည်း သီတင်းသုံးပြီး တရားအားထုတ်ချင်လို့ အဲဒီနေရာ ကို ရွေးထားတာ မင်းနဲ့ငါက ဒီတောင်ခြေမှာပဲ နေကြမယ်၊ ညဘက်ငါတို့က ဆရာတော့်အနားမှာ စကားပြောနေရင် ဆရာ တော် တရားထိုင်တာကို အနှောင့်အယှက်ပေးသလို ဖြစ်နေမယ်'

'ကောင်းသားပဲ ဖိုးသူတော်ကြီး'

'မင်း… ဒီည ညစာအဖြစ် စားသုံးဖို့ ငှက်ပျောသီးတွေ ရှိသေးလား'

'မနက်ကတွေ့တဲ့ ငှက်ပျောသီးမှည့် အခိုင်က တစ်ဖီးမှ ငါးလုံးခြောက်လုံးပါတာ၊ ဖိုးသူတော်ကြီး မြင်သားပဲ၊ ဆရာတော် က နေ့လယ်စာအဖြစ် လေးလုံးပဲ ဘုဉ်းပေးတာ၊ ကျွန်တော်နဲ့ ဖိုးသူတော်ကြီးစားပြီးတော့ ငှက်ပျောသီးမှည့်က နှစ်လုံးပဲကျန် တော့တယ်'

'ဟင်… ဒါဆို ဒကာစံမောင်း ဒီည ဗိုက်ဝပါ့မလား၊



www.burmeseclassic.com

www.burmeseclassic.com



တောထဲမှာ သစ်သီးရှာဖွေဖို့ကလည်း အချိန်မရှိတော့ဘူး'

'မရှာဖွေတော့ပါဘူး၊ ရှိတဲ့ ငှက်ပျောသီးမှည့်ကိုစားပြီး ရေနွေးကြမ်းသောက်နေမယ်၊ ငှက်ပျောသီးက အီအောင်ချိုတယ်'

ညအမှောင်သို့ ရောက်လျှင် ဆရာတော်ကတောင်ထိပ်ပေါ်တွင် သီတင်းသုံးပြီး တရားအားထုတ်နေသည်။ ဖိုးသူတော် ဦးစိန္တာနှင့် ကိုစံမောင်းတို့က ရေနွေးကြမ်းသောက်ရင်း စကားထိုင်ပြောနေကြ၏။

'ဆရာတော် မိန့်တဲ့ ကျောက်ဂူကြီးက ဘယ်တော့မှ တွေ့မယ်မသိဘူး၊ တောနက်ထဲရောက်လာလေလေ စိမ့်အေးလာလေလေပဲ၊ ငှက်ဖျားရောဂါဖြစ်ရင်တော့ ခလွယ်ဘူး စံမောင်း၊ မင်းတို့ရွာက သူတွေထည့်ပေးလိုက်တဲ့ ဆေးဝါးတွေလောက်နဲ့ ရမယ်မထင်ဘူး'

ဖိုးသူတော် ဦးစိန္တာနှင့် ကိုစံမောင်းတို့သည် မီးဖိုထဲတွင် ထင်းခြောက်များ ဝါးအစိုများထည့်ကာ အိပ်စက်ကြလေ၏။

ကိုစံမောင်းသည် တောတွင်းထဲတွင် သစ်သီး၊ သစ်ဥများ သွားရောက်ရှာဖွေပြီး ဆရာတော်အား ဆက်ကပ်လေ၏။

'ကနစိုသီးတွေက ချိုလိုက်တာ၊ ပိန္နဲသီးကလည်း





သဘာဝအတိုင်း အပင်ပေါ်မှာ ရင့်မှည့်တာဆိုတော့ ချိုအီနေတာပဲ ဟဲ့... ဒကာစံမောင်း မင်းက တောသားတစ်ယောက်ဖြစ်ပြီး ပိန္နဲသီးခွာရင် လက်ကို ဆီဆွတ်ရတယ်ဆိုတာ မသိဘူးလား၊ အခု မင်းက ပိန္နဲသီးအမှည့်ကို အညှာနေရာက အူအလည်တိုင်အတိုင်း ရင်ခွဲပြီး အမြှာထုတ်တော့ မင်းရဲ့လက်မှာ ပိန္နဲအစေးတွေပေကျံကုန်တော့တာပေါ့၊ ကပ်စေး ကပ်စေးနဲ့ အနေရအထိုင်ရခက်ဘူးလား'

'သတိမေ့သွားလို့ပါ ဘုရား'

'မမေ့သင့်တဲ့နေရာမှာ သတိမေ့တော့ အလုပ်ရှုပ်ကုန်တော့တာပေါ့၊ ဖိုးသူတော်နဲ့ ဒကာစံမောင်းတို့ ဗိုက်ပြည့်အောင်စားသုံးပြီးတာနဲ့ ခရီးဆက်ကြရအောင်'

'တင်ပါ့ ဘုရား'

ကိုစံမောင်းက ပိန္နဲသီးအမြှာများကို ညစာအဖြစ်လည်းကောင်း၊ ပိန္နဲသီးအစေ့များကို နောက်ရက်များအတွက် ရိက္ခာအဖြစ်လည်းကောင်း ပလပ်စတစ်အိတ်ထဲတွင်ထည့်ယူလာသည်။

သို့နှင့် ခရီးဆက်ခဲ့ရာ ဆယ်ရက်မြောက်သောနေ့တွင် နေရီးမ၏ တောကြီးမျက်မည်းတစ်နေရာတွင် ကျောက်ဂူကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ခုလုံး၏ အပေါ်ပိုင်းနှင့် ဘေးပတ်လည်တွင် သစ်ပင်များပေါက်
ရောက်လျက်ရှိရာ သာမန်ကြည့်လျှင် ကျောက်ဂူကြီးရှိသည်ဟု
မထင်ရပါ။ သစ်ပင်များ စုရုံးပေါက်ရောက်နေသော နေရာဟုသာ
ထင်ကြမည်ဖြစ်လေ၏။ ကျောက်ဂူအပေါက်ဝကို လှည့်ပတ်ရှာ
ဖွေကြည့်ကြလေ၏။

'ဆရာတော်ဘုရား… ကျောက်ဂူအဝကိုတွေ့ပါပြီဘုရား'

ဖိုးသူတော် ဦးစိန္တာက လျှောက်တင်လေ၏။ ကျောက်
အပေါက်ဝမှာ သံရေစည်ပိုင်းအပေါက်ဝခန့်သာရှိပြီး ချုံနွယ်
ပိတ်ပေါင်းများက ရှုပ်ထွေးစွာပေါက်ရောက်နေသဖြင့် ဂူပေါက်
မှာ ပိတ်ဆို့နေလေ၏။

ကိုစံမောင်းက သူ့တွင် ပါလာသော အရိုး၊ အသွား
၁၄ လက်မရှိသော ဓားမြှောင်ဖြင့် ခုတ်ထွင် ရှင်းလင်းလေ၏
ကိုစံမောင်း၏ တစ်ကိုယ်လုံးတွင် ချွေးများစိုရွှဲနေလေ၏။ ဆရာ
တော်ဦးတေဇောဘာသက သစ်ပင်ရိပ်အောက်တွင် သီတင်းသုံး
ရင်း ကြည့်ရှုနေလေ၏။

'ဒကာ စံမောင်း… ချုံနွယ်တွေကို ဖြည်းဖြည်းချင်းသာ
ရှင်းလင်း၊ ဆရာတော်ရဲ့ မနောအာရုံထဲမှာ တွေ့ရတဲ့ ကျောက်
ကြီးကို အခုတွေ့နေရပြီပဲ'





ကိုစံမောင်းက ဆရာတော်၏ ဘေးတွင် လာ၍ထိုင်နေ
… အလွန်မောဟိုက်နေလေ၏။ ဖိုးသူတော်ဦးစိန္တာက ကိုစံမောင်း
…တ်ချထားသော ချုံနွယ်များကို တစ်နေရာသို့ သွားရောက်စုပုံ
…ားလေ၏။

'အင်း… အဟင်းဟင်း… ကျောက်ဂူကြီးလို့ မထင်ရ
…ဲ တောင်ကုန်းတစ်ခုလို့ပဲ ထင်ရတယ်နော် ဘုရား၊ အစက
…ပည့်တော်လည်း အဲသလိုပဲ ထင်တယ်၊ ဆရာတော်က ကျောက်
…ကြီးလို့ မိန့်တော့ မထင်ဘူး၊ မဖြစ်နိုင်ဘူးပေါ့၊ ကျောက်ဂူဝ
… ရှာခိုင်းတော့ ပိုပြီးစိတ်ပျက်သွားမိတယ်၊ တောင်ကုန်းကြီးကို
…ပေါက်ရှာလို့မတွေ့နိုင်ဘူးပေါ့၊ အသေအချာလိုက်ကြည့်တော့မှ
…ျောက်ဂူပေါက်ကို တွေ့သွားတာ၊ ဆရာတော်ရဲ့ သမာဓိအား
…ောင်းပုံကိုတော့ တပည့်တော် လေးစားသွားပါပြီ ဘုရား'

'ဒကာစံမောင်း အမောအပန်းပြေသွားပြီဆိုရင် ချုံနွယ်
…ိတ်ပေါင်းတို့ကို ဆက်ရှင်းလိုက်ပါဦးလား၊ နေက အတော်ရင့်
…ပြီ၊ နေပူဒဏ်ကိုမခံနိုင်ဘဲ နေဦးမယ်'

'ရှင်းမယ် ဖိုးသူတော်ကြီး'

ကိုစံမောင်းက ချုံနွယ်များကို ရှင်းလင်းပစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူဝကို ထင်ရှားစွာ မြင်တွေ့ရပြီဖြစ်လေ၏။ ကျောက်ဂူထဲမှ အလင်းရောင်များသည် အပြင်သို့ ဖြာထွက်နေကြလေ၏။ ထူးဆန်းသော မြင်တွေ့ရမှုဖြစ်၍ ကိုစံမောင်း အံ့ဩနေမိသည်။ ကျောက်ဂူအတွင်း၌ အလင်းရောင်ရှိနေသည်မှာ တွေးဆ၍ ခက်လှသည်။ ကျောက်ဂူအပေါက်ဝမှ ချုံနွယ်ပိတ်ပေါင်းအားလုံးကို ရှင်းလင်းပြီး ဖြစ်သွားလေ၏။ ကျောက်ဂူအပေါက်ဝသည်အတွင်းသို့ လေးဘက်ထောက်ဝင်သွားမှ ရနိုင်သည့်အနေအထား။ ကိုစံမောင်းက မြေကြီးပေါ်သို့ ဒူးထောက်ထိုင်ချကာ ကျောက်ဂူထဲသို့ လှမ်းကြည့်သည်။ ကျောက်ဂူထဲတွင် အလင်းရောင်လိုလို မြင်နေပေမယ့် ကျောက်ဂူထဲသို့ မဝင်ရဲသေး။ ကိုစံမောင်းက ကျောက်ဂူထဲသို့ ခဲလုံးများပစ်သွင်းသည်။ ကျောက်ဂူထဲတွင် သားရဲတိရစ္ဆာန်များရှိနေမည်ကို စိုးရိမ်မိ၍ ဖြစ်လေ၏။ ကျောက်ဂူအတွင်းမှ မည်သည့်လှုပ်ရှားသံကိုမျှ မကြားရ။

'ကျောက်ဂူအတွင်းက ဘာအသံမှ မကြားရဘူး ဘုရား အန္တရာယ်တစ်စုံတစ်ရာ မရှိတာတော့ သေချာပါတယ် ဘုရား'

ကိုစံမောင်းက ဆရာတော်ကို လျှောက်တင်၏။ ဆရာတော်က သစ်ပင်ရိပ်တွင် သီတင်းသုံးနေရာမှ ကျောက်ဂူဝသို့





ကြွလာသည်။

'ကဲ... ကျောက်ဂူထဲကို ဝင်ကြမယ်၊ သတိတော့ထားကြနော်'

ဆရာတော်ဦးတေဇောဘာသက ဦးဆောင်ပြီး ကျောက်ဂူထဲသို့ ဝင်လာ၏။ ဖိုးသူတော် ဦးစိန္တာက အလယ်မှနေပြီး ဦးစံမောင်းက နောက်မှ လိုက်လာသည်။ ကျောက်ဂူထဲတွင် လင်းထိန်၍ နေသည်။ မည်သည့်နေရာမှ အလင်းရောင်ဝင်ရောက်လာသည်ကို ကိုစံမောင်းက ရှာဖွေကြည့်ပေမယ့် မရ။ ကျောက်ဂူအတွင်းတွင် ပင့်ကူမျှင်များဖြင့် ရှုပ်ထွေးနေသည်။ ကျောက်ဂူအတွင်း ပင့်ကူမျှင်ချပ်များကို ဖယ်ရှားပြီး (၁၀)ပေမျှ ဝင်ရောက်လာမိလျှင်...

'ဟင်'

'ဟာ'

ဆရာတော် ဦးတေဇောဘာသ၏ ခြေလှမ်းများသည် ရပ်တန့်သွားသလို ဖိုးသူတော် ဦးစိန္တာ၏ ခြေလှမ်းများလည်း ရပ်တန့်သွားလေ၏။ ကိုစံမောင်းက နောက်သို့ ခြေလှမ်းဆုတ်လိုက်မိ၏။ ဆရာတော်ဦးတေဇောဘာသ ဖိုးသူတော်ဦးစိန္တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုစံမောင်းတို့ တွေ့လိုက်ရသည်ကား ၎ကျောက်ဂူအလယ် (၃)ပေခန့်ဖြင့်သည့် ကျောက်ကလပ်ပေါ်တွင် မနေ့တစ်နေ့ကမှ ကွယ်လွန်အနိစ္စရောက်လေသလား ထင်မှတ်ရသည့် ပျိုမျစ်နုနယ်သော အမျိုးသမီးအလောင်းတစ်လောင်း။

'ဟဲ့ … ဖိုးသူတော်၊ ဒကာမလေးရုပ်အလောင်းနားကို အသေအချာသွားကြည့်စမ်း'

ဆရာတော်က မတ်ရပ်သီတင်းသုံးနေရင်းမှ မိန့်လေ၏။ ဖိုးသူတော် ဦးစိန္တာက အမျိုးသမီး၏ ရုပ်အလောင်းနားသို့ သွားရောက်ကြည့်ရှုသည်။ ကိုစံမောင်းက ကြောက်စိတ်တွေဝင်နေသဖြင့် ရောက်နေသည့်နေရာတွင်ပင် ရပ်နေ၏။

အမျိုးသမီးအလောင်းမှာ မပုပ်မသိုး။ အသားအရောင်သည် ရွှေဆင်းကဲ့သို့ ဝါဝင်းနေ၏။ မည်သည့်နေရာမှ ဝင်ရောက်လာမှန်းမသိရသော အလင်းရောင်က အမျိုးသမီး၏ ရုပ်အလောင်းပေါ်သို့ ဖြာကျနေသည်။ ကျောက်ကလပ်ပေါ်တွင် ဝိညာဉ်ကင်းမဲ့နေသော အမျိုးသမီးသည် အသက်အားဖြင့် (၃၀)ဝန်းကျင်သာရှိဦးမည်ထင်ရ၏။

ပြီးတော့ အမျိုးသမီးလေး၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်





ားသော အဝတ်အစားများသည် ယနေ့ခေတ်အမျိုးသမီးများ
တ်ဆင်နေကြသည့် အဝတ်အစားမျိုးမဟုတ်။ ရှေးမြန်မာဘုရင်
ားလက်ထက်က ဝတ်ဆင်ကြသည့် ထီးသုံးနန်းသုံး မင်းသမီး
သေးတစ်ပါး ဝတ်ဆင်ထားသည့်နှယ်မင်၊ ယင်းအပြင်အမျိုးသမီး
၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသော အဝတ်အစားများ၏ လက်
ာမှာ ရှေးကျလှ၏။ အနုပညာမြောက်လွန်းလှ၏။

'မြန်မာဘုရင်များရဲ့ အနွယ်တော်ထဲက မင်းသမီးလေး
တစ်ပါးရဲ့ ရုပ်အလောင်းဖြစ်ပါလိမ့်မယ် ဘုရား၊ ဘယ်အချိန်
ာလကတည်းက သေဆုံးထားသလဲဆိုတာ ခန့်မှန်းလို့မရနိုင်
ား ဘုရား၊ မပုပ်မသိုးတဲ့အလောင်း ဖြစ်နေတာယ်'

ဦးစိန္တာက ဆရာတော်အား လျှောက်တင်သည်။ ဆရာ
ော် ဦးတေဇောဘာသသည် အသုဘကောင်ကိုကြည့်ရှုပြီး
ရေကာ နုသသတိကမ္မဋ္ဌာန်းကို စီးဖြန်းနေလေ၏။
င်းသမီးလေးသည် ကျောက်ကလပ်ပေါ်တွင်
ပ်ပျော်နေသူတစ်ဦးပမာ မြင်တွေ့နေရ လေ၏။

ကိုစံမောင်းက ကျောက်ဂူအတွင်းတွင် တွေ့ရသော လူ့
သုံးအဆောင်ပစ္စည်းများကို လိုက်လံကြည့်ရှုနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဟိုမှာလဲ ဘုရား'

ကျောက်ဂူအတွင်းတစ်နေရာတွင် မင်းညီမင်းသားများ ဝတ်ဆင်သော အဝတ်အစားများ၊ မင်းသမီးများ ဝတ်ဆင်သော အဝတ်အစားများ တပ်ဆင်ထားသည့် အရိုးစု (၇)ခုကို မြင်တွေ့ရသည်။

မင်းသမီးလေး၏ ဦးခေါင်းအောက်တွင် အသုံးပြုထားသည်မှာ ပေစာ။ ပုရပိုဒ်စာထုပ်ကြီးဖြစ်နေသည်က အံ့သြစရာကောင်းလွန်းလှပေ၏။ ပေစာ၊ ပုရပိုက်စာထဲတွင် မည်သည့်အကြောင်းအရာများ ရေးသားထားသည်ကို ဖိုးသူတော် ဦးစိန္တာက သိချင်လွန်းနေသည်။ ထို့ကြောင့် ဦးစိန္တာက မင်းသမီးလေး၏ ဦးခေါင်းကို အသာမည်ဟု စိတ်ကူးမိစဉ်…

'အား… ကျွတ်… ကျွတ်…'

ဖိုးသူတော် ဦးစိန္တာ၏ လက်များသည် ကျင်စက်ဖြင့် အတို့ခံလိုက်ရဘိသကဲ့သို့ နာကျင်မှုကို ခံစားရလေ၏။

'ဘာဖြစ်လို့လဲ ဖိုးသူတော်'

'မင်းသမီးလေးရဲ့ ဦးခေါင်းအောက်က ပေစာ၊ ပုရပိုဒ်စာထုပ်ကို လှေ့လာမလို့ ယူမယ်အလုပ်မှာ တပည့်တော်လက်





တစ်ဖက်မှာ ဓာတ်လိုက်ခံရသလို ကျင်သွားလို့ပါ ဘုရား'

'ဖိုးသူတော် သင့်အနေနဲ့ မင်းသမီးလေးရဲ့ ဦးခေါင်းကို တိုင်တွယ်မကြည့်ဖို့ မသင့်ဘူးလေကွယ်'

'မှန်ပါ ဘုရား၊ တပည့်တော်သိချင်ဇောနဲ့ သတိမေ့မျော့သွားမိပါတယ် ဘုရား'

'ဟဲ့… ဒကာစံမောင်း၊ လာစမ်း၊ ဒကာမလေးဦးခေါင်းကို အသာမပြီး ဦးခေါင်းအောက်က ပေစာပုရပိုဒ်စာထုပ်ကြီးကို ဆောယူစမ်းကွဲ့'

'မှန်… မှန်ပါ့ဘုရား'

ကိုစံမောင်းက ကြောက်စိတ်ဝင်နေသည်။ ဆရာတော်က စေခိုင်းထားသဖြင့် မဆောင်ရွက်လို့ကလည်းမဖြစ်။ ကိုစံမောင်းက မင်းသမီးလေး၏ အလောင်းကို အသာအယာမလိုက်၏။ မင်းသမီးလေး၏ ဆံပင်များက နူးညံ့ပျော့ပျောင်းပြီး မွှေးပျံ့သောရနံ့ကို ခံစားရလေ၏။ မင်းသမီးလေး၏ ခန္ဓာကိုယ်မှ နံ့သာနံ့များက သင်းထုံနေသည်။ ဦးခေါင်းအောက်မှ ပေစာ၊ ပုရပိုဒ်စာများအထုပ်ကိုယူ၍ ဖိုးသူတော် ဦးစိန္တာထံသို့ လှမ်းပေးလေ၏။ ဖိုးသူတော် ဦးစိန္တာက ပေစာတစ်ချက်ကိုဖြန့်၍ ဆရာတော် ဦးတေဇော



www.burmeseclassic.com

www.burmeseclassic.com



ဘာသ၏ ရှေ့သို့မြင်တွေ့ဖတ်ရှုနိုင်သည့် အနေအထားသို့ရောက်အောင် ကိုင်ပြီး ပြသထားလေ၏။

'အင်း… စာတွေက စကားထာ၊ စကားဝှက်တွေနဲ့ ရေးသားထားတယ်၊ ပေစာပေါ်မှာ ရေးသားထားတဲ့စာတွေကို အစွမ်းထက်မြက်သူ၊ ပေါက်ရောက်နေသူတွေသာ အဓိပ္ပာယ်ဖော်နိုင်လိမ့်မယ်၊ ဒီကျောက်ဂူအတွင်းမှာ မြင်တွေ့နေရတဲ့ ရတနာပစ္စည်းတွေကို စိတ်နဲ့တောင် မပြစ်မှားမိကြစေနဲ့၊ ဆရာတော်တို့ဟာ ကောင်းမှုကုသိုလ်လုပ်ဖို့လာရောက်နေကြတဲ့သူတွေဖြစ်တယ်၊ မကောင်းမှုတွေကိုမကျူးလွန်မိအောင် သတိထားရှောင်ရှားရမယ်'

ဟု မိန့်လေ၏။

ကျောက်ဂူကြီးထဲတွင် အတူတကွ နေထိုင်ခဲ့ကြသော လူသားအချင်းချင်း (၇)ဦးမှာ အရိုးစုသာ ကျန်ရှိပြီး မင်းသမီးလေးမှာ ဝိညာဉ်ကင်းမဲ့နေသော်လည်း မပုပ်မသိုးဘဲ အိပ်ပျော်နေသည့်အလား မြင်တွေ့ရသည်မှာ အားလုံးအတွက် တွေးမရအောင်ပင်ဖြစ်နေကြလေ၏။ ကျောက်ဂူထဲတွင် တွေ့ရသော အသုံးအဆောင်ပစ္စည်းများမှာလည်း လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် အသုံးပြုခဲ့ကြကြောင်း မှန်းဆ၍ ရလေ၏။





'ဟယ်… ဟိုမှာမော့ကြည့်ပါဦးဘုရား'

ဖိုးသူတော်ဦးစိန္တာက ကျောက်ဂူ၏နံရံတစ်ဖက်တွင် ရေးသားထားသော ပါဠိဂါထာတစ်ပုဒ်ကိုဆရာတော်ဦးတေဇောဘာသအား လက်ညှိုးထိုး၍ပြလေ၏။ ဆရာတော်က ပါဠိဂါထာကို ဖတ်ရှုတော်မူလေ၏။ ကျောက်ဂူ၏နံရံတစ်ဖက်တွင် ရေးသားထားသော ပါဠိဂါထာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

*မံ အနုတ္တံ၊ နိဝတ္တသ၊*

*ဘယံ၊ ဝိနာသန္တု။*

ဆရာတော်က ပါဠိဂါထာကို ရွတ်ဆိုပြီး ဖိုးသူတော်ဦးစိန္တာနှင့် ကိုစံမောင်းကို အောက်ပါအတိုင်း အနက်အဓိပ္ပာယ်ပြန်ဆိုပြလေ၏။

'မံ အနုတ္တံ၊ ကျွန်ုပ်၏ ခန္ဓာကိုယ်အစိုးမရသဖြင့်၊ နိဝတ္တသ၊ ဆင်းရဲအသွယ်သွယ်၊ ဘေးဒုက္ခနယ်အပေါင်းမှ လွတ်ကင်းစေခြင်းအလို့ငှာ ဘယ၊ ဘေးဒုက္ခအသွယ်သွယ်၊ ရန်စွယ်ဟူသမျှတို့သည် ဝိနာသန္တု၊ ကိုယ်စိတ်နှစ်ဖြာ လွန်ကျန်းမာ၍ ချမ်းသာအေးမြဘေးမခတ် အေးဆေးစွာနေနိုင်ရပါလို၏'

ဖိုးသူတော် ဦးစိန္တာက ခေါင်းတဆတ်ဆတ်ညိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒီဂါထာတော်မှာ ဘေးကင်းရန်ကင်း၊ အန္တရာယ်ကင်း ရှင်းဂါထာတစ်ပုဒ်ပဲကွဲ့'

ကိုစံမောင်းက နံရံတွင်ရေးသားထားသော ဂါထာကို အလွတ်ရအောင် ကျက်မှတ်နေလေ၏။

'အခင်း... ဒီဝိညာဉ်ကင်းမဲ့နေတဲ့ မင်းသမီးလေးနဲ့ အပေါင်းပါ မင်းညီမင်းသားရုံရွှေတော်တို့ဟာ ပဲခူးရိုးမရဲ့ တော နက်ထီးထီး အုတ်ဂူကြီးထဲကို ဘယ်လိုဘယ်လို ရောက်နေသလဲ ဆိုတာ တပည့်တော်တော့ စဉ်းစားလို့ မရဘူး ဘုရား'

'သူ့အကြောင်းတရားနဲ့သူ ရှိမှာပေါ့'

'တပည့်တော် ပဲခူးရိုးမတောအတွင်း အရှေ့စူးစူးအရပ် အထိ သွားလာဖူးပါတယ် ဘုရား၊ ဒီနေရာဟာ ပဲခူးမြို့နဲ့လည်း အလွန်ဝေးကွာနေတယ်၊ ဘယ်မြို့ရဲ့ ဘယ်နေရာအရပ်မှာရှိတယ် ဆိုတာလည်း မခန့်မှန်းတတ်ဘူး'

ဆရာတော်ဦးတေဇောဘာသသည် ကျောက်ဂူကြီး အတွင်းပိုင်းသို့ ဝင်လာခဲ့လေ၏။ ကျောက်ဂူအတွင်းပိုင်းတစ်နေရာ တွင် ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ဖူးတွေ့ရလေ၏ ဉာဏ်တော်အားဖြင့် တစ်ထောင်ခန့်ရှိ၏။ တင်ပလ္လင်ခွေရုပ်ပွား





တော်ဖြစ်ပြီး အလွန်သပ္ပာယ်လှ၏။ ကျောက်သားနံရံမှ အလင်း ရောင်း ဖြာထွက်နေသည်က အံ့သြစရာကောင်းလွန်းလှ၏။

'ဖိုးသူတော်နဲ့ ဒကာစံမောင်း'

ဆရာတော်က လှမ်း၍ခေါ်သည်။ ဖိုးသူတော် ဦးစိန္တာ နှင့် ကိုစံမောင်းတို့က ဆရာတော်အနီးသို့ လျှောက်လာကြ၏။ မင်းသမီးအလောင်းရှိနေသော နေရာနှင့် ဗုဒ္ဓရုပ်ပွားတော်စံပွာယ် သောနေရာသည် ပေ (၄၀)ခန့် ကွာဝေးပေမည်ဟု ထင်ရ၏။ ကျောက်တောင်အတွင်းပိုင်း တစ်ဆစ်ချိုးနေရာတွင်ဖြစ်သဖြင့် ဗုဒ္ဓ ရုပ်ပွားတော်နေရာမှ နောက်သို့ပြန်ကြည့်လျှင် မင်းသမီးလေး၏ အလောင်းကို မမြင်ရပါ။

'ဒီည ဆရာတော် ဗုဒ္ဓရုပ်ပွားတော်ရဲ့ရှေ့မှာ အဓိဋ္ဌာန်ပြုပြီး တရားအားထုတ်မယ်၊ ဖိုးသူတော်နဲ့ ဒကာစံမောင်းတို့က ဆရာ တော့်အနီးမှာပဲ နေပေါ့၊ ကျောက်ဂူထဲမှာ လင်းထိန်နေတာဟာ ဆရာတော်တို့အတွက် ကံကောင်းခြင်းတစ်ရပ်ပေပဲ'

ဆရာတော်က ကျောက်တုံးကြီးတစ်ခုပေါ်တွင် စံပွာယ် သော ဗုဒ္ဓရုပ်ပွားတော်၏ ရှေ့တွင် ဖယောင်းတိုင်နှင့် အမွှေး တိုင်ကို ထွန်းညှိပူဇော်နေ၏။ ဖိုးသူတော်ဦးစိန္တာနှင့် ကိုစံမောင်းတို့



www.burmeseclassic.com

www.burmeseclassic.com



က တောတွင်းမှ ခူးလာသော သစ်သီးများကို စားသုံးနေကြ
၏။ ဆရာတော်က ဗုဒ္ဓရုပ်ပွားတော်အား ဦးတင်ပြီး ဘုရားရှိ
နေသည်။ ဆရာတော်၏ ဘုရားရှိခိုးသံသည် ကျောက်ဂူအတွ
ထဲတွင် ပဲ့တင်သံများ ပြန်ထွက်နေသည်။ ဖိုးသူတော်ကလည်
ဆရာတော်၏အနီးတွင် ထိုင်ပြီး ဘုရားရှိခိုးနေသည်။ ကိုစံမော
က ကျောက်ဂူထဲတွင် ဟိုသည်လျှောက်ကြည့်နေသည်။ ဆ
တော်က သတ္တုဝါအပေါင်းအား မေတ္တာပို့သသည်။ ကျောက်
အတွင်းမှ အပြင်သို့ ထွက်သွားသော ခြေသံများကို ကြားရသည်
ဆရာတော်က အမျှအတန်းပေးဝေသည်။

ကိုစံမောင်းသည် ဆရာတော်နှင့် ဖိုးသူတော်၏ အ
တွင် ထိုင်နေရပေမယ့် ကြောက်စိတ်က ကြီးစိုးနေသည်။ ကျော
ဂူအတွင်းတွင် မင်းသမီးလေး၏ ရုပ်အလောင်းရှိနေသည်ဆိုသ
အတွေးကြောင့် နောက်သို့လှည့်မကြည့်ရဲ။ သရဲကြောက်တတ်
အသုဘအိမ်သို့ရောက်နေသည့်ပမာ ဖြစ်နေ၏။ ကျောက်ဂူအတွ
တွင် သွားလာနေသော အသံများကို ကိုစံမောင်းကြားနေရ
ကိုစံမောင်းသည် မျက်စိကိုမှိတ်ထားမိ၏။ သူ့အတွေးထဲ
မင်းသမီးလေး၏ ရုပ်အလောင်းက အထင်းသားပေါ်နေသည်





ဆရာတော်သည် တရားအားထုတ်နေလေ၏။ အချိန်တို့က တစ်စ ထက်တစ်စ ကုန်လွန်လာသည်။ ကိုစံမောင်းသည် မျက်စိမှိတ်ထားရင်း ငိုက်နေ၏။

'အင့်'

သူ့ပခုံးကို လက်ဖြင့်ဆုပ်ကိုင်ခြင်း ခံရသဖြင့် ကြက်သီးထသွား၏။ ဖိုးသူတော် ဦးစိန္တက သူ့ပခုံးကို ကိုင်ထားမှန်းသိမှ စိတ်အေးသွား၏။

'ဒကာစံမောင်း… မင်း ငိုက်နေပြီမဟုတ်လား၊ ဗုဒ္ဓရုပ်ပွားတော်ဘက်ကို ခေါင်းပြုပြီး အိပ်လေ၊ ဒီည ငါတို့ဒီနေရာမှာ အိပ်ကြမှာပဲ'

ကိုစံမောင်းက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် ဖိုးသူတော်ဦးစိန္တာပြောသည့်အတိုင်း အိပ်စက်လေ၏။ ခရီးပန်းနေလို့လားမသိ။ ခေါင်းချသည်နှင့် ကိုစံမောင်း အိပ်ပျော်သွားသည်။ ဖိုးသူတော် ဦးစိန္တာက ကိုစံမောင်း၏ဘေးနားတွင် အိပ်စက်သည်။ ကိုစံမောင်းတစ်ရေးနိုးတော့ သူ့ဘေးနားတွင် ဆရာတော်နှင့် ဖိုးသူတော်ဦးစိန္တာတို့ အိပ်စက်နေသည်ကို သတိပြုမိ၏။ ကျောက်ဂူအတွင်းတွင် နံ့သာနံ့များ မွှေးနေသည်။ သည်ကျောက်ဂူကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



ပဲခူးရိုးမတောကြီးမျက်မည်းထဲတွင်ရှိသည်ဖြစ်၍ မြို့မှာကဲ့သ
လျှပ်စစ်မီးသွယ်တန်းထားခြင်းမရှိ။ ကျောက်ဂူအတွင်းတွင် မည
သည့်မီးချောင်း၊ မည်သည့်မီးလုံးမှ တပ်ဆင်ထားသည်ကို မတွေ့
ရ။ သို့သော် လင်းထိန်နေသည်က တွေးရင်းတွေးရင်း ခေါင်းထ
တွင်မူးဝေလာ၏။

မင်းသမီးလေး၏ ရုပ်အလောင်းရှိသည့်နေရာမှ ငိုရှိုက်သ
များကို ကြားနေရ၏။ ဝမ်းနည်းကြေကွဲစွာဖြင့် ငိုနေသည့်အသ
များဖြစ်၏။ ကိုစံမောင်းသည် ဆီးသွားလိုစိတ်ကိုပင် အောင့်ထ
မိ၏။ ကျောက်ဂူအတွင်း ဟိုနေရာသည်နေရာတွင် တွေ့ခဲ့ရသေ
အရိုးစု (၇)စုက သူ့အတွေးထဲတွင် ပေါ်လာ၏။ ကိုစံမောင်းသည
ဆရာတော်၏အနီးသို့ ချဉ်းကပ်ကာ အိပ်၏။ ဖိုးသူတော်ဦးစိန္တ
အိပ်မောကျသံက တိတ်ဆိတ်နေသော ကျောက်ဂူအတွင်းထဲတွ
ကျယ်လောင်စွာ ပေါ်ထွက်နေ၏။ ကိုစံမောင်းသည် သူ့အတွေ
နှင့်သူ ကျေနပ်ပြီး ပြုံးလိုက်မိ၏။ သူ၏အိပ်ချင်စိတ်ကို တားဆ
မရတော့။

ဆရာတော်၊ ဖိုးသူတော်ဦးစိန္တနှင့် ကိုစံမောင်းတို့သည
ကျောက်ဂူအတွင်းမှာပင် သီတင်းတစ်ပတ်ခန့်နေထိုင်ကြပြီး ဆရ





တော်၏ အမိဌာန်ပြည့်စုံသောမနက်တွင် ရွာသို့ပြန်ရန် ပြင်ဆင်ကြလေ၏။ ဆရာတော် ကျောက်ဂူအတွင်းမှ ဗုဒ္ဓရုပ်ပွားတော်ကို ဆီမီးအမွှေးတိုင်များ ထွန်းညှိပူဇော်ပြီး ဘုရားရှိခိုး၏။ သတ္တဝါအပေါင်းတို့အား မေတ္တာပို့ပြီး အမျှအတန်းပေးဝေသည်။

'ကဲ… ဆရာတော်တို့ ပြန်ကြစို့'

ဆရာတော်သည် ကျောက်ဂူအတွင်းမှ အလျင်ထွက်လေ၏။ ဖိုးသူတော်ဦးစိန္တက ဆရာတော်၏ နောက်မှလိုက်သွားသည်။ ဆရာတော်နှင့်ဦးစိန္တတို့က ကျောက်ဂူအပြင်သို့ ရောက်သွားကြသည်။ ကိုစံမောင်းက ကျောက်ဂူထဲမှထွက်မလာသေး။

'အောင်မလေးဗျ… လာကြပါဦး၊ ကျွန်တော့်ခြေထောက်ကို တအားဆွဲထားတယ်၊ တအားဆွဲထားတယ်'

ကျောက်ဂူထဲမှ ကိုစံမောင်းက ငယ်သံပါအောင်ကြောက်လန့်တကြား အော်ဟစ်နေသည်။ ကိုစံမောင်းသည် ကျောက်ဂူအတွင်းမှ ရတနာပစ္စည်းများကိုရယူလိုစိတ်ရှိနေကြောင်း ဆရာတော်ဦးတေဇောဘာသက သိလိုက်၏။ ထို့ကြောင့် ဆရာတော်က…

'ဒကာစံမောင်း… သင့်ရဲ့စိတ်ထဲမှာ ကြံစည်စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ လောကစိတ်ကို အမြန်ဆုံး ဖျောက်ဖျက်ပစ်လိုက်၊ ဆ
တော် ဂူအပေါက်ဝက မေတ္တာစာတ်လွှတ်ပြီး ဂူအတွင်းက ပုဂ္ဂို
တွေကို တောင်းပန်ပေးမယ်'

'တောင်းပန်ပါ ဘုရား၊ တပည့်တော်ခြေထောက်
ဖျစ်ညှစ်ထားတာ နာကျင်လွန်းလို့ သေရပါတော့မယ်၊ အား
ကျွတ်... ကျွတ်... ကြောက်ပါပြီဗျ'

ကိုစံမောင်သည် ငိုသံပါကြီးနှင့် ညည်းညူနေရာလေ
ဆရာတော်က ဂူအတွင်းမှ ပုဂ္ဂိုလ်များကို တောင်းပန်ပေးသည်

'ပုထုဇဉ်လူသားတစ်ယောက် ကိုစံမောင်အနေ
ကျောက်ဂူအတွင်းက ရတနာပစ္စည်းတွေကို ကြံစည်အပ် မ
စည်အပ်ကို မဝေခွဲနိုင်ဘဲ လောဘစိတ်နဲ့ ပြစ်မှားမိတာ
သည်းခံခွင့်လွှတ်ပါ၊ သနားပေးပါ'

ကိုစံမောင်သည် ကျောက်ဂူအပြင်သို့ ပြေးထွက်လာ

၏။

'ဟာ'

'ဟင်... ဒကာစံမောင်း'

ကိုစံမောင်၏ ညာဘက်ခြေကျင်းဝတ် အထက်နားသ





သူ့လက်တစ်ဆုပ်စာခန့် ပတ်လည်သေးသိမ်နေသည်ကို မြင်တွေ့
သော ဆရာတော် ဦးဓေဇောဘာသက ကိုစံမောင်းကို လက်
ညိုးထိုးပြသည်။

ကိုစံမောင်းက သူ့ခြေထောက်ကိုလက်နှစ်ဖက်ဖြင့် ကိုင်
ဘာ ငိုမလို မျက်နှာအနေအထားဖြင့် ဖြစ်နေသည်။

'ဆရာတော်ဘုရား... တပည့်တော်ခြေထောက်သေး
သိမ်သွားပြီဘုရား၊ ကျောက်ဂူထဲမှာ ဘာအရိပ်အယောင်မှမမြင်ရ
ဘဲ ခြေထောက်ရဲ့အဲဒီနေရာကို တစ်အားဆုပ်ကိုင်ဖျစ်ညှစ်ခံထား
တာ ဘုရား၊ ဆရာတော်က မေတ္တာရပ်ပြီး တောင်းပန်မှ ပြေ
လျှော့သွားတာ'

'ဒကာစံမောင်းက ကျောက်ဂူထဲက ရတနာပစ္စည်းတွေ
ကို လောဘစိတ်နဲ့ ပြစ်မှားတော့ အဲဒီအထဲမှာရှိတဲ့ ပုဂ္ဂိုလ်တွေက
ဒကာစံမောင်းကို ဒဏ်ခတ်လိုက်တာဖြစ်မယ်'

'ဒီဒဏ်ရာက သေရာပါဖြစ်ပါပြီဘုရား'

'မကောင်းမှုကြီး၊ ကိုယ်ကားကိုယ်ကံ၊ ကိုယ်သာခံဆိုတဲ့
အရားဆုံးမစကားလို ဘယ်သူမပြုမိမိမှုဖြစ်သွားတာပေါ့ ဒကာ
မောင်းရယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုစံမောင်းမှာ သွဲ့ခြေထောက်ကိုကြည့်ပြီး ယူကြုံးမရ ဖြစ်နေရှာ၏။ ဆရာတော်က ကျောက်ဂူအပေါက်ဝကို သစ်ကိုင်းများဖြင့် လုံခြုံအောင်ပိတ်ဆို့စေ၏။

'သင်္ကာဝါတွေကျောက်ဂူထဲကိုဝင်ပြီး မပုပ်မသိုးသေးတဲ့ မင်းသမီးလေးရဲ့ ရုပ်အလောင်းကို…'

'ဖျက်ဆီးနှောင့်ယှက်ဖို့ ရမှာမဟုတ်ဘူး ဒကာစံမောင်း၊ ဘာမှမစိုးရိမ်နဲ့၊ မင်းသမီးလေးရဲ့ ရုပ်အလောင်းကို ဘယ်သူမှ မနှောင့်ယှက်နိုင်အောင် ဂမ္ဘီရအတတ်ပညာတွေနဲ့ စီစဉ်ထားတယ်လို့ ဆရာတော် ထင်မြင်မိတယ်'

'ယုံကြည်ပါတယ် ဘုရား၊ တပည့်တော် လက်တွေ့ခံစားရတာ အမြင်ပါပဲ'

'ဆရာတော်က ဒီကျောက်ဂူကြီးထဲမှာ တရားအားထုတ်ဖို့လာခဲ့တာ ဖိုးသူတော်နဲ့ ဒကာစံမောင်းက ဆရာတော်ရဲ့ပါရမီကို ဖြည့်ဖို့လိုက်လာခဲ့ကြတဲ့သူတွေ မဟုတ်လား၊ စီးပွားလာရှာကြတာမဟုတ်ဘူးလေ၊ လောဘ၊ ဒေါသ၊ မောဟတရားတွေ ဖုံးလွှမ်းစရာမှ မရှိတာပဲ၊ မမှားသင့်ဘဲ မှားတော့ ဘဝတစ်သက်တာအတွက် နှောင်တရစရာမျိုးနဲ့ ကြုံတွေ့ခဲ့ရတာပေါ့'





ဆရာတော် ဦးတေဇောဘာသ၊ ဖိုးသူတော်ဦးစိန္တာနှင့် ကိုစံမောင်းတို့သည် နေအနေအထားကိုကြည့်၍ အနောက်တောင်ဘက်အရပ်သို့ ခရီးဆက်ခဲ့ကြရာ လက်ပံတန်းမြို့အရှေ့ဘက်မှ သစ်ရွာသို့ ရောက်လာလေ၏။ ထိုရွာတွင် တစ်ညတာ ရပ်နားပြီး လက်ပံတန်း၊ ကျွန်းကလေးတာဆုံကားဂိတ်သို့ လာခဲ့ကြ၏။ ထိုမှကားစီး၍ သာယာဝတီမြို့သို့ ရောက်အောင်သွား၏။ သာယာဝတီမြို့ အရှေ့ဘက် နန်းမပေါက်ရွာသို့ ရောက်အောင်ပြန်လာပြီး ကိုစံမောင်းကို ကျေးရွာလူကြီးများထံသို့ ပြန်လည် အပ်နှံသည်။

'ဟင်… ကိုစံမောင်း ခင်ဗျားခြေထောက်က ဘယ်လိုဖြစ်တာလဲ'

ရွာသားများက ဝိုင်း၍ မေးကြသည်။ ဆရာတော် ဦးတေဇောဘာသနှင့်ဖိုးသူတော်တို့က ရွာတွင်ခဏတာမျှ အမောအပန်းဖြေပြီးအရပ်တစ်ပါးသို့ ကြွသွားကြလေ၏။ ကိုစံမောင်း၏ သိမ်သွားသောခြေကျင်းဝတ်ကို ကြည့်ကာ တစ်ရွာလုံးက လူတွေက အံ့သြနေကြသည်။ မေးမြန်းစုံစမ်းကြသည်။ ဆွေမျိုးသားချင်းများက ဆရာဝန်၊ တိုင်းရင်းဆေးဆရာများကိုပင့်ပြီး ကိုစံမောင်း၏ခြေထောက်ကို ပြသပြီး ကုသသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုစံမောင်း၏ ခြေထောက်မှာ ပြန်ကောင်းမလာ။ ထာဝရသိမ်နေသည်။ လမ်းလျှောက်တော့လည်း ထော့နင်းထော့နင်းနှင့် သွားနေရ၏။

*

'အဲဒီတုန်းက ကျောက်ဂူအတွင်းက ရတနာပစ္စည်းတွေကို နောက်တစ်ခေါက်လာယူမယ် စိတ်ကူးနဲ့ ကျောက်ဂူဝကအထွက်မှာ အလွန်အားသန်တဲ့လက်ကြီးနဲ့ အညှစ်ခံရသလို ခြေကျင်းဝတ်အထက်နားကို ဆွဲထားခံရတယ်။ နာကျင်လွန်းတာလည်း သေလောက်အောင်ပါပဲ၊ ဆရာတော်က မေတ္တာရပ်ခံတောင်းပန်မှ လွှတ်ပေးလိုက်သလို ခံစားရတယ်၊ ဘဝမှာ မမြင်ရဘဲ ခြေထောက်ကိုဆွဲထားခံရတာ ကြောက်သွားမိတာလည်း နှလုံးသွေးရပ်မတတ်ဘဲ၊ အသားတွေတဆတ်ဆတ်တုန်နေတယ်'

ဦးစံမောင်းက ထိုစဉ်ကအဖြစ်အပျက်ကို ပြောပြသဖြင့် ကျွန်ုပ်တို့မှာ သဘောကျစွာ ရယ်မောနေမိကြလေ၏။ လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော်က တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ဖြစ်သော်လည်း မနေ့တစ်နေ့ကဖြစ်ခဲ့သည့်ပမာ ဦးစံမောင်း ခံစားနေရပုံရလေ၏။





'အဲဒီ ပဲခူးရိုးမတောနက်ထဲက ကျောက်ဂူကြီးရှိတဲ့နေရာ ဦးစံမောင်း အခုသွားမယ်ဆိုရင် မှတ်မိဦးမလား'

ကျွန်ုပ်ကမေးလိုက်မိ၏။

'ဘယ်မှတ်မိနိုင်ပါ့မလဲ ဆရာရယ်၊ တစ်တောင်ဆင်း ...တောင်တက်ခရီးကို ဆယ်ရက်လောက်သွားမှ ရောက်တာဗျ၊ ...ရာတော်ဦးတေဇောဘာသက ထူးခြားတဲ့ပါရမီရှင်လို့ပြောရမှာ အခုအချိန်မှာ ဆရာတော်ဟာ ထွက်ရပ်ပေါက်သွားတဲ့ ပုဂ္ဂိုလ် ... ပုဂ္ဂိုလ်မြတ်ဖြစ်ရင်ဖြစ်နေမှာ သေချာတယ်၊ ကျွန်တော်လည်း ...ကပြန်လာပြီးကတည်းက သီလစင်ကြယ်အောင်နေပြီး တရား ...ထုတ်နေတော့တယ်'

ဦးစံမောင်းက ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့၍သောက်...ည်။

'ကျွန်တော် ပြောပြတဲ့အကြောင်းကတော့ ဆရာတို့...ွက် ပုံပြင်ဆန်ဆန်၊ ဇာတ်လမ်းဆန်ဆန် ဖြစ်နေမှာပဲ၊ ကိုယ်တိုင် ...တွေ့ခဲ့ရပြီး လောဘစိတ်ကြောင့် ခြေထောက်တစ်ဖက်သေး...ခဲ့ရတဲ့ ကျွန်တော့်အတွက်တော့ တစ်သက်မမေ့စရာပါ'

ဦးစံမောင်း၏ အသံက ဆို့နစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'နေမပျော်ရွာသားသုံးယောက် ဝဲခူးရိုးမတောထဲမှာ သစ်ဝါးသွားခုတ်ရင်း နွားတစ်ကောင် ကြိုးဖြတ်ပြီး လွတ်ထွက်ပျောက်ဆုံးနေတာကို လိုက်ရှာရင်း မျက်စိလည်လမ်းမှားရင်း အဲဒီကျောက်ဂူကြီးရှိတဲ့နေရာကို ရောက်သွားကြတယ်၊ ကျောက်ဂူကြီးထဲမှာ မင်းသမီးလေးရဲ့ မပုပ်မသိုးတဲ့ ရုပ်အလောင်းကို တွေ့ခဲ့ရတယ်တဲ့၊ ကျောက်ဂူထဲက ပစ္စည်းတွေကို ယူမယ်အလုပ်မှာ ကျောက်ဂူအတွင်းပိုင်းက ကြောက်စရာအသံတွေကြားလို့ ပြေးခဲ့ရတယ်'

ရွာသားတစ်ဦးက ကျွန်ုပ်တို့ကို ပြောပြသည်။

'အဲဒီကျောက်ဂူရှိတဲ့နေရာကို ရောက်အောင်သွားနိုင်ဖို့ဆိုတာ မလွယ်လှပါဘူး၊ ပြီးတော့ ကျောက်ဂူကြီးထဲဝင်မိတာနဲ့ အေးစိမ့်သွားတာပဲ၊ ကျွန်တော် အဲဒီကပြန်လာတုန်းက ငှက်ဖျားရောဂါဖြစ်လို့ ရက်အတော်ကြာအောင် ဆေးကုရသေးတယ်၊ နွားပျောက်လိုက်ရှာပြီး ကျောက်ဂူထဲကိုရောက်သွားတဲ့ ရွာသားသုံးဦးထဲက ခါးကုန်းဖိုးဆိုးဆိုတဲ့ ရွာသားဟာ ငှက်ဖျားရောဂါကြောင့် သေသွားတယ်'

ဦးစံမောင်းနှင့် ရွာသားများပြောပြခဲ့သည့် အကြောင်းအရာများသည် ကျွန်ုပ်၏ ဦးနှောက်ထဲတွင် အတွေးပေါင်းများစွာ





ကို ဖြစ်ပေါ်စေခဲ့သည်။ ကျွန်ုပ်သည် ကျေးရွာများမှ လူကြီးများ၊ ရွာသူ၊ ရွာသားများကို နှုတ်ဆက်ပြီး ပြန်လာခဲ့လေ၏။ နေအိမ်သို့ ညနေချုပ်မှ ရောက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

ရာဇဝင်လိုလို ပုံပြင်လိုလို

ကျွန်ုပ်သည် ဦးစံမောင်း ပြောပြသော ပဲခူးရိုးမတော အတွင်းမှ မပုပ်မသိုးသော မင်းသမီးလေး၏ ရုပ်ကလာဒ်ရှိရာ ကျောက်ဂူကြီးသို့ အမဲလိုက်ရင်း သွားရန် အမြဲကြံစည်နေမိလေ၏။ ထိုကျောက်ဂူကြီးသည် ပဲခူးရိုးမတောတွင်း မည်သည့်နေရာ တွင်ရှိသည်ကို မသိရှိရသေးသော်လည်း 'ပျောက်သောသူရှာ လျှင်တွေ့' ဆိုသည့်စကားကို လက်ကိုင်ထားပြီး ရှာဖွေရန် စိတ်ကူး ထားလေ၏။ ကျွန်ုပ်တွင် လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ် ဘာမျှမရှိ။ မပုပ်မသိုးသော မင်းသမီးလေး၏ ရုပ်ကလာပ်ကို တွေ့ဖူးချင်သော ဆန္ဒတစ်ခုတည်းသာ ရှိလေ၏။





ထိုမင်းသမီးလေး၏ ရုပ်အလောင်းသည် ဂမ္ဘီရပညာဖြင့် စီစဉ်ထားသည်ကို ကြိုတင်သိရှိထားပြီးဖြစ်လေ၏။

တစ်နေ့တွင် ကျွန်ုပ်၏အိမ်သို့ ကျွန်ုပ်နှင့်အမဲပစ်ထွက်နေ ကြဖြစ်သော သူငယ်ချင်းတင်ဝင်းနှင့် တာပေါင်းတို့ ရောက်ရှိ လာကြလေ၏။ (တာပေါင်း၏ ငယ်နာမည်က တပေါင်းဖြစ်လေ ၏။ သူ့အဖေ တရုတ်ကြီးက တရုတ်သံဖြင့် တာပေါင်း၊ တာ ပေါင်းဟု ခေါ်နေရာမှ တာပေါင်းအမည်တွင်သွားလေ၏။ စာရေး သူ)။ ပဲခူးရိုးမတောအတွင်းသို့ အမဲပစ်ထွက်ရန် ကျွန်ုပ်အား တိုးတိုးပြော၏။

အဖေနှင့်အမေက ဘာသာရေးကို အထူးကိုင်းရှိုင်းသူများ ဖြစ်၍ ကျွန်ုပ်အမဲပစ်ထွက်သည်ကို လုံးဝမကြိုက်။ သည်တော့ ကျွန်ုပ်က အလုပ်ကိစ္စဖြင့် တစ်နေရာရာသို့ ခရီးထွက်ရသည့် ပမာ လိမ်ညာရသည်။

'ဟဲ့… ကောင်လေး နင်စားချင်တာလည်း ကျွေးထား ပြီးပြီ၊ အိမ်ရှေ့မှာ သွားဆော့နေရင်ကောင်းမယ်၊ ပြောမရရင်တော့ နင် အရိုက်ခံရတော့မယ် သွားတော့'

မီးဖိုချောင်ထဲမှ ကျွန်ုပ်အမေ၏ အသံကိုကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မျောက်ကလေးတိုးမောင်သည် မျက်နှာငယ်လေးနှင့် အိမ်ရှေ့သ
ထွက်လာလေ၏။ တိုးမောင်၏ ကုတ်ချောင်းကုတ်ချောင်းအမူအ
ကို ကြည့်ပြီး ကိုတင်ဝင်းနှင့်တာပေါင်းတို့၏ မျက်နှာက ပြုံးဖြ
ဖြစ်နေကြသည်။ တိုးမောင်ကို ကျွန်ုပ်မွေးထားသည်မှာ ကြာ
ဖြစ်၏။ ယခုအခါ တိုးမောင်၏အသက်သည် နှစ်နှစ်ကျော်လာ
ပြီ။ အမဲပစ်ထွက်ရင်း တောထဲတွင် တွေ့၍ ဖမ်းဆီးလာက
မွေးမြူထားခြင်းဖြစ်၏။

အင်း.... အဲသည်ဝဲနှုန်းက....

အခန်း(၅)

တောအလယ် မောတယ်

ထိုစဉ်က ကျွန်ုပ် ကိုတင်ဝင်းနှင့် တာပေါင်းတို့သည် တောထဲသို့ အမဲပစ်ထွက်ရန် လာခဲ့ကြ၏။ တာပေါင်းကတောစပ်သို့ ဝင်မိသည်နှင့် ခဏနားရန်ပြော၏။ ကျွန်ုပ်က သစ်ပင်တစ်ပင်၏ ပင်စည်ကိုမှီရင်း အမောအပန်းဖြေနေမိ၏။ ရေဗူးထဲမှရေကို တစ်ငုံသောက်သည်။ တာပေါင်းသည် သူ့အိတ်ထဲမှ ရမ်ပုလင်းအပြားကို ထုတ်ကာ မော့သောက်နေ၏။ တာပေါင်းက အရက်ကြိုက်သည်။ တောထဲသို့ အမဲပစ်ထွက်မည်ဆိုကတည်းက တောပိုင်တောင်ပိုင်များကို အရက်နှင့်ကြက်သားပူဇော်ပသပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



တာပေါင်းက အရက်ကိုတအားမူးအောင်တော့ မသောက်တတ်
ခဏခဏသော့ နည်းနည်းချင်း သောက်တတ်သည်။ တာပေါင်
က အရက်ရှိန်ကလေးရလာလျှင် စကားပြောသွက်လာသည်

ကျွန်ုပ်တို့ သုံးဦးထဲတွင် တာပေါင်းက လက်အဲတ
ဆုံး။ ပြေးသွားသော သားကောင်ကိုပင် မှန်အောင်ပစ်နိုင်သည်

'ဘယ်လိုလဲ အမောမပြေသေးဘူးလား'

ကျွန်ုပ်က တာပေါင်းကိုလှမ်းမေးသည်။

'မမူးသေးဘူးလားလို့ မေးစမ်းပါကွာ'

'အဟင်း… ဟင်း…'

တာပေါင်းက မျက်နှာရယ်ဖြဲဖြဲနှင့် ပြောရင်း ထိုင်ရာ
ထလာ၏။

'ကဲ… ခရီးဆက်ကြဦးစို့'

ကျွန်ုပ်တို့သုံးဦးသည် တောတွင်းထဲသို့ ဝင်လာခဲ့
သည်။ တောကြက်ဖများ၏ တွန်ကျူးသံကို ကြားနေရလေ

'မျောက်သားမစားရတာကြာပြီ၊ တွေ့လို့ကတော့ အ
ပဲဟေ့'

တာပေါင်းက သေနတ်ကို အသင့်အနေအထားဖြင့် က





သာသည်။ သည်ကောင်ကပြောလျှင်ပြောသည့်အတိုင်းလုပ်တတ်
သည့် လူစား။ တောတိုးသံကြားသဖြင့် မျောက်များက သစ်ပင်
တစ်ပင်မှတစ်ပင်သို့ ကူးကာ ပြေးကြ၏။

'ဟင်း… မင်းတို့က ငါ့ကိုသွေးတိုးစမ်းနေကြပြီ'

တာပေါင်းက သစ်ပင်တစ်ပင်၏ ခွဆုံတွင် ထိုင်နေသော
မျောက်တစ်ကောင်ကို သေနတ်ဖြင့်ချိန်၍ ပစ်လိုက်သည်။

'ဒိုင်း'

'ဟာ'

မျောက်ကြီးက သစ်ပင်ခွကြားမှ နောက်သို့ပက်လက်
န်ကျသွားသည်။ ထို့အပြင် မျောက်ကလေးတစ်ကောင်သည်
ည်း သစ်ပင်အောက်သို့ ကျသွားသည်ကို ကျွန်ုပ်တို့ မြင်တွေ့
ိုက်ကြရ၏။ တာပေါင်း၏သေနတ်ကျည်ဆံ ထိမှန်သွားသည်မှာ
ျောက်မကြီးဖြစ်နေသည်။ ကျွန်ုပ်နှင့်ကိုတင်ဝင်းက သူ၏ နောက်
 လိုက်သွား၏။ မျောက်မကြီးမှာ ဝမ်းဗိုက်အောက်နားကို ထိမှန်
 သေဆုံးနေသည်။ နို့စို့အရွယ်မျောက်ကလေးမှာ မိခင် မျောက်
ကြီးအနားတွင် ဟိုသည် ပြေးရမလိုဖြစ်နေ၏။

'တောက်… မျောက်မကြီးက မျောက်ကလေးကို ကျော

www.burmeseclassic.com



ပိုးထားမှန်းမသိပါဘူးဗျာ၊ အခုတော့ ဘာမှမတတ်နိုင်တော့ဘူး၊ လက်လွှန်သွားပြီ'

ကျွန်ုပ်သည် မျောက်ကလေးကို သနားသွားမိ၏။ ထို့ကြောင့် မျောက်ကလေးကို လိုက်ဖမ်းသည်။ မျောက်ကလေးက ကြောက်လန့်နေလေ၏။ အတင်းရုန်းကန်နေသည်။ မျောက်ကလေးက ကျွန်ုပ်ကို လက်သည်းဖြင့် ပြန်ကုတ်မည်ကိုလည်း ကြောက်ရသေးသည်။ တာပေါင်းက မျောက်မကြီးကိုဆွဲယူလာ၏။ ကျွန်တော်က မျောက်ကလေးကို ပွေ့ဖက်ကာ ချော့မြူနေမိ၏။

'အရက်မူးမူးနဲ့ စိတ်လောကြီးသွားလို့ မုဆိုးစည်းကမ်းဖောက်သလိုဖြစ်သွားပြီး တောထဲကို အမဲပစ်သွားလို့မကောင်းတော့ဘူး'

တာပေါင်းက စိတ်ပျက်သောလေသံဖြင့် ပြော၏။ ကျွန်ုပ်တို့သုံးဦးသည် တောထဲမှပြန်လည်ထွက်လာခဲ့ကြသည်။ ကျွန်ုပ်က မျောက်ကလေးကို ပွေ့ချီလာ၏။ တာပေါင်းက မျောက်အသေကို ပခုံးပေါ်တွင် ထမ်း၍ သယ်လာသည်။

'ဘသိန်း… မင်းက မျောက်ကလေးကို မွေးဖို့ယူလာ





ကောင်းတယ်၊ သနားစရာလေးနော်၊ ငါကတော့ ဝင့်လိုက်ဘူမှာ အမှန်ပဲ'

'မသိလို့မှားတာပဲကွာ'

'မဟုတ်ဘူးကွ၊ အရက်မူးလို့ မှားတာ'

အပြန်လမ်းခရီးတွင် ကျေးရွာများသို့ဝင်၍ ငှက်ပျောသီး ကာ မျောက်ကလေးကို ကျွေးကြည့်၏။ ရွာသားများက ကလေးကို သနားသဖြင့် နို့များယူလာပြီး တိုက်ကြသည်။ ကလေးက ကြောက်လန့်နေသည်။ ကျွန်ုပ်တို့သည် မြို့သို့ က်သည်အထိ မျောက်ကလေးကို ဟိုအစာသည်အစာများကို ပ်ထဲသို့ အတင်းခွံ့ကျွေးပြီး ခေါ်လာရလေ၏။

တာပေါင်းက သူ့အိမ်တွင် မျောက်သားဟင်းချက်မည်။ ပ်နှင့် ကိုတင်ဝင်းကို ထမင်းလာစားရန် ပြော၏။ ကျွန်ုပ်က သားကို ဟိုယခင်ကတည်းက စားသုံးသူမဟုတ်သဖြင့် င်းခါပြလိုက်သည်။ အိမ်သို့ပြန်ရောက်တော့ ညဦးနက်ချိန်။

'ဟဲ့… ဘသိန်း၊ နင်ပြောတော့ အလုပ်ကိစ္စရှိလို့ နတ္တကို သွားမလို့ဆို၊ အခု တောပစ်ပြီး ပြန်လာတာမဟုတ်လား၊ …မျောက်သေးသေးကလေးလည်း ပါလာတယ်၊ နင်တော့ က်တော့မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



အမေက ရင်ဘတ်ကိုလက်ဖြင့်ဖိထားရင်းပြောသည်။

'တာပေါင်းက မျောက်ထီးဆိုပြီး ပစ်လိုက်တာ မျောက် ကြီးဖြစ်နေတယ်၊ ဒီမျောက်ကလေးတောထဲမှာ အစာငတ် ရေငတ် ဘဝနဲ့ သေသွားမှာစိုးရိမ်လို့ အိမ်မှာမွေးမလို့ ခေါ်လာတာ'

မျောက်ကလေးကို အဝတ်ကြိုးဖြင့် ချည်ထားရ၏။ နောက်တစ်နေ့မနက်တွင် အရပ်ထဲမှကလေးများက မျောက် ကလေးကို လာကြည့်ကြသည်။ မျောက်ကလေး၏ အမည်ကို လည်း တိုးမောင်ဟု မှည့်ခေါ်ထားသည်။ ကလေးငယ်တစ်ဦးကို မွေးထားရသည့်နှယ် အလုပ်များလှသည်။ နို့တိုက်ရသည်။ အစာ ကျွေးရသည်။ ချေးကျုံးရသည်။ မျောက်ကလေးအပေါ် တွင် သနားစိတ်ဖြင့် သံယောဇဉ်ဖြစ်လာရသည်။

ကြာလာတော့ တိုးမောင်သည် လူ့စကားကိုနားလည် လာသလိုပင်။ ကျွန်ုပ်၏ အမေက တိုးမောင်ကို အစာလည်းကျွေး တတ်သလို စိတ်မထင်လျှင်လည်း ရိုက်တတ်သည်။ တိုးမော သည် အမေ့အသံကြားသည်နှင့် ငြိမ်နေတတ်၏။ အမေဈေး ပြန်လာလျှင် သူ့ကိုမုန့်ကျွေးနေကျမို့ အမေ၏ ဈေးခြင်းတောင်း ကိုမြင်သည်နှင့် တိုးမောင် ဂဏှာမငြိမ်တော့။





'ကောင်လေး... ဘာဖြစ်နေတာလဲ'

'ခွီး... ခွီး... ခွီး...'

'နင့်ဖို့ မုန့်ဝယ်ဖို့မေ့လာတယ် တိုးမောင်'

အမေက တိုးမောင်ကို လက်ခါ၍ပြသည်။ တိုးမောင် သည် အမေ့စကားကို နားလည်သည့်နှယ် ကြမ်းပြင်ပေါ်သို့ အိပ်နေလိုက်၏။ အမေကပဲလှော်ထုပ်ကို ထုပ်ပြမှ တိုးမောင် တူးသွားသည်။

'ငါ ထမင်းဟင်းချက်ရဦးမယ်၊ အိမ်ရှေ့မှာ ထိုင်စောင့်နေ သည်လာရင် အသံပြုဦး၊ ငါ သေသေချာချာပြောထားတယ် နော်'

တိုးမောင်သည် ပဲလှော်ထိုင်စားနေတတ်၏။ အဖေက မောင်ကို ကလေးငယ်ပမာ သဘောထားကာ ဘာမှမပြော။ မောင်က မျက်နှာစိမ်းသည့်သည် အိမ်သို့လာလျှင် တခွီးခွီးနှင့် သံပေးသောအကျင့်မှာ အလွန်ချစ်စရာကောင်းလှ၏။

'ဒီကောင်လေးတောင် အတော်ကြီးလာပြီနော်၊ အဲဒီ ဘည်းက ငါတို့ အမဲပစ်သွားခဲ့တာ အခုအချိန်အထိပဲ၊ ဒီ ကောင်က ကြိုးချည်မထားဘဲရလို့လား၊ လျှောက်သွားနေမှဖြင့်'



www.burmeseclassic.com

www.burmeseclassic.com



တာပေါင်းက ပြောသည်။

'အိမ်အောက်ကို ညနေကျတော့မှ ဆင်းပြီး ဆော့ကစား
နိုင်းတာ၊ ကျနော့်တဲ့အချိန် အောက်ကိုဆင်းရင် အမေက သူ့
တုတ်နဲ့ ရိုက်တာ'

ကိုးမောင်က ကျွန်ုပ်၏အနားတွင် ဆောင့်ကြောင့်ကလေး
လာထိုင်သည်။ တာပေါင်းက ကိုးမောင်၏ ခေါင်းကိုလက်ဖြင့်
သပ်ပေးသည်။

'ခွီး… ခွီး… ခွီး…'

ကိုးမောင်က တာပေါင်းကို ကုတ်ရန်ဟန်ပြင်သည်။

'ဟေ့ကောင်… မလုပ်ရဘူးနော်၊ မင်းကိုချစ်လို့ မင်း
ခေါင်းကိုကိုင်တာပါကွ'

ကိုးမောင်က ဒေါသဖြစ်နေသည်။

'သူ့အမေကို ငါ သတ်ပစ်တာ ဒီကောင်က မှတ်မိနေ
ပဲ၊ ပြီးတော့ မျောက်မအသေကြီးကို ငါက ပခုံးပေါ်တင်ပြီး
ထမ်းလာတာမဟုတ်လား'

ကိုးမောင်သည် တာပေါင်းကို စိုက်ကြည့်နေ၏။

'တိရစ္ဆာန်ပေမယ့် အမှတ်သညာကြီးတယ်၊ အေး





ငါကလည်း သူ့အမေကိုသတ်ခဲ့မိတာကိုး'

ကျွန်ုပ်က ပြည်မြို့သို့သွားမည့်ကိုကာ ကိုတင်ဝင်း၊ တာ
ပေါင်းတို့နှင့် နတ္တလင်းမြို့အရှေ့ဘက်တောထဲသို့ အမဲပစ်ရန်
လာခဲ့သည်။ အဖေနှင့်အမေတို့ ယုံကြည်စေရန် အမဲပစ်သေနတ်
ကို အိမ်မှာထားခဲ့သည်။ စပါယ်မြောင်ရွာ မိတ်ဆွေတစ်ဦးထံမှ
ဒူးလေးတစ်လက်ကို ငှားလာခဲ့သည်။ ကိုတင်ဝင်းနှင့်တာပေါင်း
တို့က ဒူးလေးမပစ်တတ်။ ကျွန်ုပ်က ဒူးလေးအပစ်သင်ထားသည်
မို့ သားကောင်ကို မှန်အောင်ပစ်နိုင်၏။

တာပေါင်းကို မုဆိုးစည်းကမ်းလိုက်နာရန် အမဲပစ်
မထွက်မီကပင် သတိပေးထားရသည်။ ဒီကောင်က အရက်မူး
လာလျှင် စိတ်ထင်ရာဆိုင်းလာသူမဟုတ်လား။ တာပေါင်းက
လမ်းသွားရင်း အရက်တစ်ငုံနှစ်ငုံသောက်လာသည်။

'တာပေါင်း တောထဲမရောက်ခင် လမ်းမှာ မူးလဲနေဦး
မယ်'

'အဲသလောက်လည်း မဟုတ်ပါဘူးကွာ၊ ပျားရည်နဲ့ နှပ်
ထားတဲ့ အရက်မို့ သိပ်မမူးပါဘူး၊ လျှင်မြန်ဖျတ်လတ်အောင်
သွေးနိုးထားတာ'



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က တောထဲတွင် တစ်ညနားကြ၏။ ထည့်ယူလာသည့် ဆန်ကို ဟန်းကောချိုင့်များဖြင့်ချက်ကာ ငါးခြောက်မီးဖုတ်ကို ဆီရွှဲရွှဲဆမ်းပြီး စားကြသည်။ ထမင်းစားပြီးလျှင် ရေနွေးကြမ်းခါးခါးသောက်ပြီး စကားဝိုင်းဖွဲ့နေမိကြ၏။

'ဟိုတစ်ခါ မျောက်သားချက်တုန်းက ငါလည်း မစားဖြစ်ဘူး၊ ချက်တုန်းကတော့ စိတ်တိုင်းကျချက်တာပဲ၊ စားမယ်လုပ်တော့ မျောက်မကြီးနဲ့ မျောက်ကလေးတို့ရဲ့ မျက်နှာတွေကို ပြန်မြင်ပြီး စားလို့မရတော့ဘူး'

တာပေါင်းက စိတ်မကောင်းသည့်ဟန်ဖြင့် ပြောသည်။ ညအိပ်တန်းဝင်နေကြသည့် ကျေးငှက်များ၏ အသံမျိုးစုံကို ဆူညံစွာကြားနေရ၏။

'မနက်ကျရင်တော့ သားကောင် တစ်ကောင်လောက်ရအောင်ပစ်ရမယ်၊ တောပိုင်တောင်ပိုင်တွေကိုလည်း တောင်းထားပါတယ်၊ အခုတော့ ခေါင်းထဲမှာ ရီဝေလာပြီမို့ အိပ်တော့မယ်'

တာပေါင်းက သစ်ပင်ခြေရင်းတွင် ပုဆိုးပိုင်းကိုခင်းကာ အိပ်ဖို့ပြင်နေသည်။ ကျွန်ုပ်က မီးဖိုထဲသို့ ဝါးလုံးအစိုများကို ထိုးထည့်ထားလိုက်၏။ ဝါးလုံးပေါက်သံများက တစ်တောလုံးဆူညံနေသည်။ ဒါမှ တောကောင်ကြီးများ အနားသို့မလာရဲဘဲရှိမည်။ မုဆိုးက သားကောင်ဖြစ်သွားရသော ဇာတ်လမ်းများကို ကျွန်ုပ် ကြားဖူးထားသည်မှာ များလှပြီ။

ကျွန်ုပ်က ကိုတင်ဝင်းနှင့်ယှဉ်လျက်နေရာတွင် အိပ်ရာခင်းသည်။ ခြေရင်းဘက်တွင်ရှိသော မီးဖိုမှ မီးခိုးငွေ့များက ကျွန်ုပ်တို့အိပ်သည့်နေရာသို့ ဖြတ်သန်းသွားနေသဖြင့် ခြင်ကိုက်သက်သာသည်။ တစ်နေ့လုံး ခြေလျင်ခရီးနှင်လာရသဖြင့် အိပ်ရာပေါ်သို့ကျောခင်းလိုက်တော့မှ အညောင်းအညာများ ပြေပျောက်သွားသလို ခံစားရသည်။ မီးဖိုမှ မီးညွန့်ကျိုးသွားသဖြင့် မီးဖိုထဲတွင် နီရဲသောမီးခဲများကိုသာ မြင်တွေ့ရ၏။

ကျွန်ုပ်သည် တော်တော်နှင့်အိပ်မပျော်နိုင်သေး။ နေ့ဘက်က နေပူထဲတွင် သွားလာဖြတ်သန်းလာခဲ့ရသဖြင့် တစ်ကိုယ်လုံးမှ အပူငွေ့များထွက်နေသည်။ တာပေါင်းက အရက်မူးမူးနှင့် အိပ်ပျော်နေရှာလေပြီ။

'မင်း အိပ်မပျော်သေးဘူးလား'

ကိုတင်ဝင်းက ကျွန်ုပ်အား မေးလေ၏။

'ခန္ဓာကိုယ်ထဲက အပူငွေ့တွေထွက်နေလို့ အိပ်ပျော်





www.burmeseclassic.com

www.burmeseclassic.com



အောင်တော့ ကြိုးစားရမှာပဲ၊ မနက်ကျရင် တောတောင်ထဲမှ
သွားလာလှုပ်ရှားရဦးမယ် မဟုတ်လား'

ကျွန်ုပ်သည် ဝင်လေထွက်လေကို မှတ်သားနေမိ
ခဏကြာတော့ မျက်ခွံတွေလေးလာကာ အာရုံတွေက လွင့်ပ
ပျောက်ကွယ်သွား၏။

သစ်ရွက်ခြောက်များကို နင်းလာသည့်အသံကို ကြား
သဖြင့် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ နားစွင့်နေလိုက်မိ
တာပေါင်းနှင့် ကိုတင်ဝင်းထံမှ အသက်ရှူသံကို မကြား
တာပေါင်း၏ ကိုယ်လုံးရွေ့လျားသံကို ကြားမိ၏။ အမှောင်ထု
ကို ကြည့်နေမိသည်ဖြစ်၍ အတော်အာရုံစိုက်နေရသည်။ သာ
ကောင်အနံ့ခံသကဲ့သို့ မုဆိုးကလည်း သားကောင်၏ အနံ့ကို
သည်။ ကိုတင်ဝင်းက ကျွန်ုပ်ကို လက်ဖြင့်လှမ်း၍စမ်း၏။ ကျွ
က အိပ်ရာမှနိုးနေကြောင်း အထာပြလိုက်၏။ အခုအချိန်ဆိုလျှ
တာပေါင်းက သေနတ်ကို အသင့်အနေအထား ကိုင်ထားလော
ပြီကို ကျွန်ုပ်က သိနေ၏။

သစ်ရွက်ခြောက်များကို နင်းလာသည့် ခြေသံသ
ကျွန်ုပ်တို့နှင့်ပို၍နီးကပ်လာလေ၏။ သစ်ရွက်ခြောက်များကို န





လာသည့်ခြေသံကို မှန်းဆ၍ သားကောင်ကြီးမှန်း တွက်ဆ၍ရ
သွားသည်။ တာပေါင်းက ဖြည်းညှင်းစွာ ထထိုင်သည်။ သူလည်း
သတိထားမိသည်ထင်၏။ တာပေါင်းနှင့် (၁၀)ပေအကွာတွင်
ရှိနေသည့် သစ်ကိုင်းများအကြားတွင် နီရဲသောမျက်လုံးတစ်စုံကို
အထင်းသား မြင်တွေ့နေရသည်။ သားကောင်၏သဏ္ဌာန်ကို
မှန်းဆကြည့်နေမိသည်။ မြေပြင်နှင့် မျက်လုံးအမြင့်ကို တွက်ဆ
ကြည့်ရာ ငါးပေခန့်မြင့်ကြောင်း သိလိုက်ရ၏။

'ဒိုင်း'

သေနတ်သံက တစ်တောလုံးညံသွားသည်။ သစ်ရွက်
ခြောက်များကိုနင်းပြီး တဟုန်ထိုးပြေးသွားသည့်ခြေသံကိုကြားရ
သည်။

'တောက်... နာလိုက်တာကွာ'

တာပေါင်းက သေနတ်ဒင်ကို မြေကြီးပေါ်သို့ ဆောင့်ချ
ရင်း ပြောသည်။ ကျွန်ုပ်နှင့်ကိုတင်ဝင်းက တာပေါင်းအနီးသို့
လျှောက်သွားသည်။

'ဘာကောင်လို့ထင်သလဲ တာပေါင်း'

'ဟင်းစားကောင်ကြီးကွ၊ သင်းကလည်းငါတို့ကို အပိုင်



www.burmeseclassic.com

www.burmeseclassic.com



တွယ်ဖို့အကွက်ချောင်းနေတာ၊ အသေအချာချိန်ပစ်လျက်သားနဲ့ လွဲသွားတယ်'

'ဒီကောင်ကြီး ချဉ်းကပ်လာကတည်းက ငါတို့နိုးနေတာကွ'

ကျွန်ုပ်က ထင်းခြောက်များကို မီးဖိုထဲသို့ ထပ်ထည့်သည်။ ပြာဖုံးနေသော မီးခဲများကို ယပ်ခတ်ပေးလိုက်သည်။ မီးက ဟုန်းခနဲတောက်လာသည်။ ကျွန်ုပ်သည် မြေကြီးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိ၏။ လက်မှနာရီကိုမီးရောင်ဖြင့် ကြည့်မိတော့ ညဉ့်နှစ်နာရီခွဲကျော်နေပြီ။

'ခဏ ပြန်မှိန်းကြဦးစို့'

တာပေါင်းက အိပ်ရာထဲတွင် ပြန်လှဲနေသည်။ ကျွန်ုပ်နှင့် ကိုတင်ဝင်းတို့ ပြန်လှဲအိပ်နေပေမယ့် အိပ်မပျော်တော့။ သို့နှင့် မိုးစင်စင်လင်းလာသည်။ အိပ်ရာမှထကာ မျက်နှာသစ်ကြ၏။ မနက်စာကို အလျင်စလိုစားသောက်ပြီး တောထဲသို့ဝင်လာခဲ့ကြ၏။

'ဒီတောင်ကုန်းအလွန်မှာ မြက်ခင်းတောရှိတယ်၊ ဒရယ်တွေ၊ ဆတ်တွေ ရှိတတ်တယ် ဘသိန်း'





တာပေါင်းက သေနတ်ကို ပခုံးပြောင်းလွယ်ရင်း ပြောသည်။ တောင်ကုန်းသည်ဘက်အဆင်း သစ်ပင်ပေါ်တက်မည်ဟုလည်း မျက်ရိပ်ပြလေ၏။ ကျွန်ုပ်က တာပေါင်း၏ သေနတ်ကို ယူ၍ လွယ်ထားလိုက်၏။ တာပေါင်းသည် သစ်ပင်ပေါ်သို့ လျင်မြန်ဖျတ်လတ်စွာ တက်သွားသည်။ တာပေါင်း၏မျက်နှာဝင်းလက်သွားသည်ကို မြင်တွေ့လိုက်ရ၏။ သစ်ပင်ပေါ်မှ ပြန်ဆင်းလာသည်။

'ဟော့... ဒရယ်တွေ၊ ဆတ်တွေ မြက်ခင်းထဲမှာ အများကြီးပဲ၊ မြောက်ဘက်မှာ တောင်ကုန်း၊ အနောက်ဘက်မှာ လျှိုကြီးတစ်ခုရှိတယ်၊ တောင်ဘက်မှာ တောအုပ်၊ ဒီတော့ ဘသိန်းက မြောက်ဘက်အရပ်မှာနေ၊ ဒီကောင်တွေ တောင်ကုန်းပေါ်ကိုတော့ ပြေးတက်သွားမယ်မထင်ဘူး၊ ငါနဲ့တင်ဝင်းက အရှေ့ဘက်နဲ့ တောင်ဘက်မှာနေရာယူမယ်၊ ဘသိန်းက ဒူးလေးကို အသင့်မြှင်ထားပြီး ငါတို့နှစ်ယောက်ရဲ့အရိပ်အခြေအကို စောင့်ကြည့်နေပေါ့'

တာပေါင်းနှင့်ကိုတင်ဝင်းတို့က သေနတ်ကိုအသင့်အနေအထားကိုင်ပြီး အရှေ့ဘက်နှင့်တောင်ဘက်သို့ နေရာယူရန် သွားကြလေ၏။ ကျွန်ုပ်က တောင်ကုန်းပေါ်မှ သစ်ပင်တစ်ပင်ကို



www.burmeseclassic.com

www.burmeseclassic.com



အကာအကွယ် ယူရင်း သားကောင်များကို အကဲခတ်နေ၏။ ကိုတင်ဝင်းက တောင်ဘက်အရပ်သို့ သွားနေသည်။ ဒရယ်နှင့်ဆတ်တွေအကောင်နှစ်ဆယ်ကျော်သည်။ အရွယ်အစားစုံသည်။ မြက်နုများကိုစားသောက်ပြီး မြူးထူးနေကြလေ၏။ သူတို့အပေါ်ကျရောက်လာမည့် အန္တရာယ်ကို သတိထားမိပုံမပေါ်။ ကိုတင်ဝင်းက တောင်ဘက်အရပ်မှ သစ်ပင်အကွယ်တွင်နေရင်း သားကောင်ကို ပစ်ခတ်ရန် အသင့်အနေအထားရှိနေ၏။

တာပေါင်းနှင့်ကိုတင်ဝင်းက မြက်ခင်းအစပ်သို့ ပုန်းလျှိုးပြီးချဉ်းကပ်သွားရန် တစ်ဦးနှင့်တစ်ဦး လက်ဟန်ခြေဟန်ဖြင့်အထာပြနေကြ၏။ ကျွန်ုပ်က သူတို့နှစ်ဦး၏ လှုပ်ရှားမှုကို ကြည့်နေရသည်။

ကိုတင်ဝင်းက စမ်းချောင်းထိပ်ရှိ မြက်ခင်းအစပ်သို့ မိချောင်းပမာ တွားသွားပြီး ချဉ်းကပ်လာသည်။ တာပေါင်းကလည်း မြေကြီးပေါ်တွင် တွားသွားလာပြီး သားကောင်အနီးသို့ ချဉ်းကပ်လာ၏။ တာပေါင်းက ရှေ့သို့ဆက်မသွားဘဲ သားကောင်ကို သေနတ်နှင့်ချိန်ပစ်ရန် ကိုတင်ဝင်းကို လက်ဟန်ဖြင့် ပြောနေ၏။ တာပေါင်းသည် သူ့ကို ကျောပေးကာ အစာစားနေသော





(ချေ)တစ်ကောင်ကိုပစ်ရန် သေနတ်ကို အသေအချာချိန်ရွယ်နေ၏။ ကြည့်နေရသည့်မှာ အသည်းယားစရာပင်။ ကျွန်ုပ်ကဒူးလေးကိုပစ်ရန် အသင့်အနေအထားရှိနေ၏။

တာပေါင်းက သေချာလျှင် ပစ်တော့ဟု ခေါင်းဆတ်ကာအချက်ပြသည်။ သူလည်း ပစ်တော့မည်ဟု လက်ညှိုးထိုးပြသည်။

'အိန် … အိန် … အိန် …'

တောထဲမှ တောခွေးများ၏ အသံကြောင့် ဒရယ်၊ ဂျီနှင့်ဆတ်များသည် ကြောက်လန့်ကာ တောင်ဘက်သို့ဦးတည်ပြေးသွားကြလေ၏။

'ဒိုင်း …'

'ဒိုင်း …'

သေနတ်သံနှစ်ချက်က ကျယ်လောင်စွာပေါ်ထွက်လာသည်။ တောင်ဘက်သို့ ခြေထောက်ဆော့နင်းနှင့်ပြေးသွားသောသည် ကျွန်ုပ်ရှိရာတောင်ကုန်းအဆင်းနေရာမှ တဟုန်ထိုးဖြတ်ပြေးလေ၏။ ကျွန်ုပ်က ဒူးလေးနှင့်လှမ်းပစ်ပေမယ့်မထိ။

'ဘာသိန်း … လိုက်ဟေ့၊ ဒီကောင် သိပ်မပြေးနိုင်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



တာပေါင်းနှင့် ကိုတင်ဝင်းက လှမ်းပြော၏။ ကျွန်ုပ်က ဂျီထွက်ပြေးရာနောက်သို့ ပြေးလိုက်သွားသည်။ ကိုတင်ဝင်းနှင့် တာပေါင်းတို့ကလည်း နောက်မှပြေးလာ၏။

ရှေ့မှပြေးနေသော ဂျီက ကျွန်ုပ်တို့နှင့် ကိုက်ငါးဆယ်ခန့် အလှမ်းဝေးလေ၏။

'ဒီကောင် သိပ်မပြေးနိုင်ပါဘူး၊ တစ်နေရာမှာ လဲကျ သေဆုံးသွားမှာပဲ'

ကျွန်ုပ်တို့သုံးယောက်သည် ဂျီပြေးရာနောက်သို့ မျက်ခြေပြတ်မခံလိုက်ရင်း မိုးချုပ်သွားသည်ကိုပင် သတိမထားမိတော့။ ညအမှောင်ရိပ်သန်းလာတော့ ဂျီကိုမမြင်မတွေ့ရတော့။ မျက်ခြေပြတ်သလို ဖြစ်သွားလေ၏။ ထို့ကြောင့် စမ်းချောင်းတစ်ခု၏ဘေး ကျောက်ဆောင်များပေါ်တွင် ညအိပ်ရပ်နားရန် ဆုံးဖြတ်လိုက်ရလေ၏။ ကျွန်ုပ်တို့၏ တစ်ကိုယ်လုံးတွင် ချွေးများစိုရွှဲနေလေ၏။ ကျွန်ုပ်တို့သည် စမ်းချောင်းရေထဲတွင် ရေစိမ်ချိုးရင်း အမောအပန်း ဖြေကြရလေ၏။ မှောင်ထဲမှာပင် သစ်ကိုင်းခြောက်များ ရှာဖွေပြီး မီးဖိုရ၏။ ညစာချက်ပြုတ်စားသောက်ရလေ၏။

'ဂျီကိုအသေအချာချိန်ရွယ်ထားတာကွ၊ တောချွေးသံတွေ





ကြားတော့ ဂျီကတုန်လှုပ်ပြီး အနေအထားပြောင်းလဲသွားတော့ ထိချက်က တစ်မျိုးဖြစ်သွားတာပေါ့'

'ငါတို့ကလည်း လွတ်သွားမှာစိုးရိမ်ပြီး နောက်ကလိုက် လာခဲ့တာခရီးကမနည်းဘူး၊ ငါတို့ရောက်နေတာ မြောက်ဘက် အရပ်ပဲကွ၊ မနက်ကျရင် ဂျီကိုလိုက်ရှာကြမယ်၊ မတွေ့ရင်တော့ စိတ်လျှော့ပြီး ပြန်ကြမယ်ကွာ'

ပင်ပန်းနွမ်းနယ်နေမှုများကြောင့် ကျွန်ုပ်တို့သည် စကား ိုင်းမဖွဲ့တော့ဘဲ ကျောက်ဆောင်များပေါ်တွင် အိပ်စက်ကြလေ၏။

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်တို့သည် ဒဏ်ရာရသွားသည့် ဂျီကိုလိုက်လံရှာဖွေသော်လည်း မတွေ့ပါ။ တောထဲတွင် တွေ့သော ယုန်သုံးကောင်ကိုသာ ဒူးလေးဖြင့် ပစ်ခတ်သဖြင့် ခဲ့လေ၏။ ထို့နောက် ကျွန်ုပ်တို့သည် နေဝင်ရာအရပ်သို့ဦးတည် ြီး ပြန်လာခဲ့ကြသည်။ ညနေစောင်းလျှင် တောတောင်ထဲမှ ထွက် တစ်နေရာတွင် ဉာဏ်တော်(၁၂)တောင်ခန့်ရှိသည့် နှစေတီ တော်တစ်ဆူကိုတွေ့ရလေ၏။ စေတီနှင့်မလှမ်းမကမ်းရှိ သစ်ပင် ပ်အောက်တွင် အင်ဖက်များကာမိုးထားသော ဝါးတဲအိမ်ကလေး စ်ခုကို တွေ့ရလေ၏။ ကျွန်ုပ်တို့က တဲအိမ်အနီးသို့ သွားကြသည့်



www.burmeseclassic.com

www.burmeseclassic.com



ရာ တဲအိမ်အတွင်းမှ ရသေ့တစ်ပါး ထွက်လာလေ၏။

'သင်တို့က ခရီးသွားတွေတော့ ဟုတ်မယ်မထင်ဘူး'

'မှန်ပါတယ် ရှင်ရသေ့၊ ကျွန်တော်တို့တွေက တောထဲ

မှာ အမဲလိုက်သွားရင်း ပြန်လာကြတာပါ၊ တောထဲတောင်ထဲမှာ

စေတီတစ်ဆူကို တွေ့တော့အံ့ဩနေမိလို့ပါ'

'ဟ… ဒီနေရာဟာ ဘူမိယလမ်းကိုလိုက်တဲ့ သူတော်

စင်တွေ သာသနာပြုခဲ့တဲ့ ဘုမိနတ်သန်နေရာမှန်ပဲကွဲ့'

'ကျွန်တော်တို့ကို ရှင်ရသေ့ရဲ့ သခ်ိန်းအနီးသစ်ပင်

မှာ တစ်ညတာတည်းခိုခွင့်ပြုပါ'

'တည်းခိုနိုင်ပါတယ်၊ ဟင်… သင်တို့က သတ္တဝါ

ကို သတ်ဖြတ်ပြီး ယူလာခဲ့သေးတာကိုး၊ အေးလေ ကိုယ်ပြုသ

ကံ ကိုယ်သာခံကြပေါ့'

ရသေ့၏စကားကြောင့် ကျောထဲတွင် စိမ့်သွားရလေ၏

ကျွန်ုပ်၊ တာပေါင်းနှင့် ကိုတင်ဝင်းတို့သည် သစ်ပင်

အောက်တွင် ထိုင်ကာ အမောအပန်းဖြေနေမိကြလေ၏။ ရှင်ရ

က သူ၏ကျောင်းသခ်ိန်းလေးပေါ်တွင် ထိုင်နေလေ၏။ လ

(၅)ရက်လရောင်က တမ္ဘာမြေပေါ်သို့ မှိန်ပျပျဖြာကျနေသ





'ရှင်ရသေ့… ရေရှိသောအရပ်ကို ညွှန်ပြပေးပါ'

ရှင်ရသေ့သည် ရေရှိသောအရပ်ကို လက်ညှိုးထိုး၍ပြ၏။

ထိုနေရာ၏ တောင်ဘက်၊ ကိုက်(၁၀၀)ခန့် အကွာအဝေးတွင်

ရေကန်ငယ်တစ်ကန်ကို တွေ့ရလေသည်။ ကျွန်ုပ်တို့သည် ထို

ရေကန်ငယ်သည် သောက်သုံးရေကန်မှန်းသိသဖြင့် ရေကန်ထဲမှ

ရေကို ဟန်းကောချိုင့်ဖြင့် ခပ်ကာ ယုန်များကို အသားဖျတ်လေ

၏။ ရှင်ရသေ့၏ ကျောင်းသခ်ိန်းနှင့် မနီးမဝေးသောနေရာတွင်

ညစာချက်ပြုတ်စားကြလေ၏။ ထမင်းစားပြီး၍ ရေနွေးကြမ်း

သောက်ကာ စကားပြောနေကြစဉ် ရှင်ရသေ့က အနီးသို့ ရောက်

လာလေ၏။

'သင်တို့က ဘယ်အရပ်က လာကြတာလဲ'

ရှင်ရသေ့သည် ကျောက်တုံးတစ်ခုပေါ်တွင် ထိုင်ရင်း

မေးလေ၏။

'သာယာဝတီနယ်မြေကပါဘုရား'

'သူတစ်ပါးအသက်ကိုသတ်ပြီး ပျော်မွေ့တာဟာ

ကောင်းဘူး၊ သဘာဝအတိုင်း သွားလာကျက်စားနေကြတဲ့

တိရစ္ဆာန်တွေကိုသတ်ဖြတ်ခြင်းဟာ တရားမျှတမှုလည်း မရှိဘူး၊

ငရဲနိုင်ကျွင့်ရာလည်းရောက်တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် ရှင်ရသေ့၏စကားကို ငြိမ်၍ နားထောင်နေမိကြ၏။

'ရှင်ရသေ့ … ဒီနေရာနဲ့အနီးစပ်ဆုံးနေရာကို ညွှန်ပြပေးပါဦး'

ကျွန်ုပ်က အကူအညီတောင်းခံလိုက်၏။

'ဒီနေရာဟာ ပေါင်းတည်မြို့ရဲ့ အရှေ့ဘက်အရပ်မှာ ရှိတယ်၊ ပေါင်းတည်မြို့နဲ့ (၁၂)မိုင်ခွဲ ကွာဝေးတယ်'

'ဒီနေရာမှာ ရှင်ရသေ့တရားအားထုတ်နေတာ ဘယ်လောက်ကြာပြီလဲ'

'အင်း … နှစ်ပေါင်းများစွာ မနည်းတော့ဘူး၊ အရင်တုန်းကတော့ ကျွန်ုပ်ရဲ့ဆရာသခင်ဘုန်းကြီး တရားအားထုတ်နေတာ ကျွန်ုပ်က ဆရာတော်ကို အလုပ်အကျွေးပြုရင်းနေတာပေါ့ ဒီနေရာက ငှက်ဖျားရှိတော့ ဘယ်သူမှမလာကြဘူး၊ ဆရာဘုန်းကြီးက ဒီနေရာမှာ သာသနာထွန်းကားစေချင်တယ်၊ နှစ်ပေါင်းများစွာ တရားအားထုတ်နေခဲ့တယ်၊ ဒီနေရာကို သားရဲတိရစ္ဆာန်တွေလာကြတယ်၊ ဒါပေမဲ့ ဘာမှမလုပ်ပါဘူး'

'တောကြီးမျက်မည်းထဲမှာ စေတီတော်ကို ဖူးတွေ့ရလို့ အံ့သြနေမိတယ်'





'ဒီနေရာကို ငန်းပတ်တောင်လို့ခေါ်တယ်၊ သင်တို့ဖူးတွေ့ရတဲ့စေတီဟာ ငန်းပတ်တောင်စေတီဖြစ်တယ်၊ မနက်ကျတော့ ငန်းပတ်တောင် ပတ်ဝန်းကျင်ကို သွားရောက်ကြည့်ရှုကြပေါ့၊ ကျွန်ုပ်တရားအားထုတ်စရာရှိသေးလို့ သွားဦးမယ်'

'ကောင်းပါပြီ ရှင်ရသေ့'

ရှင်ရသေ့သည် ကျောက်တုံးပေါ်မှ ဖြည်းညှင်းစွာထ၏။

'ရှင်ရသေ့ရဲ့ ဘွဲ့အမည်ကို ပြောပြပေးပါဦး'

'ကျွန်ုပ်ရဲ့ ဘွဲ့အမည်ကို ဦးသုမနတဲ့'

ရှင်ရသေ့ဦးသုမနသည် ကျောင်းသခ်ာန်းရှိရာသို့ လျှောက်သွားလေ၏။ ကျွန်ုပ်တို့သုံးဦးရောက်ရှိနေသောနေရာသည် တောင်ထွတ်တစ်ခုပေါ်တွင်ဖြစ်ကြောင်း သိလာရလေ၏။ ကောင်းကင်ပေါ်မှ လရောင်သည် စေတီပေါ်သို့အလင်းရောင် ကျရောက်နေသည်။ ငန်းပတ်တောင်သည် ဂဝံကျောက်မြေ အမျိုးအစားဖြစ်လေ၏။ ကျွန်ုပ်တို့သုံးဦးသည် သစ်ပင်ရိပ်တွင် အိပ်စက်ကြလေ၏။ လေကတဖြူးဖြူးနှင့် တိုက်ခတ်နေသည်။ ရှင်ရသေ့ဦးသုမန၏ ကျောင်းသခ်ာန်းဘက်သို့ နားစွင့်ကြည့်မိရာ တိတ်ဆိတ်နေလေ၏။ ကျွန်ုပ်၊ တာပေါင်းနှင့် ကိုတင်ဝင်းတို့သည် လေညှင်းနှင့်အိပ်ပျော်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝါးပိုးဝါးလုံးခန့်ရှိပြီး အလွန်ရှည်လျားသော မြွေကြီးတစ်ကောင်သည် စေတီတော်၏အနီး ရေကန်ထဲမှတရွေ့ရွေ့နှင့်လာနေ၏။ ကျွန်ုပ်သည် ခန္ဓာကိုယ်ပေါ်မှ လေးလံပြီးအေးစက်သော အထိအတွေ့ကြောင့်မျက်လုံးကို ဖွင့်ကြည့်လိုက်မိ၏။ မည်းနက်နေသော အလုံးကြီးက ကျွန်ုပ်တို့ကိုယ်လုံးများပေါ်သို့ ဖိထားလေ၏။ ကျွန်ုပ်က မည်းနက်နေသော အလုံးကြီးကိုလက်ဖြင့် ကိုင်ကြည့်မိ၏။ အလုံးကြီးက ပြောင်ချောပြီး ရေခဲတုံးပမာ အေးစက်နေ၏။ တရွေ့ရွေ့နှင့် ရွေ့လျားနေသဖြင့် သတ္တဝါတစ်ကောင်မှန်း သိလိုက်၏။ ကျွန်ုပ်က ကိုယ်ပေါ်မှ လေးလံသောအရာကို သတ်ထားမိပေမယ့် တာပေါင်းနှင့်ကိုတင်ဝင်းက နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ။ လရောင်ဖြင့် အသေအချာကြည့်မှ ကျွန်ုပ်တို့ကိုယ်ပေါ်မှ သတ္တဝါသည် မြွေကြီးတစ်ကောင်မှန်း သိလာရသည်။ အသက်ကို ဖြည်းဖြည်းချင်း ရှူ၍ မလှုပ်ရှားရဲဘဲ ငြိမ်နေမိ၏။

မြွေကြီးက ကြီးမားလွန်းသဖြင့် သစ်တုံးပိသည့်သူပမာ ဖြစ်နေ၏။ ကျွန်ုပ်က အလယ်တွင်အိပ်စက်သော တာပေါင်း၏ လက်မောင်းကို ဆိတ်ကာနှိုး၏။ တာပေါင်းက ဘာမှမသိသေး ဖြစ်နေ၏။ မြွေရဲ့ကိုယ်လုံးအောက်မှ ထွက်ပြေးရန်လည်းမဖြစ်





နိုင်။ မြွေ၏ဦးခေါင်းက ကျွန်ုပ်တို့ဘက်သို့ ပြန်လှည့်နေသည်။ မြွေကြီး၏ အမြီးပိုင်းက တောင်ဒေအောက်မှာသာ ရှိနေသေး၏။ မြွေကြီးက ကိုတင်ဝင်း၏ဦးခေါင်းကို မျိုနေသည်။ တာပေါင်းက ဘာမှမသိ။ ကိုတင်ဝင်း၏ ဦးခေါင်းသည် မြွေကြီး၏ပါးစပ်ထဲသို့ ဝင်သွား၏။ ထို့နောက် ခန္ဓာကိုယ်သည့်လည်း မြွေကြီး၏ဝမ်းဗိုက်ထဲသို့ ဝင်သွား၏။

'ဟေ့ကောင်... တာပေါင်း'

ကျွန်ုပ်က တာပေါင်း၏လက်ကို ဆောင့်ဆွဲသည်။ တာပေါင်းသည် လူသေကောင်ပမာ ဖြစ်နေ၏။ မြွေကြီးက တာပေါင်းကိုဦးခေါင်းမှစ၍ မျိုနေပြန်သည်။ ကျွန်ုပ်က မြွေကြီး၏ လက်မှ လွတ်မြောက်ရေးအတွက် မည်သို့မည်ပုံ ကြိုးစားရမည်ကို စဉ်းစားနေမိလေ၏။ သို့သော် ကျွန်ုပ်၏ခြေလက်များသည် လုံးဝ လှုပ်ရှား၍ မရတော့ချေ။ တစ်ကိုယ်လုံးသည် လေးလံထိုင်းမှိုင်း နေလေ၏။

'ဟင်... ဟာ...'

တာပေါင်း၏ ခြေထောက်နှစ်ဖက်သည် မြွေကြီး၏ ဝမ်းဗိုက်အတွင်းသို့ တရွေ့ရွေ့နှင့် ဝင်သွားလေ၏။ ကိုတင်ဝင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



တာပေါင်းတို့ မြွေကြီးဝမ်းဗိုက်ထဲကို ရောက်သွားကြပြီ။ ဒီတစ်ခါ ကျွန်ုပ်အလှည့်ပါလား။ ကျွန်ုပ်သည် အသံကုန်အော်ဟစ်နေမိလေ၏။ သို့သော် ဘာအသံမှထွက်မလာ။ မြွေကြီးက ကျွန်ုပ်တို့သုံးယောက်ကို ညှို့ပြီးမှ မျိုနေခြင်းလားမပြောတတ်။ မြွေ၏ပါးစပ်က ကျွန်ုပ်၏မျက်နှာရှေ့တွင် ဘယ်ညာလှုပ် ရှားနေ၏။ ကျွန်ုပ်သည် မြွေမျိုခံရတော့မည်ဆိုသည့်အသိကြောင့် ရင်ခုန်နှုန်းမြန်လာသည်။ အားငယ်ဝမ်းနည်းလာမိသည်။ ရင်ထဲတွင် ဆို့နစ်လာသည်။ မျက်နှာတွင် ချွေးများ ပြန်လာ၏။ ကျွန်ုပ်သည် ဟန်အမူအရာဖြင့် မြွေကြီးကို တောင်းပန်နေမိ၏။ မြွေကြီး၏ ဦးခေါင်းက ဘယ်ညာခါရမ်းနေသည်ဆိုတော့ ခေါင်းခါနေသည့်သဘောပင်။

သည်တောင်ပေါ်တွင် ကျွန်ုပ်တို့သုံးယောက် ဘာများအမှားကျူးလွန်မိပါသလဲဟု တွေးကြည့်မိ၏။ ကျွန်ုပ်တို့ဘာအမှားမှ မကျူးမိဟုထင်မိ၏။ မြွေကြီး၏ပါးစပ်မှ လျှာတစ်လစ်လစ်လုပ်နေသည်က အသည်းယားစရာကောင်းလှ၏။

'ရှင်ရသေ့… ကယ်ပါဦး'

ကျွန်ုပ်က ဦးခေါင်းကိုလှည့်ပြီး ရှင်ရသေ့၏ကျောင်းသခ်ိန်းဘက်သို့ အော်ပြောသည်။ သို့ပေမယ့် ကျွန်ုပ်အသံသည်





လည်ချောင်းထဲမှာပင် ပျောက်သွား၏။ မြွေကြီးက ကျွန်ုပ်၏ မျက်နှာတည့်တည့်သို့ ပါးစပ်ဟမ်လိုက်၏။

'အောင်မလေး'

'ဟာ… ဘသိန်း၊ ဘာဖြစ်လို့ အလန့်တကြား ထအော်နေတာလဲ'

'တောင်အောက်က မြွေကြီးတစ်ကောင် တက်လာတယ်၊ အိပ်ပျော်နေတဲ့ငါတို့သုံးယောက်ကို သူ့ကိုယ်လုံးနဲ့ဖိထားပြီး ကိုတင်ဝင်းကိုစမျိုတယ်၊ ပြီးတော့မင်းကိုမျိုတယ်၊ နောက်ဆုံးငါ့ကိုမျိုမယ် အလုပ်မှာ ကြောက်လန့်ပြီး ထအော်မိတာ၊ ဒီလိုအိပ်မက်ဆိုးမျိုး ငါတစ်ခါမှ မမက်ဖူးဘူး၊ အသည်းယားစရာကောင်းလိုက်တာ၊ ငါတို့ ဘာများအမှားကျူးလွန်မိသလဲ၊ ပြန်စဉ်းစားကြည့်စမ်းတာပေါင်း'

'ငါတို့ ဘာအမှားမှ မလုပ်မိပါဘူး'

ကျွန်ုပ်၏ ခေါင်းရင်းဘက်မှ ကျွန်ုပ်ထံသို့ လျှောက်လာသော ခြေသံကိုကြားမိ၏။

'ဟော… ဟော… ခြေသံကြားတယ်'

ကျွန်ုပ်တို့သုံးဦးသည် လျင်မြန်စွာထထိုင်ကာ ကြည့်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ရှင်ရသေ့'

'သင်တို့ဆီက အလန့်တကြားထအော်သံကြားလို့ လာခဲ့တာ'

'တပည့်တော် အိပ်မက်ဆိုးတွေမက်ပြီး အော်မိတာပါ၊ မြွေကြီးတစ်ကောင်က တပည့်တော်တို့သုံးယောက်ကို မျိုလို့'

'သင်တို့ ဒီတောင်ပေါ်မှာ အမှားအယွင်းတစ်ခုခုလုပ်မိတာသေချာတယ်'

ရှင်ရသေ့ဦးသုမနက ခေါင်းတဆတ်ဆတ်ညိတ်နေရင်းမှ ပြောသည်။

'တပည့်တော်တို့ ဘာအမှားအယွင်းမှ မလုပ်မိပါဘူး ဘုရား'

'မဟုတ်သေးဘူး၊ သင်တို့ညစာကိုဘာဟင်းချက်စားကြသလဲ၊ ကျွန်ုပ်က ကိုယ်နဲ့မဆိုင်တာကြောင့် ကျောင်းသခ်န်းပေါ်မှာပဲ နေတာ'

ရှင်ရသေ့ဦးသုမန၏မျက်နှာက တည်ငြိမ်လွန်းလှ၏။

'တပည့်တော်တို့ တောထဲက ပစ်လာတဲ့ ယုန်သားကို ချက်စားကြပါတယ် ဘုရား'





'ဒီတောင်ပေါ်မှာ ခြေလေးချောင်းသတ္တဝါကို လုံးဝစားသုံးလို့မရဘူး၊ စားသုံးထားရင်လည်း တစ်စုံတစ်ခုဖြစ်တတ်တယ်၊ အခုသင်တို့ကို သတိပေးတာလောက်ပဲဆိုတော့ တော်သေးတာပေါ့၊ အင်း ဒီတောင်ပေါ်မှာ ဘူမိယလမ်းကိုလိုက်စားပြီး တရားကျင့်ကြံအားထုတ်သွားတဲ့ သူတော်စင်တွေနေထိုင်ခဲ့သလို သင်တို့လိုမုဆိုးတစ်ဦးလည်း နေထိုင်သွားခဲ့ဖူးတယ်'

'ဟာင်'

ရှင်ရသေ့ဦးသုမန၏ စကားကို ကျွန်ုပ်စိတ်ဝင်စားသွားမိ၏။

'အိပ်မက်ထဲမှာ သင်တို့ကို မျိုချတယ်ဆိုတဲ့ မြွေကြီးဟာ ဒီနေရာ ဒီဒေသမှာ ဝိညာဉ်ဘဝနဲ့တော့ ရှိနေသေးတာအမှန်ပဲ'

'ဝိညာဉ်ဘဝ'

'ဟုတ်တယ် ဒကာတို့၊ ဒီနေရာဒီဒေသတစ်ဝိုက်မှာ နေထိုင်ကြတဲ့သူတွေကတော့ ငန်းမြွေကြီးလို့ဆိုကြတယ်။ ဒီနေရာဒီဒေသက အဖြစ်အပျက်တွေကို ရှေးလူကြီးသူမတွေက သူတို့သားသမီး၊ မြေး၊ မြစ်တွေကို ပါးစပ်ရာဇဝင်တစ်ပုဒ်သဖွယ် အစဉ်အဆက်ပြောဆိုခဲ့ကြတယ်၊ ဟိုးနှစ်ပေါင်းများစွာက ဒီတောင်



www.burmeseclassic.com

www.burmeseclassic.com



အနီးမှ ဝါးပိုးဝါးအလုံးခန့်ရှိတဲ့ ငန်းမြွေကြီးတစ်ကောင်သွားလာကျက်စားနေတယ်လို့ ပြောကြတယ်'

'ဟင်… တပည့်တော်တို့အိပ်မက်ထဲမှာ အမျိုခံရတဲ့မြွေကြီးကလည်း အဲသလောက်ကြီးတယ်'

ကျွန်ုပ်က အသံတုန်တုန်ရီရီဖြင့် ပြောပြလိုက်၏။

'အဲဒါကြောင့် မြွေကြီးရဲ့ ဝိညာဉ်ရှိနေမှာပဲလို့ ပြောခဲ့တာပဲ၊ ဆရာတော်ရှိစဉ်အခါတုန်းက ဆရာတော်နဲ့ ရှင်ရသေ့က ကျောင်းသခ်ိန်းအပေါ်မှာ တရားအားထုတ်ပြီးတာနဲ့ ကျိန်းစက်ကြတယ်၊ ညဥ့်အတော်နက်ချိန်ရောက်မှ ကျိန်းစက်တာနော်၊ အဲဒီအချိန်မှာ မသမာသူလူတစ်စုက ဟိုးမှာ သင်တို့ဖူးတွေ့နေရတဲ့စေတီတော်က ခေါင်းလောင်းတွေကို ဖြုတ်ခိုးနေကြတယ်၊ ဆရာတော်နဲ့ ရှင်ရသေ့တို့က မသိပါဘူး၊ နှစ်ခြိုက်စွာ ကျိန်းစက်နေမိတဲ့ အချိန်မှာ စေတီတော်ဘက်က အောင်မလေး ကယ်ကြပါဦးတစ်ကိုယ်လုံးကို မြွေကြီးက ရစ်ပတ်ထားလို့ သေရပါတော့မယ်ဆိုတဲ့ အော်သံကြောင့် ဆရာတော်နဲ့ ရှင်ရသေ့တို့နိုးသွားကြတယ်၊ အော်တဲ့အသံကြားတဲ့နေရာကို သွားကြည့်တော့ လူသုံးဦးစေတီခြေရင်းမှာ သူတို့ဖြုတ်ခိုးထားတဲ့ ခေါင်းလောင်းတွေနဲ့အတူ လူး





လိမ့်အော်ဟစ်နေတာကို တွေ့ရတယ်၊ အဲဒီတော့မှ စေတီတော်က ခေါင်းလောင်းတွေ ဖြုတ်ခိုးခံရတာကို သိရတော့တယ်၊ ဆရာတော်က ဝိနည်းနဲ့အညီ တရားကျင့်ကြံအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘာမှမမိန့်ဘူး၊ သူခိုးတွေက မချိမဆန့် အော်နေတာပဲ၊ ဆရာတော်က မေတ္တာပို့ တောင်းပန်တော့မှ သူခိုးတွေ သက်သာသွားတယ်၊ သူတို့တစ်ကိုယ်လုံးမှာ ကြိုးနဲ့အတင်းအကျပ် အတုပ်ခံထားရလို့ ရရှိထားတဲ့ ဒဏ်ရာမျိုးတွေကိုတွေ့ရတယ်၊ ရှင်ရသေ့က မေးကြည့်တော့ မြွေကြီးတစ်ကောင်က သူတို့ဂို ကိုယ်လုံးနဲ့ရစ်ပတ်ပြီး ဖျစ်ညှစ်ထားတာခံရတယ်တဲ့၊ အဲဒီ သူခိုးသုံးယောက်ဟာ လုံးဝလမ်းမလျှောက်နိုင်တော့ဘူး၊ ဒီအနီးအနားရွာက ရွာသားသုံးယောက်ဖြစ်နေတယ်၊ ဆရာတော်က သူတို့သုံးယောက်ကိုဆုံးမစကား မိန့်တယ်၊ ဘုရားပစ္စည်းတွေ ခိုးယူတဲ့သူတွေမို့မင်းတို့အနာဂတ်ဘဝဆိုးပြီလို့ မိန့်တယ်၊ ရွာကိုလှမ်းပြီးအကြောင်းကြားပေးတယ်၊ အဲဒီရွာသားသုံးဦးဟာ အိပ်ရာထဲမှာသေဆုံးသွားကြတယ်၊ ကဲ… သင်တို့လည်း တောထဲမှာ ပင်ပန်းလာပုံရတယ်၊ ပြန်အိပ်ကြဦး၊ မနက်ကျတော့မှ မင်းတို့သိအောင်ဆက်ပြောပြမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သုံးဦးသည် တောထဲတောင်ထဲတွင် အမဲလိုက်နေသူများဖြစ်ပါလျက် ဒီတောင်ပေါ်တွင် ညမအိပ်ရဲအောင် ကြောက်လန့်နေမိကြလေ၏။

♠



## အခန်း(၆)

### ရင်ရေသေ့ပြောပြတဲ့ ရှေးလူကြီးများ၏ ပါးစပ်ရာဇဝင်

ညက အိပ်ရေးပျက်ခဲ့သဖြင့် နေရောင်ခြည် ထန်းတဖျားအမြင့်သို့ရောက်သည့်အချိန်မှာ ကျွန်ုပ်တို့သုံးယောက် အိပ်ရာမှနိုးလာကြ၏။ခေါင်းထဲတွင် မူးဝေနေသည်။ တစ်ကိုယ်လုံးမှာနာကျင်ကိုက်ခဲနေ၏။ ရှင်ရသေ့ သုမနက ကျောင်းသခ်န်းပတ်ဝန်းကျင်မှ အမှိုက်သရိုက်များကို တံမြက်စည်းဖြင့် လှဲကျင်းနေ၏။ ကျွန်ုပ်တို့သုံးဦးက မျက်နှာသစ်ရန် ရေကန်ရှိရာသို့ လာခဲ့၏။ ကျွန်ုပ်တို့ညက ယုန်သားဖျက်ရန်အတွက် အသုံးပြုခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



ရေကန်၏ထိပ်တွင် သဘာဝရေကန်တစ်ခုရှိသည်ကို မနက်မှ သတိပြုမိလေ၏။ ထိုရေကန်သည် စေတီတော်၏ မလှမ်းမကမ်းတွင် ရှိလေ၏။ ကျွန်ုပ်တို့သုံးဦးက ထိုရေကန်သို့ သွားရောက်ကြည့်ရှုရာ…

'ဟင်'

'ဟင်'

ကျွန်ုပ်တို့သည် ရေကန်ထဲမှ ရေကိုကြည့်ပြီး အံ့သြသွားမိကြလေ၏။ အကြောင်းသော်ကား ရေကန်ထဲမှရေတို့သည် ကြက်သွေးရောင်ကဲ့သို့ ရဲရဲနီနေသောကြောင့်ဖြစ်လေ၏။ ကျွန်ုပ်တို့သည် ရေကန်ထဲမှ ရေကို ဟန်းကောချိုင့်ဖြင့် ခပ်ယူကြည့်၏။ ရေ၏အနံ့ကိုနမ်းကြည့်၏။ ရေနံ့သာ ရလေ၏။ ရေကန်နှစ်ခုတွင် တစ်ကန်မှရေက ရေနီ၊ တစ်ကန်မှရေက ရေကြည်။ ကျွန်ုပ်တို့အတွက် ပဟေဠိဆန်သော ဖြစ်ရပ်များကြောင့် စဉ်းစားစရာတွေဖြစ်နေရလေ၏။ ရှင်ရသေ့က ကျောင်းသခ်ႋန်းရှေ့မှ သစ်ပင်ရိပ်ရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်နေ၏။ ကျွန်ုပ်တို့သုံးဦးက ရှင်ရသေ့၏အနီးသို့ လာခဲ့ကြလေ၏။

'သင်တို့ အံ့သြစရာကို မြင်တွေ့လာရတော့ သိချင်တာတွေက ရှိလာပြီပေါ့'





'ရေကန်ထဲက ရေတွေကနီနေလို့'

အဲဒီကန်ကို ငန်းသွေးကန်လို့ ခေါ်တယ်'

ကျွန်ုပ်၊ တာပေါင်းနှင့် ကိုတင်ဝင်းတို့သည် ရှင်ရသေ့ဦးသုမန၏ ရှေ့မှ မြေကြီးပေါ်တွင် ထိုင်လိုက်ကြလေ၏။

'ရှေးလူကြီးတွေ အစဉ်အဆက်၊ ဘိုးစဉ်ဘောင်ဆက်ဆိုပါတော့။ ပြောဆိုလာတဲ့ ပါးစပ်ရာဇဝင်အရ သင်တို့သိအောင် ပြောပြတော့မှာပဲ၊ ဟိုးနှစ်ပေါင်းများစွာက ဒီနေရာတွေဟာ သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ရှုပ်ထွေးနေတဲ့ တောတွင်းတစ်နေရာလို့ ပြောကြတယ်၊ အခုလည်း တောတွင်းအသွင်ကိုဆောင်နေတာ သင်တို့အမြင့်ပဲ မဟုတ်လား'

ကျွန်ုပ်တို့သည် ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း နားထောင်နေမိလေ၏။

♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

### ဂေါ်သဇင်မင်းသား သမ္ဘွရမင်းနှင့် မြစိမ်းရောင် မင်းသမီး

သရေခေတ္တရာပြည့်ရှင် ဒွတ္တပေါင်မင်းကြီး၏ မထင်မရှားသားတော်လည်းဖြစ်၊ ရှင်မထီး၏ သားတပည့်လည်းဖြစ်သော 'ဂေါ်သဇင်မင်းသား' သည် တိုင်းပြည်ရေးရာများကို စိတ်ဝင်စားခြင်းမရှိ။ ရှင်မထီးထံမှ ပညာများကို ခံယူကာ ဘူမိယလမ်းကို အားထုတ်နေသောကြောင့် ဒွတ္တပေါင်မင်းကြီးက ဘဝင်မကျဖြစ်နေရှာလေ၏။ သရေခေတ္တရာပြည်အတွင်းမှ ပန်းတောင်းနယ်ကို မင်းကြီးက သားတော်အား အပိုင်စားပေးပြီး အုပ်ချုပ်စေခဲ့၏။ ဂေါ်သဇင်မင်းသာက ထွက်ရပ်ပေါက်လမ်းစဉ်ကို ယုံကြည်





အားထားသူဖြစ်ရကား အုပ်ချုပ်ရေးကို လျစ်လျူရှုထားတော်မူ၏။ င်းထီးနန်းဆိုက်သော မြို့တော်အတွင်းတွင် အဂ္ဂိရတ်ဖိုရုံကြီးတစ်ကို တည်ဆောက်စေကာ အဂ္ဂိရက်ပညာကိုသာ လုပ်ကိုင်တော်နေ၏။

ထိုအကြောင်းကို ဒွတ္တပေါင်မင်းကြီးက ကြားသိတော်မူချင် အမျက်တော်ထွက်ကာ ဂေါ်သဇင်မင်းသားအား ခေါ်ယူ၍

'သားတော်သည် ခမည်းတော်၏ခိုင်းစေမှုကို ဂရုမထားမဟာဆီ၊ မ.ကာသွေးတို့၏ အလုပ်မဟုတ်သော အလုပ်ကိုာ စိတ်ဝင်တစား လုပ်ကိုင်နေသဖြင့် အဆောင်အယောင်များသိမ်းပြီး ထီးရိပ်နန်းရိပ်ကသာ ခွာပေတော့'

ဟု ရာဇသံပေးလေ၏။ နဂိုကပင် တိုင်းရေးပြည်ရာကိုဘ်ဝင်စားမှုမရှိသော ဂေါ်သဇင်မင်းသားသည် 'အမတ်ကြီးသောဓနု၊ မုဆိုးကြီးစောပဏ္ဏဝ' တို့နှင့်အတူ သရေခေတ္တရာ၏ာင်ဘက်အရပ်ရှိ တောအုပ်အတွင်းသို့ လာခဲ့ကြလေ၏။ တောင်းမှ သစ်ပင်ဝါးပင်များကို မုဆိုးကြီးစောပဏ္ဏဝအား ခုတ်လှဲစေး တောင်ကုန်းကလေးတစ်ခုပေါ်တွင် ယာယီထီးနန်းကို တည်ဆောက်စေလေ၏။

ရှင် နှောင်း တ ပေ

www.burmeseclassic.com

www.burmeseclassic.com



'အမတ်ကြီး ကံဘောဇ'

'ဘုရား… ကိုယ်တော်လေး အမိန့်ရှိပါ'

'ကိုယ်တော်တော့ ထီးရိပ်နန်းရိပ်ထဲမှာ စိုးစံရတာထက်
သစ်ရိပ်ဝါးရိပ်အောက်မှာနေရတာ ပိုပြီးစိတ်ချမ်းမြေ့တော်မူတယ်
ကွယ်၊ ကိုယ်တော် ဘူမိယလမ်းအတွက် ဆောင်ရွက်ရမှာလည်း
သင့်တော်မယ့်နေရာအရပ်လို့ ရွှေစိတ်တော်ထဲမှာ ထင်မြင်မိတယ်
ကိုယ်တော်ရဲ့ ဘူမိယလမ်းဆောင်ရွက်ရာမှာ အမတ်ကြီးနဲ့ မုဆိုး
ကြီးတို့က ကိုယ်တော့်အတွက် အစွမ်းကုန် ပါရမီဖြည့်ပေးေ
ချင်တယ်'

'မှန်ပါ၊ ကိုယ်တော်လေးစိတ်တိုင်းကျ ဆောင်ရွက်နိုင်ေ
ရန် အသက်ကိုပဓာနမထားဘဲ ပါရမီဖြည့်ပါ့မယ် ဘုရား'

'သာဓု… သာဓု… သာဓု…'

ဂေါသဇင်မင်းသားသည် သူ၏ ယာယီထီးနန်း တည်
ဆောက်ထားသော တောင်၏ အရှေ့ဘက်မလှမ်းမကမ်းရှိ တော
ပေါ်တွင် စေတီတော်တစ်ဆူကို တည်ထားကိုးကွယ်လေ၏
စေတီတော်၏ ရင်ပြင်တော်ပေါ်တွင် ညစဉ်ဘုရားရှိခိုးတော်မူခြင်း
တရားထိုင်တော်မူခြင်းတို့ကို ဆောင်ရွက်လေ၏။ ယာယီထီးန





ာ်မြောက်ဘက်တောင်၏ခြေးတွင် အင်္ဂရတ်ထိုးရန် ဖိုရုံများကို
ထိုနေရာဒေသ၏ ပကတိမြေသားဖြစ်သော ဂဝံကျောက်များကို
အတွင်းလိုက်ထုတ်ကာ တည်ဆောက်လေ၏။ မုဆိုးကြီးစောပဏ္ဏဝ
နှင့် သူ၏အမဲလိုက်ခွေးတို့က တောထဲတွင် သစ်သီး၊ သစ်ဥများ
ရှာဖွေပြီး ဂေါသဇင်မင်းသားအား ပွဲတော်တည်စေ၏။

ဂေါသဇင်မင်းသားသည် ဘူမိယလမ်းအားထုတ်ရင်းမှ
ရှိသော ဓာတ်ပြားကိုစားသုံးနေသဖြင့် အစဉ်အမြဲ နုပျိုနေလေ၏။

တစ်ခုသော လသာသည့်ညတွင် ဂေါသဇင်မင်းသား
သည်စေတီတော်တွင် တရားအားထုတ်ပြီး ညဥ့်နက်ချိန်သို့ရောက်
ယာယီထီးနန်းသို့ပြန်ကြွတော်မူလာပြီး စက်တော်ခေါ်နေလေ
၏ ယာယီထီးနန်း၏ အပြင်ဘက်တွင် မုဆိုးကြီးစောပဏ္ဏဝနှင့်
သူ၏တောလိုက်ခွေးတို့သည် တံခါးမှူးသဖွယ် စောင့်နေကြလေ
၏ လရောင်ဖြင့် စေတီတော်ကို အထင်းသားဖူးတွေ့နေရလေ၏။
ညဥ့်နက်ချိန်သို့ရောက်လျှင် ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်
သက်နေလေ၏။ မုဆိုးကြီးစောပဏ္ဏဝနှင့် တောလိုက်ခွေးတို့သည်
သခင်အပေါ် သစ္စာစောင့်သိသော အမှုထမ်းများ ပီသစွာ ယာယီ
ထီးနန်း၏အပြင်ဘက်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်
နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်…

'ဝုတ်… ဝုတ်… ဝုတ်…'

တောလိုက်ခွေးက စေတီတော်ဘက်သို့ တရှိက်မတ်မ

ထိုးဟောင်နေလေ၏။ မုဆိုးကြီးစောပဏ္ဏဝ၏ တောလိုက်ခွေး

အကင်းပါးသည်။ သခင်နှင့်အတူ အမဲလိုက်နေကြဆိုတော့ တေ

တွင်း တိရစ္ဆာန်ကိုမြင်သည်နှင့် မြွေကြီးပေါ်တွင် ဝပ်ကာ ငြိမ်

တတ်၏။ ယခု ဒေါသတကြီးဟောင်နေသည်ဆိုတော့…

မုဆိုးကြီး စောပဏ္ဏဝက လရောင်အောက်တွင် ထုံးဖြူ

အဖွေးသားနှင့် ဖူးတွေ့နေရသော စေတီတော်ဘက်သို့ ကြ

လိုက်မိလျှင်…

'ဟင်'

မုဆိုးကြီး စောပဏ္ဏဝ၏ မျက်လုံးများ ပြူးကျယ်သွား

၏။ သူ၏တောလိုက်ခွေးက ထိုနေရာသို့ ဘာကြောင့်ထိုးဟောင်

ရကြောင်းကိုလည်း သိလိုက်၏။ ဝါးပိုးလုံးခန့်ရှိသော မြွေကြ

တစ်ကောင်သည် စေတီ၏အောက်ပစ္စယံမှ အထက်ဖောင်းရစ်

ဆုံးသို့တိုင်အောင် သူ၏ကိုယ်လုံးကြီးဖြင့် ရစ်ပတ်ထားသည်

တွေ့မြင်လိုက်ရလေ၏။ မြွေကြီး၏ ကိုယ်လုံးမှာ မည်းပြောင်





သော အရောင်များက ငွေသားရောင်တလက်လက်။ မုဆိုးကြီး

စောပဏ္ဏဝသည် မြွေကြီးကိုကြည့်ပြီး အသည်းတယားယားဖြစ်

နေမိ၏။ ဟောင်နေသော သူ၏ခွေးကိုလည်း ဟန့်တားလိုက်၏။

ထို့နောက် မုဆိုးကြီးစောပဏ္ဏဝသည် ကျောတွင်စလွယ်

သိုင်း၍ လွယ်ထားသော မြားတွင် မြားတံကိုထည့်ပြီး မြွေကြီးပေါ်

သို့ ဒူးထောက်ပြီးထိုင်ချလိုက်လေ၏။ သူ၏တောလိုက်ခွေးက

လည်းသူ၏အနားတွင် ငြိမ်သက်စွာရပ်နေ၏။ မုဆိုးကြီးစောပဏ္ဏဝ

သည် စေတီတော်အား ရစ်ပတ်သော မြွေကြီးအား မြားဖြင့်

အသေအချာချိန်ရွယ်ပြီး မြားတံကိုလက်မှလွှတ်လိုက်လေ၏။ မုဆိုး

ကြီးစောပဏ္ဏဝ ပစ်လိုက်သော မြားတံက လေကိုဖြူခွင်းပြီး မြွေ

ကြီးဆီသို့ တန်းတန်းမတ်မတ် သွားနေလေ၏။

'ဒုတ်'

မြားတံသည် မြွေကြီး၏ ခန္ဓာကိုယ်အတွင်းသို့ အရှိန်

ပြင်းစွာဖြင့် စူးဝင်သွားလေ၏။ မြွေကြီးသည် မြားဒဏ်ကြောင့်

တစ်ကိုယ်လုံး တွန့်လိမ်နေ၏။ မြွေကြီး၏ လှုပ်ရှားမှု မှန်သမျှကို

လရောင်ဖြင့် အထင်းသားမြင်တွေ့နေရလေ၏။ မြွေကြီးသည်

စေတီကို ပတ်ထားသော သူ၏ ကိုယ်လုံးကိုပြေလျော့ပြီး စေတီ



www.burmeseclassic.com

www.burmeseclassic.com



တော်၏ မောင်းရစ်တွင်ရှိသည့် ဦးခေါင်းကို မြေပြင်ရှိရာသို့ တဟုန်ထိုး ထိုးဆင်းလာပြီး အနီးရှိရေကန်အတွင်းသို့ လျောခနဲ ကျသွားလေ၏။

‘ဖြန်း… ဖြန်း… ဖြန်း…’

မြွေကြီးသည် ရေကန်ထဲတွင် တဝုန်းဝုန်းနှင့် လူးလှိမ့်ရှားနေလေ၏။ မြွေကြီး၏ အမြီးရိုက်ခတ်မှုကြောင့် ရေကန်ထဲမှ ရေပန်းပွားများသည် မိုးပေါ်သို့ ပျံတက်ပြီး ရေကန်ထဲသို့ ပြန်ကျနေသံမှာ မိုးသည်းထန်စွာ ရွာသွန်းနေသကဲ့သို့ ရှိ၏။ မြွေကြီး၏ အမြီးသည် ရေကန်ပတ်လည်တွင် ပေါက်ရောက်နေသော သစ်ပင်များအား ရိုက်ခတ်နေရာ လေမုန်တိုင်းတိုက်ခတ်နေသည့်အလား ထင်ရ၏။ အမြီးဖြင့် ရေကိုရိုက်ခတ်သံ၊ ရေထဲတွင် လူးလှိမ့်ရှားနေသံ၊ သစ်ပင်များထိခတ်သံများကြောင့် ထိုနေရာဝန်းကျင်သည် ကျယ်လောင်သော ဆူညံသံများ ဖုံးလွှမ်းသွားသည်။

‘ဟဲ့… မုဆိုးကြီး စောပဏ္ဏဝ၊ ဘာသံတွေလဲ၊ ဆူညံနေပါလား’

စက်တော်ခေါ်နေရာမှ လန့်နိုးသော ဂေါသဇင်မင်းသားက မုဆိုးကြီးစောပဏ္ဏဝကို မေးတော်မူ၏။ ဂေါသဇင်မင်းသား





နှင့် အမတ်ကြီး ကံဘောဇနတို့သည် ယာယီထီးနန်းအတွင်းမှ အပြင်သို့ ထွက်တော်မူလာ၏။

‘ကိုယ်တော်ဘုရား တည်းထားကိုးကွယ်တော်မူတဲ့ စေတီတော်မှာ ဝါးမိုးဝါးလုံးခန့်ရှိတဲ့ မြွေကြီးတစ်ကောင်က စေတီတော်ကို ရစ်ပတ်နေတာ လရောင်နဲ့ ကျွန်တော်မျိုး မြင်တွေ့လို့မြားနဲ့ပစ်လိုက်တယ် ဘုရား၊ မြွေကြီးမှာ ကျွန်တော်မျိုးပစ်လိုက်တဲ့မြားထိမှန်ပြီး အနီးမှာရှိတဲ့ ရေကန်ထဲကို ထိုးဆင်းသွားပါတယ်၊ မြားဆိပ်ဒဏ်ကြောင့် မြွေကြီးမခံမရပ်နိုင်ဖြစ်ပြီး ရေကန်ထဲမှာ လူးလှိမ့်ရှားနေတာပါ ဘုရား’

‘ဟဲ့… စောပဏ္ဏဝရယ်… ဒီဖြစ်အင်မြင်တွေ့တာကို ငါကိုယ်တော်ကို နှိုးပြီးလျှောက်တင်ဖို့ ကောင်းတယ်ကွယ်’

‘ကိုယ်တော်ဘုရား စက်တော်ခေါ်နေတာ အလိုက်မသိဘဲ နှိုးလေခြင်းဟုအပြစ်တော်ရှိမှာကို စိုးရိမ်စိတ်ဖြစ်မိလို့ပါဘုရား’

‘မုဆိုးကြီး စောပဏ္ဏဝ… သင့်ရဲ့လုပ်ရပ်ကို ငါကိုယ်တော်အပြစ်မမြင်ပေမယ့် သင်မြွေကြီးကို မြားနဲ့ပစ်လိုက်တာမှားသွားပြီထင်တယ်’

‘ဟင်… မြွေကြီးက ငန်းမြွေကြီးပါဘုရား၊ လူကို



www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ပေးမည်ကို စိုးရိမ်မိတာကြောင့် မြားနဲ့ပစ်လိုက်တာပါ ဘုရား'

'ပြုလုပ်ပြီးတော့မှတော့ ဘာတတ်နိုင်တော့မှာလဲ မုဆိုး ကြီးရယ်၊ ကိုယ်တော့်အထင်တော့ ဒီငန်းမြွေကြီးဟာ စေတီတော် ကို လာရောက်ဖူးမျှော်နေတာ ဖြစ်မယ်၊ လူကို အန္တရာယ်တစ် တစ်ရာပေးမယ့် သတ္တဝါကြီးတော့ ဟုတ်မယ်မထင်ဘူး'

ဂေါသဇင်မင်းသား၏ မျက်နှာတော်တွင် စိတ်မကောင်း သည့် အရိပ်အယောင်များ သန်းနေ၏။ အမတ်ကြီး ကံဘောဇ က ရေကန်ရှိရာသို့ လှမ်းကြည့်ရင်း နားစွင့်နေသည်။ မုဆိုးကြီး စောပဏ္ဏဝက ညှိုးငယ်သောမျက်နှာနှင့် တွေဝေကာ စဉ်းစား ၏။ သူ၏နောက်လိုက်ခွေးက ငြိမ်သက်နေ၏။

'ဟုတ်တယ် မုဆိုးကြီး စောပဏ္ဏဝ… ကိုယ်တော်ယေ မိန့်တော်မူသလို ငန်းမြွေကြီးဟာ စေတီတော်ကို လာရောက် မြော်နေတာဖြစ်လိမ့်မယ်၊ ဒီညလပြည့်ညကွဲ့၊ ရေကန်ထဲကလူ ရှားသံတွေ မကြားရတော့ဘူး၊ မြားထိသွားတဲ့ ငန်းမြွေကြီးတော့ သေဆုံးသွားပြီ ထင်တယ်'

'ကိုယ်တော်ဘုရား မိန့်တော်မူတာကို ပြန်တွေးမိတော့ ကျွန်တော်မျိုးရဲ့လုပ်ရပ် မှားသွားပြီဆိုတာ သိရပါပြီ'





မုဆိုးကြီးစောပဏ္ဏဝ၏ အသံက ဆို့နစ်နေ၏။

'ငါကိုယ်တော် တည်ထားကိုးကွယ်ခဲ့တဲ့ စေတီတော်ကို ဘွဲ့အမည်မပေးရသေးဘူး၊ ငန်းမြွေကြီးလာရောက်ဖူးမြော်ပြီး ရစ် ပတ်ပူဇော်ခဲ့တာကို အကြောင်းပြုပြီး စေတီတော်ကို 'ငန်းပတ် စေတီတော်' လို့ ဘွဲ့အမည်တပ်ရမယ်၊ မုဆိုးကြီး စောပဏ္ဏဝ'

'ဘုရား… အမိန့်တော်ရှိရာ ဆောင်ရွက်ဖို့ အသင့်ပါ ဘုရား'

'မနက်ဖြန်မနက် တောတွင်းထဲမှာ သစ်သီးမျိုးစုံကို လိုက်လံရှာဖွေစုဆောင်းပေးပေတော့၊ ငါကိုယ်တော် ငန်းပတ် စေတီတော်ကို သစ်သီးဆွမ်းများကပ်လှူချင်တယ် မောင်မင်း'

'ရွှေကိုယ်တော် အလိုကျ ဆန္ဒပြည့်ဝအောင် ကျွန်တော် မျိုး ဆောင်ရွက်ပေးတော်မူပါ့မယ် ဘုရား'

'မုဆိုးကြီးစောပဏ္ဏဝ… သင်နဲ့အမတ်ကြီး ကံဘောဇနဲ့ တို့ဟာ ငါကိုယ်တော်ရဲ့ ပါရမီကို ဖြည့်စွမ်းဖို့ လိုက်ပါလာကြတဲ့ သူတွေဖြစ်တာကြောင့် မောင်မင်းအနေနဲ့ သူတစ်ပါး အသက်ကို သတ်ဖြတ်တဲ့ မုဆိုးအလုပ်ကိုဆက်မလုပ်ဖို့ ငါကိုယ်တော် တားမြစ် တော်မူတယ်၊ သင် လက်ကိုင်ပြုတဲ့ မြားနဲ့မြားတံတွေကို စွန့်ပစ် လိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါ့ ဖုရား'

'ဒီတောဒီတောင်အတွင်း ရောက်ရှိသူအားလုံး ခြေလေးချောင်းသတ္တဝါတွေကို စားသောက်ခြင်းမှ ရှောင်ရှားဖို့ သစ္စာဆိုမယ်'

ဂေါသဇင်မင်းသားသည် ငန်းပတ်စေတီတော်အား ဦးချရှိခိုးပြီး…

'ဤနေရာ ဤဒေသသည် သူတော်ကောင်းများ မွေ့လျော်ရာနေရာဒေသ ဖြစ်ပါစေသား၊ သတ္တဝါအပေါင်းတို့၏ အသားကို စားသောက်ခြင်းမှ ရှောင်ရှားသောအရပ်ဖြစ်ပါစေသား၊ ဤနေရာ ဤဒေသတွင် တရားရှာသူအပေါင်းတို့သည် တရားထူး တရားမြတ်များကို ရရှိ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်အောင် အားထုတ်နိုင်ကြသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဖြစ်ပါစေသား' ဟု သစ္စာအဓိဋ္ဌာန်ပြုလေ၏။

ဂေါသဇင်မင်းသား၏ သစ္စာဆိုသံအဆုံးတွင် စေတီတော်မှ ဆည်းလည်းများသည် လေမတိုက်ခတ်ပါဘဲ တချွင်ချွင်နှင့် မြည်နေလေ၏။ ဂေါသဇင်မင်းသား အမတ်ကြီးကံဘောဇနှင့် မုဆိုးကြီးစောပဏ္ဏဝတို့သည် ငန်းပတ်စေတီတော်အား ဖူးမြော်





နေရင်းမှ မိုးစင်စင်လင်းလာခဲ့လေ၏။ မုဆိုးကြီး စောပဏ္ဏဝက တောလိုက်ခွေးနှင့်အတူ တောတွင်သို့ သစ်သီးရှာသွားလေ၏။ ဂေါသဇင်မင်းသား၏ ဘုန်းကံပေကြောင့်လားမသိ။ သစ်သီးမျိုးစုံကို ရှာဖွေတွေ့ရှိလေ၏။ မုဆိုးကြီး စောပဏ္ဏဝသည် သစ်သီးမျိုးစုံအား ဂေါသဇင်မင်းသားအား အပ်နှံလေ၏။ သစ်သီးများအား ရေဖြင့်ဆေးကြောပြီး သန့်စင်၍ မုဆိုးကြီးစောပဏ္ဏဝက စေတီတော်အနီးရှိ ရေကန်သို့ ရေခပ်ရန်လာခဲ့၏။ ရေကန်အစပ်သို့ရောက်လျှင်…

'ဟင်… ရေကန်ကရေတွေက နီရဲနေပါလား၊ ငန်းမြွေကြီးရဲ့ခန္ဓာကိုယ်ကထွက်တဲ့ သွေးတွေထင်တယ်၊ ငန်းမြွေကြီးကတော့ ရေထဲနစ်မြုပ်သွားပြီ ထင်တယ်'

မုဆိုးကြီးစောပဏ္ဏဝသည် ရေကန်ထဲမှရေများနီရဲနေသည့်အကြောင်းကို ဂေါသဇင်မင်းသားအား လျှောက်တင်လေ၏။

'ရေကန်ထဲကရေတွေ သွေးညှီနံ့တွေ လွှမ်းနေမှာပေါ့'

'ရေတွေက ဘာအနံ့မှမနံပါဘူး ဘုရား'

'ငန်းသွေးတွေကြောင့် ရေများနီရဲနေသော ကန်ကို ငန်းသွေးကန်ဟု အမည်ခေါ်တွင် သမုတ်ပေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သင့်မြတ်လှကြောင့်ပါ ဘုရား'

ရေကန်ထဲသို့ကျသွားသော ငန်းမြွေကြီးသည် ရေပေါ်တွင် ပုပ်ပွမေါ်လာခြင်း မရှိချေ။ သို့သော် လပြည့်ညသန်းခေါင်ယံအချိန်တွင် စေတီတော်၏ အနီးအပါးမှ မြွေတွန်သံများကို ကြားရလေ၏။ စေတီတော်အား မြွေကြီးတစ်ကောင်က ရစ်ပတ်ထားသည်ကိုလည်း ဂေါသဇင်မင်းသား စံမြန်းနေသော ယာယီထီးနန်းရှိရာ တောင်ကုန်းပေါ်မှ မြင်တွေ့ရလေ၏။

စေတီတော်အား ရစ်ပတ်နေသောမြွေကြီးသည် အရုဏ်တက်သည့်အချိန်တွင် စေတီတော်အနီး ရေကန်ထဲသို့ ဆင်းလာသည်ကို ဂေါသဇင်မင်းသား အမတ်ကြီး ကံဘောဇနေ၊ မုဆိုးကြီး စောပဏ္ဍဝတို့ မြင်ကြရလေ၏။

'ငန်းမြွေကြီးဟာ ဝိညာဉ်ဘဝနဲ့ စေတီတော်ကို စောင့်ရှောက်နေတာ ဖြစ်လိမ့်မယ်'

ဟု ဂေါသဇင်မင်းသားက မိန့်တော်မူလေ၏။

'ကျွန်တော်မျိုးကြီး ဆင်ခြင်တုံတရားနည်းခဲ့လို့ ငန်းမြွေကြီး သေဆုံးသွားရတာကို ပြန်တွေးမိတိုင်း ကျွန်တော်မျိုး စိတ်မကောင်း ဖြစ်မိပါတယ်'





'ဒီလိုဖြစ်ဖို့အကြောင်းက ဖန်တီးလာတယ်လို့ပဲ သဘောထားရတော့မှာပေါ့ မုဆိုးကြီးရယ်'

ဂေါသဇင်မင်းသားသည် ဘူမိယလမ်းအတွက် ကြိုးစားအားထုတ်နေလေ၏။ နှစ်ပေါင်းများစွာကြာမြင့်၍ အမတ်ကြီးဘောဇနေ၊ မုဆိုးကြီး စောပဏ္ဍဝတို့မှာ အသက်အရွယ်အိုမင်းရင့်ရော်လာသော်လည်း ဂေါသဇင်မင်းသားမှာ အစဉ်နုပျိုနေဆဲဖြစ်၏။

တစ်နေ့သောအခါ စစ်ပွဲတွင် အရေးနိမ့်၍ ထွက်ပြေးတိမ်းရှောင်လာသော မင်းသားတစ်ပါးသည် ငန်းပတ်တောင်သို့ ရောက်ရှိလာလေ၏။ ဂေါသဇင်မင်းသားက စစ်ပြေးမင်းသားအား ဧည့်ခံပြုစုစောင့်ရှောက်ထားရာ မင်းသားတစ်ပါးနှင့်တစ်ပါးသည် ခင်မင်သွားကြလေ၏။ ငန်းပတ်တောင်သို့ ရောက်ရှိလာသော မင်းသား၏အမည်မှာ 'သမန္တရမင်း' ဖြစ်လေ၏။

သမန္တရမင်းသည် ငန်းပတ်တောင်တွင် နေထိုင်စားသောက်ရေး အစစအဆင်ပြေနေသော်လည်း ရွှေမျက်နှာတော်ညှိုးငယ်လျက်ရှိသည်ကို ဂေါသဇင်မင်းသားက သတိပြုမိတော်မူ၏။ စစ်ရှုံးပြီးထွက်ပြေးခဲ့ရသောကြောင့် သမန္တရမင်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



သောကရောက်နေသည်ဟု ထင်နေမိသည်။ သို့သော် မန္တရမင်းသည် ညည့်အချိန်တွင်လည်း စက်တော်ခေါ်ခြင်းမရှိဘဲ ငန်းပတ်စေတီရင်ပြင်သို့ သွားရောက်ကာ တစ်ပါးတည်း ထိုင်တော်မူနေသည်ကို တွေ့ရလေ၏။ ထိုအခါ ဂေါ်သဇင်မင်းသားက…

'အဆွေတော် သမန္တရမင်း… အဆွေတော်ရဲ့ မျက်နှာမသာမယာဖြစ်နေသည်ကို ကျွန်ုပ် သတိထားမိတာကြာလေပြီ သည်အရပ် သည်နေရာတွင် အဆွေတော် စံမြန်းနေရတာ မပျော်ပိုက်လို့များလား'

ဟု မေးတော်မူလေ၏။ ထိုအခါ သမန္တရမင်းက…

'အဆွေတော်… ကျွန်ုပ် ဒုက္ခရောက်လာသည်ကို သင်က ကယ်တင်ထားသဖြင့် ကျွန်ုပ်မှာ စံမြန်းစရာနေရာ၊ ပွဲတော်တည်စရာ အစားအစာကအစ အားလုံးပြည့်စုံလှပါတယ်၊ ကျွန်ုပ် စိတ်လက်မကြည်မသာဖြစ်နေရသောအကြောင်းမှာ တိုင်းပြည်တွင် ကျန်ရစ်ခဲ့သော ညီမတော်အတွက် ဖြစ်ပါတယ်'

သမန္တရမင်းက အခြားတိုင်းပြည်မှ ဘုရင်ကလာရောက်တိုက်ခိုက်သဖြင့် စစ်ရှုံးပြီး ထွက်ပြေးလာခဲ့ရပုံ၊ မိမိ၏ တိုင်းပြည်တွင် မိမိ၏ နှမတော်ကျန်ရစ်ခဲ့ပုံ၊ ညီမတော်အား စစ်နိုင်ဘုရင်





အ ကြွင်းမဲ့အတော်အဖြစ် တင်မြှောက်မည်ကို မလိုလားပုံ၊ အားတာန်၏ မာန်လျော့ခဲ့ရသောအဖြစ်ကို မကျေမနပ်ဖြစ်နေရပုံ၊ ကြကွဲ ရှုမှီးဆွေတ်နေရသည်များကို ဂေါ်သဇင်မင်းသားအား ခမ်းနည်းသံဖြင့် ပြောပြလေ၏။

'ဪ… ဒါများ အဆွေတော်ရယ်၊ အာမခံတော်မမူပါနဲ့၊ ကျွန်ုပ်ရဲ့အမတ်ကြီး ကံအောင်နဲ့ မှူးကြီး တေမဗ္ဗူတကို စေလွှတ်ပြီး ခေါ်နိုင်းပေးမျှမယ်၊ အဆွေတော်ရဲ့ တိုင်းပြည်ကိုသွားရမယ့်ခရီးလမ်းမြေပုံကိုသာ ခုတို့သိအောင် ညွှန်ပြလိုက်ပါ'

'မရွှယ်အူးဆေင်တယ် အဆွေတော် ဂေါ်သဇင်မင်းသား၊ စစ်နိုင်ဘုရင်က မြို့ရိုး မြို့ထွင်းတွေမှာ ရဲမက်တွေကို အစောင့်အထိန်ချထားတာဆိုတော့ မြို့တွင်းထဲကအကျဉ်းချထားတဲ့ အဆောင်ကို ရောက်နိုင်ဖို့က ခက်လှတယ်'

'အဆွေတော် သမန္တရမင်းအား ကျွန်ုပ်သည် ဂန္ထရတော်တို့ကို တတ်မြောက်ထားပေတယ်၊ ဤအတတ်ပညာများကို ကျွန်ုပ်၏အမတ်ကြီး အောင်၊ မှူးကြီးတေမဗ္ဗူတို့ကို သင်ကြားပေးထားသည်ဖြစ်ရာ ၎င်းတို့သည်လည်း တတ်မြောက်ပြီလေတယ်၊ ကျွန်ုပ်၏စကားကို အဆွေတော် အကြွင်းမဲ့ယုံကြည်တော်မူစေချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'သင့်ရဲ့စိတ်ရင်းစေတနာနဲ့ ဂမ္ဘီရပညာတို့ကို ကျွန်

ယုံကြည်ပေတယ် အဆွေတော် ဂေါသဇင်မင်းသား'

သို့ဆိုလျှင် သင် စိတ်ချမ်းသာစွာဖြင့် စိုးစံနေပါတော

အဆွေတော် သမန္တရမင်းသား

သမန္တရမင်းသားသည် ၄င်း စိုးစံခဲ့သော တိုင်းပြည်သ

သွားသည့်ခရီးလမ်းကို အမတ်ကြီး ကံဘောဇနနှင့် မှူးဆိုးကြ

စောပဏ္ဏဝတို့အား မြေပုံဆွဲ၍ လမ်းညွှန်တော်မူလေ၏။

ငါ၏သစ္စာကိုစောင့်သိကြသော အမတ်ကြီး ကံဘော

နှင့် မှူးဆိုးကြီး စောပဏ္ဏဝတို့၊ သင်တို့သွားမည့်ခရီးလမ်းတ

အနှောင့်အယှက် အဟန့်အတားများမရှိရလေအောင် အဆော

လက်ဖွဲ့များ ဆောင်ရွက်ပေးလိုက်တယ်၊ အဆွေတော် သမ

မင်း၏ ညီမတော်ကို ဆေးမသီရန်မခဲ့ ဒီနေရာသို့အရော

ခေါ်ဆောင်လာခဲ့ကြပေရော့၊ ဂမ္ဘီရဆေးလုံးသုံးလုံးကို ယူဆေ

သွားကြလော့

'ရှေ့ကိုယ်တော် စေခိုင်းသည့်အတိုင်း ဆောင်ရွက်တော

ပါမည် ဘုရား၊ ကျွန်တော်မျိုးတို့နှစ်ယောက်တို့ ဘုရှင်မင်

တော့ စောင့်ရှောက်တော်မူမှာပါ ဘုရား'





အောင်း အရှင်မတို့ကို အမြန်ခေါ်ရပြီး အောင်မြင်

အောင် ဆောင်ရွက်ကြ'

'အမိန့်တော်အတိုင်းပါ ကိုယ်တော်လေး'

အမတ်ကြီး ကံဘောဇနနှင့် မှူးဆိုးကြီး စောပဏ္ဏဝတို့

သည် သမန္တရမင်း၏ တိုင်းပြည်ရှိရာ အရပ်သို့ လာခဲ့ကြလေ၏။

ဂေါသဇင်မင်းသားစံမြန်းနေသော အရပ်နှင့် သမန္တရမင်း၏ တိုင်း

ပြည်သည် အလှမ်းကွာဝေးလှ၏။ တောတောင်သချိုင်းများ၊

မြစ်ချောင်းများစွာကို ဖြတ်သန်းခရီးနှင်ခဲ့ရလေ၏။

'အမတ်ကြီး သမန္တရမင်း ရေးဆွဲပေးလိုက်တဲ့ မြေပုံအရ

ဆိုရင် ဟိုးရှေ့က တောင်တန်းကြီးကိုကျော်ဖြတ်ပြီးတာနဲ့ သူ့တိုင်း

ပြည်ကို ရောက်ပြီ'

ရှေ့နားက သစ်ပင်ရိပ်ကျရင် ငါတို့ခဏနားကြဦးစို့

စောပဏ္ဏဝရေ၊ ရှေ့ကိုယ်တော်ဂေါသဇင်မင်းသားရဲ့ စကားကို

မယိမ်းမယိုင်စိုးသာ သမန္တရမင်းရဲ့ ညီမတော်ကို ကယ်တင်ဖို့

လာခဲ့ရတာ၊ ခရီးက ပင်ပန်းလိုက်တာကွယ်'

အမတ်ကြီးကံဘောဇနှင့် မှူးဆိုးကြီး စောပဏ္ဏဝတို့သည်

သစ်ပင်တစ်ပင်ကြီး၏အောက်တွင် ထိုင်ကာ အနားယူနေကြလေ

[illegible]

'သမ္ဘူရမင်းက အဖြူရိုင်းတွေနေတော့ ဂေါ်သခင်မင်းသားက မကြည့်ရက်ဘူးပေါ့၊ အဆွေတော်ကောင်းပီသစွာ ကူညီဆောင်ရွက်နိုင်းတာပေါ့'

'ရှေ့ကိုယ်တော်ရဲ့ သခင်သားကတော့ မြူစင်ရှမ်းလှမှီတယ်'

'ကဲ... အမတ်ကြီးရေ၊ ခရီးဆက်ကြဦးစို့၊ ဒီတောတန်းကြီးရဲ့ တောင်ထိပ်ကိုရောက်တာနဲ့ အနောက်ဘက်ရှုလုံးဖင်ချိုမြစ်မှာ ဝေချာတယ်'

'တောင်ထိပ်ပေါ်မှာ ညအိပ်ရုံမှာကြတာပေါ့ မှန်ဆိုးကြီးရယ်'

[illegible] ထိပ်သို့ရောက်သည်နှင့် မြစ်ကိုမြင်ရလေ၏။ တောင်ထိပ်တစ်ခုက် တောင်ဆင်းအရပ် ခင်လွှမ်းလှမ်းဆီတွင် မီးရောင်များကို မြင်တွေ့ရလေ၏။

'ဟိုးမှာ သမ္ဘူရမင်းရဲ့တိုင်းပြည်ကမီးတွေ ထွန်းညှိထားတာ'

'အဲဒီနေရာကို ညတွင်းချင်းသွားဖို့ဆိုတာ မလွယ်လှဘူး'





[illegible]ပြီတော်ရဲ့အစပ်မှာ ချောင်းတစ်ခုစီးဆင်းနေတာကို အမတ်ကြီးမြင်သလား'

'အင်း... မြင်တယ်၊ ခရီးပမ်းလာတော့ ညတွင်းချင်းလည်း မသွားနိုင်တော့ဘူး၊ ခြေထောက်တွေက ယိုင်နဲ့နေပြီ'

'စကားအမြစ်ပြောတာပါ မှန်ဆိုးကြီးရယ်'

အမတ်ကြီးကဲ့သောနှင့် မှန်ဆိုးကြီးတော့ဗန္ဓုဝတို့သည် တောတောင်ထဲတွင် သွားလာရင်းပေါ့ရှိ၍ ရိက္ခာအဖြစ်ခူးဆွတ်လာသော သစ်သီးများကို စားသုံးကြလေ၏။ ဗိုက်ပြည့်လျှင် အိပ်စက်ကြလေ၏။

နောက်တစ်နေ့မနက်တွင် အမတ်ကြီး၊ ကဲ့သောနှင့် မှန်ဆိုးကြီး၊ တော့ဗန္ဓုဝတို့သည် ဆက်လက်ခရီးဆက်ရာ နေ့လယ်ခင်းတွင် သမ္ဘူရမင်း၏ နေပြည်တော်အနီးသို့ရောက်လာလေ၏။

'အမတ်ကြီး... ကျွန်ုပ်တို့ရောက်ရှိနေတဲ့အချိန်ဟာ နေ့လယ်ပိုင်းဖြစ်နေတယ်၊ ညအချိန်ကို စောင့်နေလို့မဖြစ်ပေဘူး၊ ကျွန်ုပ်တို့နှစ်ဦးက မျက်နှာစိမ်းတွေဆိုတော့ ရဲမက်တွေက မသင်္ကာလို့ တွေ့လို့ထင်ပြီး မေးမြန်းစစ်ဆေးခံရနေရင် လာရင်းကိစ္စကို ဆောင်ရွက်တဲ့နေရာမှာ နှောင့်နှေးသွားလိမ့်မယ်'

www.burmeseclassic.com



အင်း... ဟုတ်တယ် မုဆိုးကြီး၊ ဂေါ်သဇင်မင်းသား ပေးလိုက်တဲ့ မှိုင်းလုံးညှိုခဲလုံးကို အသုံးချရတော့မှာပဲ

အမတ်ကြီး ကံဘောဇနေသည် နေပြည်တော်၏ အုတ်မြို့ ရိုးအတွင်းသို့ မှိုင်းလုံးညှိုခဲလုံးတစ်လုံးကို ပစ်သွင်းလိုက်လေ၏။ ထိုအခါ နေ့ခင်း၏အလင်းရောင်များသည် ရုတ်ခြည်းကွယ်ပျောက် ကာ ညအချိန်သို့ ရောက်သွားလေ၏။ အမတ်ကြီး ကံဘောဇနေနှင့် မုဆိုးကြီး စောပုဏ္ဏတို့အတွက်တော့ နေ့ခင်းအချိန်သာဖြစ်လေ ရကား နေပြည်တော်အတွင်းသို့ ရှုမြင်ရှာဖွေရောက်လာနိုင်ခဲ့ လေ၏။

အမတ်ကြီးနှင့် မုဆိုးကြီးတို့ သွားလာနေကြသည်ကို ရဲမတ်များက မမြင်တွေ့ကြပေ။ အမတ်ကြီးနှင့်မုဆိုးကြီးတို့သည် မှိုင်းလုံးညှိုခဲလုံးတစ်လုံးကို နန်းတော်အတွင်းသို့ ပစ်လိုက်ရာ သူတို့လာနေကြသော ရဲမတ်များသည် ကျောက်ရုပ်များ ဖြစ်သွား ပြီးရုပ်မနေကြလေ၏။

အမတ်ကြီးနှင့်မုဆိုးကြီးတို့က နေပြည်တော်အတွင်းမှ အကျဉ်းဆောင်ကို လိုက်လံရှာဖွေကြလေ၏။ အကျဉ်းဆောင်ထဲ၌ မင်းသမီးလေးတစ်ပါး အကျဉ်းချခံထားရသည်ကို တွေ့ရလေ၏။





မင်းသမီးလေးနှင့်အတူ ရဲမက်(၅)ဦး၊ အပျိုတော်(၂)ဦး ပါဝင်၏။ အမတ်ကြီးနှင့် မုဆိုးကြီးတို့က မင်းသမီးလေးနှင့် ရဲမက်(၅)ဦး၊ အပျိုတော်(၂)ဦးတို့အား အကျဉ်းဆောင်ထဲမှထုတ်ခဲ့ပြီး နေပြည် တော်နှင့်ဝေးရာသို့ ခေါ်ဆောင်လာခဲ့လေ၏။ မင်းသမီးလေးမှာ နန်းရိပ်နန်းသွေးဖွားဖြစ်သောကြောင့် ခရီးကြမ်းကို ပင်ပန်းစွာ လျှောက်လှမ်းနေရလေ၏။ အမတ်ကြီးနှင့် မုဆိုးကြီးတို့က မင်း သမီးလေးကို သနားနေကြလေ၏။ မင်းသမီးလေး၏ ခြေဖဝါး တွင် သွေးခြေများဥပြီး ပေါက်ပြဲနေလေ၏။ သွေးများလိုစိမ့် ထွက်နေလေ၏။

မင်းသမီးလေးရဲ့ မောင်တော် သမန္တရမင်းက စေလွှတ် လိုက်တဲ့ အမှုတော်ထမ်းတွေပါ ဖုရား၊ အမတ်ကြီးကံဘောဇနေ နဲ့ မုဆိုးကြီးစောပုဏ္ဏတို့ ဖြစ်ကြပါတယ်၊ မင်းသမီးလေး ပင်ပန်းနွမ်းနယ်နေပြီဆိုတာ ကျွန်တော်မျိုးတို့သိပါတယ် ဖုရား၊ စစ်ခိုင်ဘုရင့်ရဲ့ ရဲမတ်တွေ ကျွန်တော်မျိုးတို့နောက်ကို လိုက်လာ မှာစိုးလို့ ခရီးနှင်နေရတာပါ ဖုရား

အမတ်ကြီးကံဘောဇနေက မင်းသမီးလေးအား လျှောက် တင်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မောင်တော် နတ်ရွာလားသွားလေပြီလားထင်ပြီး သခင်မလေးက စိတ်မကောင်းဖြစ်နေတာ၊ မောင်တော် အေးကောင်းရာမှာ ရှိနေတာသိရတော့ ရွှင်လန်းချမ်းမြေ့သွားလိုက်တာ၊ အခု မောင်တော်က ဘယ်အရပ်မှာ ရှိနေပါသလဲ အမတ်ကြီး'

မင်းသမီးလေးက မျက်နှာပြုံးရွှင်စွာဖြင့် မေးလေ၏။

'သမန္တရမင်းသားဟာ နေ့မတ်တောင်မှာ ရှိနေပါတယ် မင်းသမီးလေး'

'ခြေထောက်မှာ ဒဏ်ရာတွေရထားလို့ လမ်းမလျှောက်နိုင်တော့ဘူး အမတ်ကြီး။ စစ်နိုင်ဘုရင်ရဲ့ ရဲမက်တွေ လိုက်လာနိုင်မလား'

'မိုင်းလုံးညီးခဲလုံးရဲ့ အစွမ်းကြောင့် ရဲမက်တွေဟာ နေရောင်ခြည်ထွန်းတောက်လာမယ့်အချိန်ရောက်မှ သက်ဝင်လှုပ်ရှားကြမှာပါ ဖုရား၊ အခုတော့ ကျောက်ရုပ်အသွင်နဲ့ ရှိနေကြဦးမှာပဲ'

မုဆိုးကြီးတေမဗွာဝနဲ့ရဲမက်များက တောတွင်းမှသစ်ပင်များကိုခုတ်ပြီး ထမ်းစင်ပြုလုပ်၏။ အမတ်ကြီးနှင့်မုဆိုးကြီးတို့သည် မင်းသမီးလေးကို ထမ်းစင်ပေါ်သို့တင်စေ၏။ မင်းသမီးလေးက အားတုံ့အားနာဖြစ်နေ၏။





'ကျွန်တော်မျိုးတို့ရဲ့ အရှင်သခင် ဂေါ်သမင်မင်းသား၏ စေခိုင်းချက်အရ ခေါင်ရွက်ရတာမို့ ထမ်းစင်ပေါ်မှာ စံနေပြီး လိုက်ခဲ့တော်မူပါ မင်းသမီးလေး'

အမတ်ကြီး၊ မုဆိုးကြီးနှင့် ရဲမက်၊ အမှုတော်တို့သည် မင်းသမီးလေးအား ထမ်းစင်ပေါ်တွင် စံမြန်းစေပြီး ခရီးနှင်လာခဲ့ကြလေ၏။ တောတွင်းမှ သစ်သီးများကိုခူးဆွတ်ပြီး မင်းသမီး ပွဲတော်တည်ရန် ဆက်သလေ၏။ ညနေစောင်းလျှင် မင်းသမီးလေးအား မြင့်မြတ်သောနေရာတွင် စံမြန်းစေ၏။ စက်တော်ခေါ်စေ၏။ အမတ်ကြီးနှင့်မုဆိုး၊ ရဲမက်တို့က တစ်ညလုံးကင်းစောင့်ပေးကြ၏။

လမ်းခရီးတွင် မြစ်တစ်ခုကို ကူးရမည်ဖြစ်၍ သစ်ဖောင်ဖွဲ့ကာ ကူးကြလေ၏။ မဟာဆီမဟာချော မင်းသမီးလေးသည် မြစ်ထဲသို့ သစ်ဖောင်ဖြင့်ကူးနေစဉ် ကြောက်ရွံ့နေလေ၏။

'သခင်မလေးက မြစ်ဆိုတာကို အခုမှရှုစားဖူးတာ၊ မြစ်ရေစီးကသန်လိုက်တာ၊ သခင်မလေးက ရေမကူးတတ်ဘူး'

မင်းသမီးလေး၏ မျက်နှာတွင် ထိတ်လန့်စိတ်များက ဝှဲလွှမ်းနေ၏။

'ဘာမှစိုးရိမ်တော် မမူပါနဲ့ ဘုရား၊ ကျွန်တော်မျိုးကြီးတို့

www.burmeseclassic.com





သစ်ဖောင်မှာ လှော်တက်တပ်ဆင်ထားတာမို့ မြစ်ကြောင်းကို ဖြတ်ကူးနေတဲ့အခါမှာ အန္တရာယ်တစ်စုံတစ်ရာ မရှိပါဘုရား၊ သစ်ဖောင်ပေါ်မှာ စိတ်အေးချမ်းသာစွာနဲ့ စံမြန်းနေတော်မူပါ'

မြစ်၏တစ်ဖက်ကမ်းသို့ သစ်ဖောင်ရောက်သွားတော့မှ မင်းသမီး၏ မျက်နှာမှာ ကြည်လင်ဝင်းပသွားလေ၏။

'သခင်မလေးမှာ ကြောက်စိတ်တွေဝင်ပြီး အသက်ကို တောင် ပိုမှန်မရှုရဲအောင် ဖြစ်ခဲ့ရတယ်'

ရှေ့က ခရီးစဉ်တစ်လျှောက်မှာတော့ မြစ်ချောင်းတွေ ကာဆီးထားတာ မရှိတော့ပါဘူး ဘုရား'

'မောင်တော် သမန္တရမင်းက သခင်မလေးကို နန်းတော် အတွင်းမှာပဲ စံမြန်းခိုင်းထားတော့ နေပြည်တော်ပြင်ပမှာ အဘယ် သို့သော အရာတွေရှိတယ်ဆိုတာ မသိခဲ့ရဘူး

သမန္တရမင်းအာ ညီမတော်ဖြစ်တဲ့ မင်းသမီးလေးကို အလွန်ချစ်ရှာတာပါ၊ သခင်မလေး စစ်နိုင်ဘုရင်လက်ထဲမှာ ကျန် ခဲ့တာကိုတွေးပြီး အချိန်ပြည့် စိတ်မချမ်းမသာဖြစ်နေတော်မူတယ်၊ အဲဒါကိုတွေ့မြင်နေရတဲ့ ကျွန်တော်မျိုးတို့ရဲ့အရှင်သခင်ဂေါသဇင် မင်းသားက သခင်မလေးကို သွားရောက်ကယ်တင်ဖို့ ကျွန်တော် မျိုးတို့ကို တာဝန်ပေးခဲ့တာပါ ဘုရား'





ဂေါသဇင်မင်းသားဆိုတာ စိတ်ထားမြင့်မြတ်သူပေပဲ'

'ကျွန်တော်မျိုးတို့ရဲ့ အရှင်သခင် ရွှေကိုယ်တော်လေးဟာ ရာထူးအခေါင်ကိုလည်း လုံးဝမက်မောတော်မမူဘူး၊ ဘူမိယ သမ်းကိုလိုက်ပြီး တရားအားထုတ်ဖို့ကိုပဲ အမြဲစဉ်းစားတော်မူနေ တယ်ဆိုတယ်'

မင်းသမီးလေးက အမတ်ကြီးကဲ့သော်ဇနေ၏ လျှောက် တင်စကားကို ရွှေနားတော်ဖန်ဆင်ရင်း မျက်လုံးကလေးကလယ် ကျစေယ် ဖြစ်နေလေ၏။

'အမတ်ကြီး ဘူမိယလမ်းဆိုတာ အဘယ်အရာကိုခေါ်ပါ သလဲ၊ သခင်မလေး နားလည်အောင် လျှောက်တင်စမ်းပါဦး'

'ဘူမိယလမ်းဆိုတာ ထွက်ရပ်ပေါက်မုဂ္ဂိုလ်များရဲ့ ကျင့်စဉ်ကို ခေါ်ဆိုတာပါဘုရား၊ အခုဆိုရင် မင်းသမီးလေးရဲ့ မောင်တော် သမန္တရမင်းသားလည်း ဘူမိယလမ်းကို လိုက်ပြီး တရားအားထုတ်နေပါတယ် ဘုရား'

'ကောင်းလိုက်တဲ့ သတင်းစကား၊ ရွှေနားတော်နဲ့ ကြား ရတာ ကျက်သရေအပေါင်းနဲ့ ပြည့်စုံတော်မူလိုက်တာ အမတ် ကြီးရယ်'

'သခင်မလေးက မုဆိုးကြီး စောပဏ္ဍဝပြုလုပ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထမ်းစင်ပေါ်မှာ စံမြန်းတော်မူပါဘုရား၊ ကျွန်တော်မျိုးတို့ခရီးဆက်ရအောင်'

'သင့်မြတ်ပါပေတယ် အမတ်ကြီး'

သို့နှင့် ခရီးဆက်ခဲ့ရာ တောချွင်းထဲမှ သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ပြုခြင်းကို မခံရဘဲ ခရီးရွှင်ခဲ့လေ၏။ အမတ်ကြီး ကံဘောဇနက မြေပုံကိုထုတ်ကြည့်ပြီး…

'ဒီနေ့တော့ ညနေစောင်းလာပြီမို့ တောင်ထိပ်တစ်ခုမှာ တစ်ညတာ ရပ်နားကြရင်ကောင်းမယ် မှူးကြီး၊ ဟော…ဟိုရှေ့မှာ တောင်ပေါ်က စီးဆင်းနေတဲ့စမ်းချောင်းလေးတစ်ခုပါလား၊ စမ်းချောင်းအထက်က တောင်ထိပ်မှာ နားကြစို့'

အမတ်ကြီး ကံဘောဇနှင့် မှူးကြီး စောပဏ္ဏတို့သည် မင်းသမီးလေးနှင့် အမှုတော်နှစ်ဦးတို့အား တောင်ထိပ်ပေါ်တွင် စံမြန်းစေပြီး သစ်သီးများကို ရှာဖွေကာ ပွဲတော်တည်စေ၏။ ၎င်းတို့က စမ်းချောင်းရေကိုချိုးကာ အမောအပန်းဖြေကြ၏။

'အမတ်ကြီး သင်တို့ပြောတဲ့ နေ့မတ်တောင်ကို ရောက်ရန် ဘယ်နှရက်ခရီးဆက်ရဦးမလဲ'

မင်းသမီးလေးက မေးတော်မူ၏။





'မနက်ဖြန်မနက် ခရီးဆက်ရင် နေမဝင်မီအချိန်တွင် နေ့မတ်တောင်သို့ ရောက်ပါလိမ့်မယ် ဘုရား'

'သင်တို့လည်း အတော်မင်ပန်းနေကြရှာပြီ'

'အရှင်သခင်၏ အမှုတော်ကို ထမ်းရွက်ရသည်ဖြစ်၍ မင်ပန်းသော်လည်း အမှုမထားအားပါ၊ သမန္တရာ၏ ရွှေစိတ်တော် ညှိုးနွမ်းနေမှုကို လန်းဆန်းစေအောင် ဆောင်ရွက်ပေးရသည်ဖြစ်သောကြောင့် မတောင်းအဲရသော ကုသိုလ်မျိုး ဖြစ်၏'

မင်းသမီးလေးသည် ခရီးမင်ပန်းဖြင့် ညှိုးချုံ့သည်နှင့် ကျိန်းစက်လေ၏။ အမတ်ကြီးနှင့် မှူးကြီးတို့က တစ်ယောက်တစ်လှည့် ကင်းစောင့်ပေးကြ၏။

နောက်တစ်နေ့မနက်တွင် ခရီးဆက်ခဲ့ [illegible] ကြ ညနေစောင်းတွင် နေ့မတ်တောင်သို့ ရောက်ရှိကြလေ၏။

'မောင်တော်'

'မောင်… နှမတော်'

တစ်ချုတ်ချင်း မောင်နှမအရင်းဖြစ်သော သမန္တရမင်းနှင့် မင်းသမီးတို့သည် တစ်ဦးနှင့်တစ်ဦး ငေးမောတေးမိကြလေ၏။

'နှမတော် အားမငယ် ရှိမခဲ့ ရောက်ရှိလာတာကို



www.burmeseclassic.com

www.burmeseclassic.com



ရှုစားရလို့ မောင်တော့်စိတ်နှလုံးရွှင်ပြုံးကြည်သာလိုက်တာကွယ်’

‘နှမတော်ရှာလည်း မောင်တော့်အတွက် စိုးရိမ်ပြီး စိတ်ဝယ်မချမ်းမြေ့ဖြစ်နေရိုက်တာ ကြာပါပြီ၊ စစ်နိုင်မင်းက နှမတော်ကို သိမ်းပိုက်ဖို့ ကြံရွယ်နေတုန်း အမဲဓါကြီးနဲ့ မုဆိုးကြီးတို့က နှမတော်ကို လာရောက်ကယ်တင်ကြတာ’

‘နှမတော် ဒီအဆွေတော်တွေဟာ မောင်တော်ရဲ့ အသက်ကို ကယ်တင်ထားတဲ့ ဂေါသဇင်မင်းသား၊ အခုတော့ အဆွေတော်ကျေးဇူးကြောင့် နှမတော်ရဲ့အသက်ကို ကယ်တင်ရုံသည်းရောက်သွားပေပြီ’

မင်းသမီးလေးသည် ဂေါသဇင်မင်းသားအား နှစ်လိုဖွယ်ပြုံးပြလေ၏။

‘အဆွေတော် ကျွန်ုပ်၏ နှမတော် တပင်တိုင်မင်းသမီးလေးပါ၊ နန်းတော်မှာ တပင်တိုင်နန်းနဲ့ စံမြန်းတော်မူနေသူလေးပါ’

ဂေါသဇင်မင်းသားသည် မင်းသမီးလေးအား ဖြူစင်သော အပြုံးကို ပြုလေ၏။ မင်းသမီးလေး၏ အသားအရောင်တို့သည် ညအခါတွင် မြအရောင်အသွေးကဲ့သို့ ရှိ၍ ဂေါသဇင်မင်း





သားက မင်းသမီးလေးအား ‘မြစိမ်းရောင်မင်းသမီး’ဟု ခေါ်တွင်တော်မူ၏။

သမန္တရမင်းသည် သူ၏နှမတော် မြစိမ်းရောင်မင်းသမီးလေးနှင့်ဂေါသဇင်မင်းသားတို့အား လက်ထပ်ထိမ်းမြား၍ပေးလေ၏။ ဂေါသဇင်မင်းသားက မြစိမ်းရောင်မင်းသမီးလေးကို တောင်နန်းစံဒေဝီမဟေသီတင်မြှောက်သည်။ သို့သော် ဂေါသဇင်မင်းသားသည် ဘုမိယလမ်းကို ကြိုးစားအားထုတ်နေသူဖြစ်ရကား မြစိမ်းရောင်မင်းသမီးလေးကို နှမလေးသဖွယ် သဘောထားပြီး ပဝါတစ်ကမ်း၊ လက်တစ်ကမ်းနေ့ရာမှ ပြောဆိုဆက်ဆံလေ၏။ မင်းသမီးလေးကို အပျိုတော်များနှင့်အတူ သီးခြားအဆောင်ဆောက်လုပ်ပေးတော်မူ၏။

‘နှမတော် မြစိမ်းရောင် မင်းသမီး၊ ငါသည် သင့်ကို ဖြူစင်သောမေတ္တာဖြင့်သာ ချစ်ခင်၏၊ ကိလေသာအညစ်အကြေးတို့ဖြင့် သင့်ဘဝကိုမနှစ်မွန်းစေချင်ပါ၊ ငါသည် ရာထူး၊ အဆောင်အယောင်တို့ကို မမက်မောသည့်နည်းတူ စွဲလမ်းမှုအား ကြီးစေသောမေတ္တာမျိုးကို သင့်အပေါ်ထွင် မထားနိုင်ပါ၊ ငါသည် နှစ်ပေါင်းများစွာ ဆောင်ရွက်နေသော ဘုမိယလမ်းဖြင့် ထွက်ရပ်

www.burmeseclassic.com



မေါက်စခန်းသို့ ခြိမ်းခြောက်မည်ဟူသော ရည်ရွယ်ချက်ထားပြီးသူ ဖြစ်ရကား ဤ အားရောက်နေသော သိမ်းစဉ်အောင်မြင်ရေးအတွက် နမောင်က ပါရမီဖြည့်ဆောင်ချက်ပေးခြင်းမျိုးကိုသာ လိုလားပါ သည်'

ဟု ဂေါ်သခင်မင်းသားက မြစိမ်းရောင်မင်းသမီးလေး အား နေ့မတ်တောင်စေတီတော်ရင်ပြင်တွင် မိန့်တော်မူလေ၏။ ဂေါ်သခင်မင်းသားသည် မြစိမ်းရောင်မင်းသမီးလေးနှင့်အတူ နေ့ မတ်တောင်စေတီအား ညစဉ်ညတိုင်းဖူးမြော်ကြည်ညို ရှိခိုးလေ၏။ ဂေါ်သခင်မင်းသားသည် သမန္တရမင်းနှင့် မြစိမ်းရောင်မင်းသမီး တို့ကို တရားအားထုတ်နည်းကိုညွှန်ပြလေ၏။ ဂေါ်သခင်မင်းသား၊ သမန္တရမင်းနှင့် မြစိမ်းရောင်မင်းသမီးတို့သည် နေ့မတ်တောင် စေတီတွင် ညစဉ်ညတိုင်း တရားအားထုတ်ကြလေ၏။ ထိုသို့ ညအခါတရားအားထုတ်နေချိန်တွင် စေတီအတွင်း ရောက်နေမှ သဏ္ဌာဝါတစ်ကောင်သည် စေတီရင်ပြင်ပေါ်သို့တက်လာသည့် အသံကိုကြားမိကြလေ၏။ ထိုသဏ္ဌာဝါသည် နေ့မတ်တောင်စေတီ ၏မတ်လည်သို့ လှည့်လည်သွားလာနေသည့် အသံမျိုးကိုလည်း ကြားမိ၏။ ယခုပါ စီးနင်းရှေ့တွင်ဆိုင်ကာ စကားပြောနေကြသည့် အမတ်ကြီးကံဘောဇနှင့် မှူးဆိုးကြီး စောပဏ္ဏဝတို့က၊၊





'ရှေးကိုယ်တော်တို့ ဘုရားရင်ပြင်ပေါ်မှာ တရားအား ထုတ်နေချိန်မှာ စေတီတော်ကို ရစ်ပတ်ထားတဲ့ အမည်းရိုပ်ကြီးကို ကျွန်တော်မျိုးတို့ ညစဉ် မြင်တွေ့နေရတယ်ဘုရား' ဟု လျှောက် တင်ကြလေ၏။

တစ်ခုသော ညသန်းခေါင်ယံအချိန်တွင် ငန်းပတ်တောင် စေတီမှ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဂေါ်သခင် မင်းသားက ဖူးတွေ့ရလေ၏။

ထို့ကြောင့် စက်တော်ပျော်နေသည့် သမန္တရမင်း၊ မြစိမ်း ရောင်မင်းသမီးနှင့် အမတ်ကြီးကံဘောဇနှ၊ မှူးဆိုးကြီးစောပဏ္ဏဝ တို့ကိုနိုး၍ ဖူးခိုင်းလေ၏။

'စေတီတော်မှ ရောင်ခြည်တော် ကွန့်မြူးတာကို တစ် သက်နှင့်တစ်ကိုယ် တစ်ခါသာဖူးတွေ့ဖူးသည်မို့ အစ္ဆေတော် ကျေးဇူးက ကြီးမြတ်လှပါပေတယ်'

'ဖူးတွေ့ခွင့်ကြုံလာလို့ ဖူးတွေ့ရတာပဲ အစ္ဆေတော်ရယ်'

'ကျွန်ုပ်တော့ အစ္ဆေတော်လိုပဲ ဘုမိယလမ်းလိုက်တော့ ယ်လို့ စိတ်ကူးထားမိတယ်၊ ကိုယ်တိုင်ကြိုးစားအားထုတ်ရမယ့် လုပ်မို့ ပင်ပန်းမှာတော့ သိနေတယ်'

'အစ္ဆေတော်အနေနဲ့ ဒီလိုအားထုတ်တာကို ပင်ပန်းတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ သဘောမထားဘဲ ထွက်ရပ်ပေါက်လမ်းကို မလွဲမသွေရောက်
ရမယ်ဆိုတဲ့အသိရှိထားဖို့တော့ လိုပေတယ်'

'ဆရာမပြ နည်းမကျဆိုတဲ့စကားလို သင်ပြမယ့် အဆွေ
တော်တစ်ယောက်လုံးရှိနေမှတော့ ကြိုးစားအားထုတ်ရမှာက
ကျွန်ုပ် တာဝန်ဆိုတာ သိနေပါပြီ'

ဂေါသဇင်မင်းသားနှင့် သမန္တရမင်းသားတို့သည် ဧ
အခါတွင် ဖိုရုံများ၌ အဂ္ဂိရတ်ထိုးကြလေ၏။ ညအခါတွင် တရာ
အားထုတ်ကြလေ၏။

'အဆွေတော် သမန္တရမင်း... ပြဒါးကို တန်ခိုးကြီးမား
အရာ၊ ဖမ်းရန်ခက်ခဲလှတဲ့အရာလို့ အဂ္ဂိရတ်လောကမှာ သမု
ကြတယ်၊ ပြဒါးဖမ်းရာမှာ ပူလျှင်ရပ်ထားအေးလျှင်ပြန်အပူ
ဆိုတဲ့မူကို လက်ကိုင်ထားရမယ်'

အဂ္ဂိရတ်ထိုးပြီး နားနေချိန်တွင် ဂေါသဇင်မင်းသား
သမန္တရမင်းကို မိန့်တော်မူလေ၏။

'အဲသလိုမရပ်ဘဲ ဆက်အပူပေးရင် မီးအနည်းငယ်ပြ
သွားရင် ပြဒါးကိုမွှေးထားတဲ့ လုံနှုတ်ခမ်းပတ်လည်နဲ့ လုံအ
တွေမှာ ဗျိုင်းနိုးခေါ် မြူမှုန်ကလေးတွေ တက်ကပ်နေတာ
တွေ့ရမယ်၊ အဲဒါ ပြဒါးထွက်သွားတာကို ပြတာ၊ အဲဒါတွေ





ခြစ်မှ ပြဒါးရည်ပြန်ဆင်းလာတယ်၊ အဲသလိုထွက်တတ်တာ
ကြောင့် ပြဒါးကို နှာခဲနဲ့ဖမ်းပါက တစ်လ(၄၅)ရက် ရက်(၆၀)
ကြာလာတဲ့အခါ ပြဒါးကျန်သလား နှာကျန်သလား ဘာကျန်လို့
ကျန်မှန်းမသိ၊ နဂါးမဟုတ် ဖားကပြုတ်ကို ဟုတ်လိမ့်နိုးနိုး ဆင်
ကန်းတိုးသို့ ဆိုတာမျိုး ဖြစ်တတ်တယ်'

'ဆက်လက်ရှင်းပြပါဦး အဆွေတော်ရယ်၊ စိတ်ဝင်စား
လွန်းလို့'

'ပြဒါးကို နဂါးလို့လည်းခေါ်တယ်၊ နဂါးကိုနိုင်တဲ့အရာ
က ဂဠုန်၊ အဂ္ဂိရတ်မှာ ဂဠုန်တွေအမျိုးမျိုးရှိတယ်၊ ကျွန်ုပ်ပြော
ပြမယ့် ဂဠုန်ကတော့ အခြားဂဠုန်တွေနဲ့မတူဘူး၊ ပြဒါးနဂါးကို
အပေါ်စီးက ကုတ်သတ်မယ့် မီးဂဠုန်၊ နှာဂဠုန်၊ ချောဂဠုန်၊
ယမ်းဂဠုန်ဆိုတဲ့ ဂဠုန်လေးမျိုးဖြစ်ပေတယ်၊ တစ်နေ့တည်းနဲ့
မီးထိုးခံ၊ ချော်နှစ်ခံပြဒါးကို ရရှိမယ်'

'ရှေးဦးစွာ နှာသုံးကျပ်သားကိုထည့်ကျိုရမယ်၊ နှာအရည်
ပျော်ရင် အအေးခံထားရမယ်၊ နှာမခဲတခဲအနေလောက်မှာ ပြဒါး
တစ်ကျပ်သားကိုအပူပေးပြီး နှာထဲကိုလောင်းထည့်လိုက်ရမယ်၊
နှာပြဒါးတွဲလိုက်တဲ့သဘောပေါ့'

'အဲဒီနောက် နှာတစ်ပေါက်ဖိုမှာ အဲဒီလုံကို လုံနှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



တိုက်မီးလျှံအနေအထား တည်ထားရမယ်၊ မီးသွေးခဲများကို လုံ နှုတ်ခမ်းပတ်လည်နဲ့ လုံခါးလောက်အထိသာ ရံထားရမယ်၊ လုံ အောက်ပိုင်း တစ်ဝက်ကျော်ခန့်ကို သဲထဲမှာ မြှုပ်ထားရမယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ လုံခါးအောက်ပိုင်းနဲ့ လုံဖင်ကို မီး မထိအောင်ရည်ရွယ်ထားခြင်းဖြစ်ပေတယ်၊ လုံဖင်အေးဖို့လိုတာကို အဲသလိုတည်ထားပြီး မီးလျှံနဲ့ တစ်နာရီလောက်ထိုးရမယ်၊ လုံကို တစ်အောင့်တစ်နားမှာ တစ်ချိန်လှည့်ပေးရမယ်'

'အဲဒီနောက် လုံကို ဖိုမှာဝဘက်ကို အနည်းငယ်စောင်းပြီး တစ်နာရီခန့်ထိုးရမယ်၊ အဲသလို နေ့ဗဟိုသုံးချက်တီး (၃)နာရီ မီးကျင့်ပြီးနောက် ကူနာစရိယခေါ်တဲ့ လုံထဲမှာ ဓာတ်အားလုံးကို လောင်းထည့်ရမယ်၊ နာလှည့်သွားဖို့ဖြစ်တယ်၊ လုံကို စောင်းထား ပြီး မီးကိုလုံထဲရောက်အောင် သွင်းလို့ ဓာတ်သားမျက်နှာပြင်ကို တိုက်ထိုးရမယ်'

'နာချော်အနည်းငယ် ရစ်လာပါက လက်ချားစိမ်းအနည်း ငယ်ထည့်ပြီး ချော်ခေါ်ပေးရမယ်၊ အဲဒီနောက် ယမ်း အနည်းငယ် ပေါက်ပေးရမယ်၊ နာခိုးတွေအားလုံးလိုက်တက်လာမယ်၊ စား တယ်လို့ခေါ်တယ်၊ စားနေတဲ့အချိန် နာခိုးများတက်နေတဲ့အချိန်မှာ မီးမထိုးရဘူး၊ အခိုးများရပ်သွားရင် ပြန်ထိုးရမယ်၊ လက်ချားနဲ့





ချော်ခေါ်တာ ယမ်းပေါက်တာတွေကို ဆက်လက်လုပ်ရမယ်၊ စားနေရင်း မီးကိုရပ်ထားရမယ်၊ အစားမြန်စေဖို့ဖြစ်တယ်'

'ချော်အတော်ကလေးရစ်လာရင် လုံနှုတ်ခမ်းပတ်လည် မှာ ရှိတဲ့ ချော်တွေကို ကောက်နှင့်မွှေပြီး ခြစ်ယူရမယ်၊ အဲသလို ငြှုန်မီးနဲ့ နာလှည့်ခြင်းဖြင့် နာအထက်များများကုန်သွားရင် နာ ချော်အောက်ကဓာတ်သား၊ မြူးလာတာကိုတွေ့ရမယ်၊ ဓာတ်နဲ့ ချော်ဟာ တခြားဆီဖြစ်သွားတယ်၊ ဓာတ်ကမောက်နေမယ်၊ ချော် အတွင်းက မြူးထွက်နေမယ်'

'ချော်သိပ်မရစ်တော့ရင် ပဲဆီ၊ နှမ်းဆီရာဆီ တစ်မျိုး မျိုးကို အပူပေးပြီး ဓာတ်ကိုဆီထဲသို့ ခံရေလောင်းလိုက်ရမယ်၊ အအေးခံပြီး ဆီထဲက ဓာတ်ကို ဆယ်ယူ၊ ဓာတ်မှာကပ်နေတဲ့ ချော်တွေကို ရိုက်ပြီးခွာချရမယ်၊ တစ်ကျပ်သားခန့်ဓာတ်သားကို ရှိပေမယ်'

'အဲဒီနောက် လက်ချားချော်များများချက်ပြီး ဓာတ်ကို ခစ်လိုက်ပါ၊ ဓာတ်သားဟာ ချော်နှစ်ခံ၊ မီးထိုးခံဖြစ်လာပြီး ချော် ထုထူလေးအုပ်ပြီး မီးသွေးသုံးလေးအုပ်ခန့် ဆက်ထိုးပြီး အအေး ခံလိုက်ပါ၊ လုံကိုမခွဲရသေးဘူး၊ ချော်ကိုကြည့်ရမယ်၊ 'ချော်စိမ် ခံကြည့်'ဆိုတာလို ပြဒါးချော်များကို တွေ့ရမယ်၊ နဂါးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သက်သေခံတာပေါ့၊ ချော်နှစ်ခဲ ပြဒါးရပြီဖြစ်တာမို့ လမ်းမကြီးဝဲယာ ကြိုက်ရာလမ်းကိုတက်လှမ်းနိုင်ပြီလေ'

ဂေါ်သဇင်မင်းသားက သမန္တရမင်းသားအား အဂ္ဂိရတ်ပညာသင်ကြားပေးနေသည့်အခါ မြစိမ်းရောင်မင်းသမီးက အနားတွင် လာရောက်စံမြန်းနေပြီး နားထောင်တော်မူလေ၏။

'ကျွန်ုပ်က ဒီပညာကို အစ်ကိုတော်ဂေါ်သဇင်မင်းသားနဲ့ တွေ့တော့မှ လိုက်စားတာဆိုတော့ ပညာယူစရာတွေက အများကြီးဖြစ်နေတယ်၊ လက်တွေ့ဆောင်ရွက်ရင်း အတွေ့အကြုံတွေယူမယ်၊ မသိသေးတာကို အစ်ကိုတော်ဆီမှာမေးမြန်းမှတ်သားရမယ်'

'ရှေးထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးတွေရဲ့ လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်ရင် ဘာလို့မပေါက်ရောက်ရမှာလဲ၊ တစ်နေ့မှာ မိမိရည်ရွယ်ချက်အောင်မြင်လိမ့်မယ်လို့ ကျွန်ုပ်တော့ ယုံကြည်ထားတယ်'

'မှန်ပေတယ် ဂေါ်သဇင်မင်းသား'

♠



အခန်း(၈)

ဘူမိယလမ်းကျင့်စခန်းသို့

တစ်နေ့သောအခါ ဂေါ်သဇင်မင်းသားသည် အမတ်ကြီးကံဘောဇနှင့် မုဆိုးကြီးစောပဏ္ဏဝတို့ကိုခေါ်၍

'အမတ်ကြီးနဲ့ မုဆိုးကြီး ငါကိုယ်တော် ဘူမိယလမ်းကျင့်စခန်းကို သွားစရာရှိတာကြောင့် ငါ၏ကြင်ယာတော် မြစိမ်းရောင်မင်းသမီးကို ဘေးမသီရန်မခစေဖို့ ရဲမက်များနှင့်အတူ စောင့်ရှောက်ပေးကြပေတော့'

ဟု၍ မိန့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါ ရွှေကိုယ်တော် ဘုရား'

'ငါသည် အခွေတော်သမန္တရမင်း၏ အလိုတော်အရ သူ၏ နှမတော်နှင့်အိမ်ယာထူထောင် လူ့ဘောင်စည်းကမ်း မပျက် လှမ်းနေရပေမယ့် ကိုယ်တော်ရဲ့လိုရင်းလမ်းတာ ဘူမိယလမ်းကျင့် စခန်းဖြစ်တာမို့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများထံမှ ချဉ်းကပ်ပြီး နည်းလမ်းရှာဖွေစရာတွေက အဖုံဖုံရှိပေသေးတယ်'

'မှန်ပါ့ ဖုရား'

ဂေါသဇင်မင်းသားသည် ယောက်ဖတော် သမန္တရမင်း ကိုလည်း

'သမန္တရမင်း ကျွန်ုပ် ဘူမိယလမ်း ကျင့်စခန်းသို့ သွားရန်အကြောင်းရှိပေသည်မို့ သင်၏ နှမတော်မြစိမ်းရောင်မင်းသမီး အား စောင့်ရှောက်ရစ်ပါ၊ ဒီငန်းပတ်တောင်စေတီတော်ပေါ်မှာ ဘူမိယကျင့်စဉ်များကို ကြိုးစားအားထုတ်ပါ၊ အကျင့်အားကောင်း လာလျှင် သမာဓိအားကောင်းလာမှာ မလွဲကေန်ပေပဲ'

'သင်... အဘယ်အရပ်သို့ ဘူမိယလမ်းကျင့်ရန် သွားမည်လဲ ဂေါသဇင်မင်းသား'

'ဟိမဝန္တာတောင်တွင် ဘူမိယလမ်းကို ကျင့်ကြံအား





ထုတ်နေသူအားလုံးစုဝေးပြီး ဆွေးနွေးတိုင်ပင်ဖို့ သွားရမှာ သမန္တရ မင်းရဲ့၊ ဟိမဝန္တာတောင်တော်ကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဘုရှင် မထီးအစရှိတဲ့သူတော်စင်ကြီးတွေ ကြွရောက်လာမှာဖြစ်တယ်'

'ဟင်... အဲသလိုဆိုရင် ဂေါသဇင်မင်းသားနဲ့အတူ ကျွန်ုပ်လည်း လိုက်ပါခွဲပါရစေ'

'မြစိမ်းရောင် မင်းသမီးလေး ရွှေစိတ်တော်ငယ်နေမှာ ပေါ့ သမန္တရမင်းရဲ့'

'ကျွန်ုပ်၏ နှမတော်သည် အသင်နှင့်ကျွန်ုပ်တို့ ဘူမိယ လမ်းကျင့်စခန်းသို့ သွားမည်မှန်း သိလျှင် ဝမ်းပန်းတသာဖြစ်မည် မှာ မလွဲပါ'

ဂေါသဇင်မင်းသားက ကြင်ယာတော်မြစိမ်းရောင်မင်း သမီးငယ်လေးအား ပြောပြလေရာ

'သံသရာမှလွတ်မြောက်ကြောင်း အကျင့်တရားကို အား ထုတ်ရန်သွားမည့်သူတို့ စိတ်အနှောင့်အယှက်မဖြစ်စေရန် နှမ တော်က ပါရမီစိတ်ခွေးပေးပါတယ် ဖုရား၊ မောင်တော်တို့ဆောင် ရွက်မှုမှန်သမျှ အောင်မြင်ပြီးမြောက်ပါစေလို့ နှမတော်ဖုရားမှာ နေ့စဉ်ဆုတောင်းပေးနေပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



'သာဓု… သာဓု… သာဓု၊ စိတ်ထားတော်မြင့်မြတ်လှတဲ့ ကြင်ယာတော်မေပဲ'

ဂေါသဇင်မင်းသားနှင့် သမန္တရမင်းတို့သည် ဟိမဝန္တာတောင်သို့ထွက်ခွာသွားကြလေ၏။ မြစိမ်းရောင်မင်းသမီးသည် နန်းပတ်တော်စေတီတွင် ဆီမီး၊ ရေချမ်း၊ ပန်း၊ သစ်သီးဆွမ်းတို့ကို နေ့စဉ်ကပ်လှူကာ…

'မောင်တော် ဂေါသဇင်မင်းသားနှင့် နောင်တော်သမန္တရမင်းတို့ ဟိမဝန္တာတောင်တော်တွင် ဘေးမသီရန်မခဘဲ တရားထူးတရားမြတ်များကို ရရှိပြီး အားထုတ်နိုင်ကြပါစေသား'

ဟု ဆုတောင်းပေးလေ၏။ တစ်နေ့တွင် မြစိမ်းရောင်မင်းသမီးလေးသည် ငှက်ဖျားရောဂါကြောင့် ဝေဒနာကို အလူးအလဲ ခံစားရင်း အိပ်ရာထဲတွင် လဲလျောင်းနေရရှာလေ၏။

'ဂေါသဇင်မင်းသားနဲ့ သမန္တရမင်းတို့ကလည်း ဟိမဝန္တာတောင်ကပြန်ကြွတော်မူမလာသေးဘူး၊ သခင်မလေးဝေဒနာက တစ်နေ့တခြား ဆိုးဝါးလာသလိုပဲ၊ တောင်ကြီးမျက်မည်းထဲမှာ တိုက်စရာဆေးဝါးကလည်း မရှိ'

'ဂေါသဇင်မင်းသားသာရှိရင် သူ့ကြင်ယာတော်ကို





ဆေးဝါးတွေ ဖော်စပ်တိုက်မှာ အမှန်ပဲ၊ ဂေါသဇင်မင်းသားနဲ့ သမန္တရမင်းတို့ အမြန်ဆုံးပြန်ရောက်လာပါစေလို့ ဆုတောင်းနေရတော့မှာပဲ'

မြစိမ်းရောင်မင်းသမီးသည် ဝေဒနာကို ပြင်းထန်စွာခံစားရင်း ဂေါသဇင်မင်းသားကို တမ်းတနေလေ၏။ အပျိုတော်များက မြစိမ်းရောင်မင်းသမီးလေးကို ပြုစုပေးကြလေ၏။

'မောင်တော်… မောင်တော်…'

ထိုအချိန်တွင် ဟိမဝန္တာတောင်သို့ ဂေါသဇင်မင်းသားက

'ယောက်ဖတော် သမန္တရမင်း… ကျွန်ုပ်ရဲ့စိတ်တွေ လေးလံထိုင်းမှိုင်းနေသလိုပဲ၊ နန်းပတ်တောင်မှာ ဘာတွေများဖြစ်နေသလဲမသိဘူး'

ဟု ဂေါသဇင်မင်းသားက မိန့်တော်မူ၏။

'အိန်း… မှန်ပေတယ် ဂေါသဇင်မင်းသား၊ ညက ကျွန်ုပ် တရားအားထုတ်ပြီး ကျိန်းစက်တော်မူနေတုန်းမှာ နှမတော် မြစိမ်းရောင်မင်းသမီးက အဖြူရောင်ဇာအင်္ကျီ၊ အဖြူရောင်ငွေချည်ထိုးထိုင်မသိမ်းလုံချည်ကို ဝတ်ဆင်လို့ ဇာပဝါရှည်ကို ပခုံးပေါ်တင်ထားတယ်၊ ကျွန်ုပ်တို့ဆီကိုလိုက်လာသလိုမျိုး အိပ်မက်မြင်မက်တော်မူတယ်'



www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ရက်နှစ်ရက်ကြာရင် ဟိမဝန္တာတောင်က ပြန်ရတော့မှာပဲ၊ ငန်းပတ်တောင်မှာ ကြင်ယာတော်ကိုစောင့်ရှောက်ဖို့ အမတ်ကြီးနဲ့မှူးကြီးတို့ရှိနေတာပဲ'

'ဟုတ်ပါတယ်လေ၊ ခရီးထွက်လာကြတာ ကြာပြီဆိုတော့ သတိရပြီး အိပ်မက်မက်တာဖြစ်ပါလိမ့်မယ်'

ဂေါသဇင်မင်းသားနှင့် သမန္တရမင်းတို့သည် ဟိမဝန္တာတွင် ဘူမိယလမ်းကျင့်စခန်းကို ကျင့်ကြံအားထုတ်ပြီးနောက် ငန်းပတ်တောင်သို့ ပြန်ကြွတော်မူခဲ့ကြလေ၏။ ငန်းပတ်တောင်သည် တိတ်ဆိတ်ငြိမ်သက်နေလေ၏။ အမတ်ကြီး ကံဘောဇနှင့် မှူးကြီး စောပဏ္ဏဝတို့ကိုလည်း မတွေ့မမြင်ရ။

'နှမတော်··· နှမတော်···'

ဂေါသဇင်မင်းသားက ကြင်ယာတော်မြစိမ်းမင်းသမီးကို အသံပေးတော်မူ၏။ မြစိမ်းမင်းသမီးထံမှ ပြန်လည်အသံပြုသံကိုမကြားရ။ အမတ်ကြီးကံဘောဇနှင့် မှူးကြီးစောပဏ္ဏဝတို့က ယာယီထီးနန်းအတွင်းမှ ပြေးထွက်လာကြလေ၏။

'ဟင်··· ရှေ့ကိုယ်တော်တို့ ပြန်ကြွတော်မူလာသည်ပဲ'

'ဟဲ့··· အမတ်ကြီးနဲ့မှူးကြီးတို့ သင်တို့မျက်နှာငွေ့





က မသာမယာနဲ့ ဘာများဖြစ်နေကြသလဲ၊ ငါကိုယ်တော်သိအောင် လျှောက်တင်ကြစမ်း'

'မှန်ပါ၊ ရှေ့ကိုယ်တော်တို့ ဟိမဝန္တာတောင်သို့ ဘူမိယလမ်းကျင့်စခန်းအတွက် ထွက်တော်မူသွားပြီး မကြာခင်မှာ မြစိမ်းရောင် မင်းသမီးသည် ငှက်ဖျားရောဂါကို အပြင်းအထန်ခံစားရပါတယ်ဘုရား၊ ကျွန်တော်မျိုးတို့မှာ မြစိမ်းရောင်မင်းသမီးကို တိုက်ကျွေးရန် ဆေးဝါးကလည်းမရှိ၊ မသိဆိုတော့ သခင်မလေးဝေဒနာခံစားနေရတာကို ကြည့်နေရုံမှတစ်ပါး ဘာမှတတ်နိုင်ပါဘူးဘုရား၊ သခင်မလေးမှာ ဖျားနာသောဝေဒနာကို အလူးအလဲခံစားရင်း မေ့မျောသွားလိုက်၊ သတိပြန်ရလာလိုက်၊ ကျွန်တော်မျိုးတို့မှာ သခင်မလေးခံစားနေရတာကိုကြည့်ပြီး မချိအောင်ခံစားရပါတယ် ဖုရား'

'အင်း··· လျှောက်တင်ပါဦး အမတ်ကြီးရဲ့'

'သခင်မလေးမှာ သတိရလာသည့်အခါ မောင်တော်မောင်တော်ဆိုပြီး ရှေ့ကိုယ်တော်ကို တမ်းတမ်းတတ ခေါ်ပါသည်ဘုရား၊ အဲသလိုမြစိမ်းရောင်မင်းသမီးလေးမှာ ငှက်ဖျားရောဂါကို ပြင်းထန်စွာခံစားရင်း တစ်ခုသောညဉ့်အချိန်မှာ နတ်ရွာသို့စံသွားပါသည် ဖုရား'



www.burmeseclassic.com

www.burmeseclassic.com



'အို…'

သမန္တရမင်းသည် နှမတော်၏အဆောင်တွင်းသို့ ပြေးဝ
သွားလေ၏။ ဂေါသဇင်မင်းသားမှာမူ တရားသဘောဖြ
ဆင်ခြင်မိသူဖြစ်ရာကား အဆောင်တွင်းသို့ ဖြည်းညှင်းစွာလှမ်းကြ
တော်မူ၏။ သလွန်ပေါ်တွင် ဝိညာဉ်ကင်းမဲ့နေသော နှမတော်
မြင်တွေ့လိုက်ရသည့် သမန္တရမင်းသည် ရာဇဣန္ဒြေကိုပင် သ
မထားနိုင်ဘဲ ပြင်းထန်စွာ ငိုကြွေးခြင်းပြုလေ၏။ မင်းသမီး
အပျိုတော်နှစ်ဦးကလည်း ရုပ်အလောင်းဘေးတွင် ထိုင်ကာ ငို
ကြ၏။ ဂေါသဇင်မင်းသားသည် ကြင်ယာတော်၏ ရုပ်ကလာပ်
ကြည့်ရှုတော်မူပြီး…

'လူသားမှန်သမျှ မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်သေ
မရဏစခန်းသို့ မြန်းကြွသွားတော်မူတာပဲ၊ သေခြင်းတရား
သည် ကြီးသည်ငယ်သည် မဟုတ်၊ အချိန်ကျရင်တော့ မလွဲမ
သေကြရမှာကေန်ပဲ။ အမတ်ကြီးကံဘောဇ'

'ဖုရား… အမိန့်တော်ရှိပါ'

'ကြင်ယာတော် နတ်ရွာသို့လားသွားတာ ဘယ်နှ
ကြာမြင့်ပြီလဲ'





'မှန်ပါ၊ သည်ယနေ့နှင့်ဆိုပါလျှင် ငါးရက်မြောက်ရှိနေ
ပြီဖြစ်ပါသည် ဖုရား'

'အိန်း… ငါကိုယ်တော်နှင့် ကြင်ယာတော်တို့ရဲ့ သီလ
စင်ကြယ်မှုကြောင့် ထင်ပါရဲ့၊ ကြင်ယာတော်ရဲ့ ရုပ်ကလာပ်မှာ
အသားအရောင်ပြောင်းလဲခြင်းမရှိ၊ မျက်နှာတော်၊ ပုံပန်းသဏ္ဌာန်
ယိုယွင်းပျက်ဆီးခြင်းမရှိ၊ ပုပ်ပွနံစော်ခြင်းမရှိပါတကား၊ ငါကိုယ်
တော်အနေဖြင့် ကြင်ယာတော်၏ ရုပ်ကလာပ်ကို မြေမြှုပ်သင်္ဂြိုဟ်
ခြင်းလည်း မပြုလို၊ မီးသင်္ဂြိုဟ်ခြင်းလည်း မပြုလိုချေ'

'ဒီနေပတ်တောင်နေရာဒေသမှာ ကြင်ယာတော်ရဲ့ ရုပ်
ကလာပ်ကို ဒီအတိုင်းထားချင်ပေမယ့် ငါကိုယ်တော်ရဲ့ ဘူမိယ
လမ်းအားထုတ်မှုကို အနှောင့်အယှက်မဖြစ်စေချင်တာကြောင့်
ဘယ်နေရာမှာ ထားသင့်သလဲဆိုတာကို ငါကိုယ်တော် စဉ်းစား
ဦးမယ်'

ဂေါသဇင်မင်းသားသည် နေပတ်တောင်စေတီဘက်သို့
ကြွမြန်းသွားလေ၏။ သမန္တရမင်းသည်ကား နှမတော်မြစိမ်းရောင်
မင်းသမီးလေးအတွက် ယူကြုံးမရဖြစ်ကာ ငိုကြွေးနေလေ၏။
ဂေါသဇင်မင်းသားသည် စေတီတော်၏ရင်ပြင်တွင်ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်နေသည်မှာ နောက်တစ်နေ့ မိုးစင်စင်လင်းသည့် အချိန်အထိ ဖြစ်လေ၏။

ဂေါသဇင်မင်းသားသည် စေတီတော်၏ ရင်ပြင်မှ ယာယီထီးနန်းဘက်သို့ ပြန်လာကာ…

'အမတ်ကြီးနဲ့ မှုဆိုးကြီးတို့ သမန္တရမင်းကောကွဲ…'

သမန္တရမင်းသည် သူ၏နှမတော်အတွက် အလွန်ဝမ်းနည်း ကြေကွဲနေရှာလေ၏။ ၄င်းအား ဆွေးနွေးတိုင်ပင်ရန် စိတ်ဆန္ဒရှိသော်လည်း ၄င်း စက်တော်ခေါ်နေဆဲဖြစ်၍ မပြောလိုတော့။

'ငါကိုယ်တော် ညက စေတီတော်ရင်ပြင်တွင် တရားအားထုတ်နေစဉ်တွင် မနောအာရုံထဲ၌ ပဲခူးရိုးမတောကြီးမျက်မည်းတစ်နေရာတွင် အလွန်ကြီးမားသော ကျောက်ဂူကြီးတစ်လုံးကို မြင်တွေ့တော်မူ၏။ ထိုနေရာသည် လူသူတို့ရောက်ရန် အလွန်ခက်ခဲလှ၏။ တောကြီးမျက်မည်းထဲတွင် မျက်စိလည်လမ်းမှားသူများသည်သာ မထင်မှတ်ဘဲ ရောက်ရှိသွားနိုင်လေ၏။ ဤသည်ကား ဖြစ်တောင့်ဖြစ်ခဲဟု ငါကိုယ်တော်ယူဆတော်မူ၏'

'ငါကိုယ်တော်သည် ကြင်ယာတော်မြစိမ်းရောင်မင်းသမီး၏ ရုပ်ကလာဒ်အား ထိုကျော်ဂူကြီးအတွင်းသို့ သယ်ဆောင်





သွားပြီး ကျောက်ကလောပ်ပေါ်တွင်ထားရှိမည်ဟူသော ဆန္ဒဖြစ်ပေါ်မိပေ၏'

ဟု မိန့်တော်မူ၏။

'ယောက်ဖတော်၏အကြံအစည်ဟာ သင့်မြတ်ပါပေတယ်'

'ဟော… သမန္တရမင်း'

'မှန်ပေအယ်၊ ယောက်ဖတော်… သင်သည် သင်၏ကြင်ယာတော်အတွက် စိတ်မကောင်းဖြစ်ပြီး စေတီတော်ရဲ့ရင်ပြင်မှာ တစ်ညလုံးတရားအားထုတ်နေတာကို ရှုစားပြီး စိတ်နှလုံးမချမ်းမသာဖြစ်မိတယ်၊ ကျွန်ုပ်ကိုယ်တော်တိုင်လည်း တစ်ညလုံးမှေးစက်မပျော်ဘဲ အရုဏ်ကျော်မှ စက်တော်ပျော်သွားရတယ်'

'ကျွန်ုပ်၏အကြံအစည်ကို သင်မှလည်း သဘောတူညီသဖြင့် ကြင်ယာတော်ရဲ့ရုပ်အလောင်းကို သယ်ဆောင်သွားဖို့ ပြင်ဆင်ကြပေတော့'

ဂေါသဇင်မင်းသားသည် သမန္တရမင်းအမတ်ကြီးကဲ့သောဇနေတို့ကို နန်းပတ်တောင်တွင်ထားခဲ့ပြီး မုဆိုးကြီး စောသွဲ့ဝ၊ ရဲမက်ငါးဦး၊ အပျိုတော်နှစ်ဦးတို့ကိုခေါ်၍ ကြင်ယာတော်



www.burmeseclassic.com

www.burmeseclassic.com



၏ရုပ်အလောင်းကို သလွန်ပေါ်သို့တင်ဆောင်ပြီး ပဲခူးရိုးမ
ထဲသို့ ကြွချီတော်မူလာလေ၏။ ငါးရက်ခန့်ခရီးပြင်းနှင်လာမိ
ပဲခူးရိုးမတောကြီးအတွင်း တစ်နေရာတွင် ကျောက်ဂူကြီးတစ်
ကို တွေ့ရလေ၏။

'ငါကိုယ်တော်ရဲ့ မနောအာရုံထဲမှာ ကျောက်ဂူ
အတိုင်းပဲ၊ နတ်ကောင်းနတ်မြတ်တွေက ငါကိုယ်တော်ရဲ့ အ
အစည် အောင်မြင်အောင် ကူညီဆောင်ရွက်ပေးကြတာလို့ပဲ
ယူတယ်'

'ရှေ့ကိုယ်တော်ရဲ့ ဘုန်းကံကြောင့်လည်း ဖြစ်ပါ
ဘုရား'

ဂေါသဇင်မင်းသားသည် ကြင်ယာတော်မြစိမ်းရေ
မင်းသမီး၏အလောင်းအား ကျောက်ဂူအလယ်မှ ကျောက်က
ပေါ်တွင် တင်ထားစေ၏။ ဂေါသဇင်မင်းသား၏ စိတ်ကူ
နတ်ကောင်းနတ်မြတ်တို့က ဖန်ဆင်းပေးသည့်နှယ်ပင်။
အလောင်းတင်ရန်ကျောက်ကလာပ်က အသင့်ရှိနေ၏။ ဂေါ
မင်းသား၏ သီလစင်ကြယ်မှုက သက်သေခံနေခြင်းလည်
သည်။ ဤခရီးသို့ လိုက်ပါလာကြသော ရဲမက်များနှင့်အပျို





ဦးတို့မှာ ကျောက်ဂူထဲတွင် ငှက်ဖျားရောဂါကို အလူးအလဲ
းနေကြရလေ၏။ ဂေါသဇင်မင်းသားက တောတွင်းမှ ဆေး
ဆေးရွက်များကို ထုထောင်းကာ ၎င်းတို့အား တိုက်ကျွေးပေ
ရောဂါက မသက်သာ။ ပိုမိုဆိုးဝါးလာကြ၏။ ဂေါသဇင်
သားက ကျောက်ဂူအတွင်းမှ နံရံတွင် ထုံးကျောက်သားကို
၍ အောက်ပါတရားကို ရေးသားလေ၏။

*မ်အနတ္တ၊ နိဗ္ဗာသ*

*ဘယ် ဝိနာသန္တု*

ထို့နောက် ဂေါသဇင်မင်းသားသည် ကြင်ယာတော်မြ
းရောင် မင်းသမီး၏ အလောင်းအား ရှုစားတော်မူပြီး…

'ကျွန်ုပ်နှင့် မြစိမ်းရောင်မင်းသမီးတို့သည် တစ်ဦးနှင့်
ဦး ဖြူစင်သောမေတ္တာ ထားခဲ့ကြ၏၊ ဤသီလမှန်ပါလျှင်
နုပ်၏ ကြင်ယာတော်မြစိမ်းရောင်မင်းသမီးသည် ဤတည်
ရွှေ မပုပ်မသိုးဘဲ ထာဝစဉ် လှပနေပါစေသား၊ ကျွန်ုပ်၏
ကြင်ယာတော် ရုပ်အလောင်းအား နောင်လာနောက်သားများ



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် တွေ့ရှိခဲ့ကြသည့်ရှိသော် စိတ်ဖြင့်သင် မပြစ်မှားမိကြစေရာ'

ဟု သစ္စာဆိုလေ၏။

ဂေါ်သဇင်မင်းသားက ငှက်များရောဂါ ခံစားနေရသော ရဲမက်များနှင့် အပျိုတော်တို့အား ဆေးဝါးများ တိုက်ကျွေးနေစဉ်

'ကိုယ်တော်လေးဘုရား၊ အရှင်နှင့် စောပဏ္ဏဝတီ နန်းပတ်တောင်သို့ မြန်းကြွတော်မူကြပါတော့၊ ကျွန်တော်မျိုးတို့က တော့ သခင်မလေးအပါးမှာ ခစားရင်း နေခဲ့ပါတော့မည်ဘုရား'

ဂေါ်သဇင်မင်းသားက ၄င်းတို့ကို နန်းပတ်တောင်သို့ ခေါ်လာပြီး ဆေးဝါးကုသပေးစေလိုသဖြင့် တစ်ဦးကိုတစ်ဦး တွဲပြီး ပြန်ကြရန် စီစဉ်လေ၏။ ရဲမက်များနှင့်အပျိုတော်တို့က ငြင်းဆန်သဖြင့် ကျောက်ဂူထဲတွင် ထားခဲ့ပြီး ဂေါ်သဇင်မင်းသားနှင့်မှုဆိုးကြီး စောပဏ္ဏဝတီတို့က ပြန်လာခဲ့ရလေ၏။

♠



အခန်း(၉)

## မြစိမ်းရောင်မင်းသမီးရုပ်အလောင်း

ကျွန်ုပ်၊ တာပေါင်းနှင့် ကိုတင်ဝင်းတို့သည် သာယာဝတီမြို့နယ်၊ လှည်းလမ်းကူးကျေးရွာအုပ်စု၊ နန်းမပေါက်ရွာသားဦးစံမောင်းကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကိုလည်း ကြားသိခဲ့ရပြီ။ တောလိုက်ရင်း မျက်စိလည်လမ်းမှားပြီးရောက်သွားသော ပေါင်းတည်အရှေ့ဘက် နန်းပတ်တောင်ပေါ်မှ ရှင်ရသေ့ဦးသုမနပြောပြသော ဂေါ်သဇင်မင်းသား သမန္တရမင်း၊ မြစိမ်းရောင်မင်းသမီးတို့၏ ဘဝဇာတ်ကြောင်းကိုလည်း သိရပြီး သူ့အဖေကိုသတ်ခဲ့သည့် ကျားများကို ရှာဖွေပြီး သတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီး ကျားမနိုင် ဘကွန်းဖြစ်ခဲ့ရသည့် ကျောက်ဂူကြီးအကြောင်းကိုလည်း ပြန်လည်သတိရမိ၏။

ထို့ကြောင့် ကျွန်ုပ်တို့သုံးဦးသည် အုတ်ဖိုဆင်စခန်းမှ ဆင်ဦးစီးများ၏ အကူအညီဖြင့် ပဲခူးရိုးမတောထဲတွင် အမဲပစ်ရင်း မင်းသမီးလေးတစ်ပါး၏ မပုပ်မသိုးသေးသော အလောင်းကို ရှာဖွေနေမိကြ၏။ ကျွန်ုပ်တို့အနေဖြင့် ကံကောင်း၍လားမသိ။ ပဲခူးရိုးမတောကြီးမျက်မည်းအတွင်းတွင် ကျောက်ဂူကြီးတစ်လုံးကို တွေ့ရလေ၏။ ဂူပေါက်ဝမှာ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းခြင်း၊ ဂူအတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ ဦးစံမောင်းပြောသကဲ့သို့ ကျောက်ဂူအလယ်တွင် ကျောက်ကလာပ်ဖြင့် တင်ထားသော မြစိမ်းရောင်မင်းသမီး၏ ရုပ်အလောင်းကို မြင်ခဲ့ရ၏။ ကျောက်ဂူထဲတွင် အရိုးစုများကိုလည်းတွေ့ရ၏။ ကျောက်ဂူအတွင်းပိုင်းသို့ ဝင်သွားမည်ဟု ဟန်ပြင်စဉ် ကျောက်ဂူအတွင်းမှ

'ဟေး… ဟား… ဟား… ဟား…'

ဆိုသည့် ကြောက်စရာအသံကြီးကို ကျွန်ုပ်တို့သုံးဦးကြားရသဖြင့် ကျောက်ဂူထဲမှ အမြန်ဆုံး ထွက်ကာ ဝေးရာသို့ ပြေးခဲ့ရလေ၏။ ထိုနေရာသည် တောနက်၍ ငှက်ဖျားကြမ်းသည်။





ဝေါသဇင်မင်းသားက သူ၏ကြင်ယာတော်မြစိမ်းရောင်မင်းသမီး၏ ရုပ်အလောင်းအားတွေ့မြင်ရသူကို မနှောင့်ယှက်နိုင်အောင် ဂမ္ဘီရပညာများဖြင့် စီရင်ထားကြောင်း သိရလေ၏။

ကျွန်ုပ်သည် ကြားသိရသောအကြောင်းအရာများ၊ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို မှတ်တမ်းရေးသားထားတတ်သူဖြစ်ရာ ၎င်းအချက်အလက်များကို စုစည်းရေးသားလိုက်သည့်အခါ ပဲခူးရိုးမတောကြီးအတွင်း မပုပ်မသိုးသော မင်းသမီးရုပ်အလောင်းဆိုသည့် ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဇာတ်သမ်းကြီးအဖြစ် ထွက်ပေါ်လာရလေသတည်း။

*ပဥ္စဂုဏ် အဟံဝန္ဒာမိ သဗ္ဗဒါ*

**ဘသိုးဖြူ**

www.burmeseclassic.com